ရေကြည်တော် ဆရာတော်ဘုရားကြီး

၏

# ဝိနည်းမိုရ်လက်သုံး

ဖြန့်ချီရေး

သစ္စာမဏ္ဍိုင်စာပေ

အမှတ် ၂၊ ရွှေတိဂုံဘုရားဈေး၊ ရန်ကုန်မြို့။

ရေကြည်တော်ဆရာတော်ဘုရားကြီး

၏

# ဝိနည်းဓိုရ်လက်သုံး

သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်

တိုး - A

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၄၇၄)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၂၆၁)

ထုတ်ဝေသည့်လ — ၁၉၇၁-ခု၊ ဒီဇင်ဘာလ

ထုတ်ဝေသည့်အကြိမ် — ပထမအကြိမ်

အုပ်ရေ — ၂၀၀၀

တန်ဖိုး — ၅-ကျပ်

အဖုံးရိုက် — 'တိုး'

○ ထုတ်ဝေသူ ○

ဒေါ်မြကြည် (မြဲ-၀၁၅၂၀)
ခေတ်မှီတရားဒေသနာစာပေ
အမှတ် ၆၇၊ ပိုက်လမ်း၊ ဗဟန်း ရန်ကုန်။

○ ပုံနှိပ်သူ ○

ဒေါ်ရင်မြ (မြဲ-၀၄၀၉)
'တိုး'စာပုံနှိပ်တိုက်
အမှတ် ၂၅၃၊ ကရိလမ်း၊ ရန်ကုန်။

# မာတိကာ

***


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အဓိကရဏကို ပြဆိုခန်း** | |
| ၁။ | အဓိကရဏဝစနတ္ထ | ၃ |
| ၂။ | အဓိကရုဏ်း ၄-ပါးသရုပ် | ၄ |
| ၃။ | ဝိဝါဒါဓိကရုဏ်းဖြစ်ပုံ | ၄ |
| ၄။ | အနုဝါဒါဓိကရုဏ်းဖြစ်ပုံ ဝိပတ္တိ ၄-ပါး | ၇ |
| ၅။ | အာဇီဝဝိပတ္တိအာပတ် ၆-ပါး | ၈ |
| ၆။ | အာပတ္တာဓိကရုဏ်းကိုပြဆိုချက် | ၉ |
| ၇။ | ကိစ္စာဓိကရုဏ်းကိုပြဆိုချက် | ၁၀ |
| ၈။ | မှာထားချက် | ၁၁ |
| | **သမထကိုပြဆိုခန်း** | |
| ၉။ | သမထဝစနတ္ထ | ၁၃ |
| ၁၀။ | သမထ ၇-ပါး သရုပ် | ၁၃ |
| ၁၁။ | သမ္မုခါဝိနည်းအရ သမ္မုခတာ ၄-ပါး ပါဠိ | ၁၄ |
| ၁၂။ | သံဃသမ္မုခတာ မြန်မာပြန် | ၁၅ |
| ၁၃။ | ဓမ္မဝိနယသမ္မုခတာ ။ | ၁၅-၁၆ |
| ၁၄။ | ပုဂ္ဂလသမ္မုခတာ ။ | ၁၆ |
| ၁၅။ | ပုဂ္ဂလသမ္မုခ မဖြစ်သော်လည်း ပြုထိုက်သော ကံများ | ၁၇ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | သတိဂိနည်း၌ မှတ်ဘွယ် | ၁၈ |
| ၁၇။ | တရားဝင်သော ယေဘုယျသိက | ၁၉ |
| ၁၈။ | အဓိကရုဏ်း ၄ ပါးနှင့် သမထ ၇ ပါး ယာထရဟု သက်ဆိုင်ပုံ | ၂၀ |

**စော, စု, သံ, ဝိဇ် တို့ သက်ဆိုင်ရာအခန်း**

| | | |
|---|---|---|
| ၁၉။ | စောဒကမည်ပုံနှင့် စုဒိတကမည်ပုံ | ၂၁ |
| ၂၀။ | အဝမ္မစောဒက အဓမ္မစုဒိတက | ၂၁ |
| ၂၁။ | ဗာလစောဒက ပဏ္ဍိတစောဒက | ၂၄ |

**စောဒနာအပြားကိုပြဆိုချက်**

| | | |
|---|---|---|
| ၂၂။ | မူလစောဒနာစသည်(၃)ရပ်နှင့် ဒိဋ္ဌစသည်ဖြစ်ပုံ | ၂၄ |
| ၂၃။ | ပရိသင်္ကိတသုံးပါးဖြစ်ပုံ | ၂၅ |
| ၂၄။ | တနည်းဝိပတ္တိစောဒနာ(၄)ရပ် | ၂၇ |
| ၂၅။ | တနည်းဝတ္ထုသန္ဒဿန စသော စောဒနာ ၄-ရပ် | ၂၇ |
| ၂၆။ | အလဇ္ဇီလက္ခဏာနှင့် လဇ္ဇီလက္ခဏာ | ၂၈ |
| ၂၇။ | အလဇ္ဇီ(၃)စား၊ လဇ္ဇီ(၃)စားပြဆိုချက် | ၂၉ |
| ၂၈။ | အဂတိလိုက်စား၍ အပြစ်များပုံ | ၂၉ |
| ၂၉။ | ပုထုဇဉ်တို့ အလဇ္ဇီ လဇ္ဇီ ပြောင်းလဲမှုလျင်မြန်ပုံ | ၃၃ |
| ၃၀။ | ကောန္တိက လဇ္ဇီ အလဇ္ဇီအဖြစ်ကိုအကဲခပ်ရန် | ၃၅ |

**စော, စု, သံ, ဝိဇ်တို့၏ ကျင့်ဝတ်များ**

| | | |
|---|---|---|
| ၃၁။ | စောဒကကျင့်ဝတ်ငါးပါး | ၃၆ |
| ၃၂။ | စုဒိတကကျင့်ဝတ် ၂ ပါး | ၃၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | သံဃာ့ကျင့်ဝတ် | ၃၇ |
| ၃၄။ | ဝိနည်းဓိုရ်ကျင့်ဝတ် | ၃၈ |
| ၃၅။ | စူဠသင်္ဂါမ၌လာသော ဝိနည်းဓိုရ်ကျင့်ဝတ်များ | ၃၉ |
| | **ဝိနည်းဓမ္မကံမှုခင်းများစီရင်ဆုံးဖြတ်ပုံ** | |
| ၃၆။ | စီရင်ဆုံးဖြတ်ပုံပါဠိတော်စကားဖြင့်အခြေခံ ပြထားချက် | ၄၄ |
| ၃၇။ | “ဩကာသကမ္မံအာဒိ”အရ စောဒနာခွင့် တောင်းမှုကို မပြုထိုက်သောပုဂ္ဂိုလ် | ၄၄ |
| ၃၈။ | စောဒနာခွင့်တောင်းမှုကို ပြုထိုက်သောပုဂ္ဂိုလ် | ၄၅ |
| ၃၉။ | စောဒနာခြင်းကိုပြုရာ၌ အလိုနှလုံးသွင်းနှင့်စပ်၍ ခွင့်တောင်းသင့်မသင့်သောအရာများ | ၄၇ |
| ၄၀။ | အမှုစီရင်ဆုံးဖြတ်ပုံ အဋ္ဌကထာညွှန်ကြားချက် | ၄၈ |
| ၄၁။ | အာဒိ, မဇ္ဈ, ပရိယောသာန အရကို အဋ္ဌကထာအကျယ်ဖွင့်ဆိုချက် | ၄၉ |
| ၄၂။ | ဝိနည်းဓိုရ်ကမေးစိစစ်ပုံ | ၅၀ |
| ၄၃။ | စောဒနာနည်းတမျိုးမေးပုံ | ၅၁ |
| ၄၄။ | ကိန္တေဒိဋ္ဌံပုစ္ဆာ ၄-ပါး | ၅၁ |
| ၄၅။ | ကိန္တိတေဒိဋ္ဌံပုစ္ဆာ ၄-ပါး | ၅၃ |
| ၄၆။ | ကဒါတေဒိဋ္ဌံ ပုစ္ဆာ ၄-ပါး | ၅၄ |
| ၄၇။ | ကတ္ထတေဒိဋ္ဌံပုစ္ဆာ ၄-ပါး | ၅၅ |
| ၄၈။ | သုတစောဒနာရှင်ကိုမေးပုံ | ၅၆ |
| ၄၉။ | ပရိသင်္ကိတစောဒနာရှင်ကိုမေးပုံ | ၅၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၀။ | မေးစိစစ်ရာ၌ အရေးကြီးသောအချက် | ၅၈ |
| ၅၁။ | ပဋိညာဉ်နှစ်မျိုး | ၆၁ |
| ၅၂။ | ပဋိညာဉ်နှင့်စပ်၍ လဇ္ဇီနှင့် အလဇ္ဇီခြားနားပုံကို ပြဆိုရာ ဂါထာပါဠိအနက် | ၆၁ |
| ၅၃။ | ဝတ္တာနုသန္ဓိတေနပုဒ် စိစစ်ချက် | ၆၃ |
| ၅၄။ | လဇ္ဇီပုဂ္ဂိုလ်အား သူ၏ပဋိညာဉ်အတိုင်း ဆုံးဖြတ်ရပုံ | ၆၄ |
| ၅၅။ | အလဇ္ဇီအား စူးစမ်းဆင်ခြင်၍ ဆုံးဖြတ်ရပုံ | ၆၅ |
| ၅၆။ | ဖြစ်မှုများ၍ ပဋိညာဉ်မရှိမှု နေဝသုဒ္ဓနာ သုဒ္ဓချပုံ | ၆၆ |
| ၅၇။ | ဒေါသာပဂမ(အသုဒ္ဓ)ပဋိညာဉ်ရလျှင် ရဟန်းအသင်ဖျက်ဆီးနိုင်ပုံ | ၆၈ |
| ၅၈။ | နှုတ်ဖြင့်ဝန်မခံသော်လည်း ဝိတိက္ကမကရဏာ ပဋိညာဉ်ဖြင့် အသုဒ္ဓဆုံးဖြတ်နိုင်ပုံ | ၆၉ |
| ၅၉။ | ပရိသင်္ကိတစောဒနာ၌ ဒေါသာပဂမ ပဋိညာဉ်ဖြင့် သုဒ္ဓဆုံးဖြတ်နိုင်ပုံ | ၇၀ |

## နောက်ဆက်တွဲအထွေထွေပြဆိုခန်း

| | | |
|---|---|---|
| ၆၀။ | ပဋိညာတကရဏာနှစ်မျိုးပြားပုံ | ၇၇ |
| ၆၁။ | မဆုံးရှုံးသင့်သော စုဒိတကအား မဆုံးရှုံးစေရန် ငဲ့ညှာစောင်မရပုံ | ၇၈ |
| ၆၂။ | လဇ္ဇီပုဂ္ဂိုလ်က ဦးစားပေးရာ၌ အဂတိဂမနမဖြစ် | ၈၁ |
| ၆၃။ | အလဇ္ဇီနှင့် လဇ္ဇီခြားနားပုံ | ၈၂ |
| ၆၄။ | အလဇ္ဇီနှင့် လဇ္ဇီတမျိုး စိစစ်ပြန်သော် | ၈၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၅။ | အဒိန္နာဒါန သိက္ခာပုဒ်သိမ်မွေ့ပုံကိုပြဆိုချက် | ၈၅ |
| ၆၆။ | သာစကေဝတ္ထုဟူသည် | ၈၇ |
| ၆၇။ | ယင်းသာစကေဝတ္ထုစိစစ်ဝေဘန်ချက် | ၉၀ |
| | **ခိုးခြင်း ၂၅-ပါးကို ပြဆိုချက်** | |
| ၆၈။ | ပဉ္စကငါးပါးသရုပ်ထုတ်ပြချက် | ၉၃ |
| ၆၉။ | နာနာဘဏ္ဍပဉ္စကအဓိပ္ပါယ် | ၉၃ |
| ၇၀။ | သာဟတ္ထိကပဉ္စကအဓိပ္ပါယ် | ၉၇ |
| ၇၁။ | ပုဗ္ဗပယောဂပဉ္စကအဓိပ္ပါယ် | ၉၈ |
| ၇၂။ | ထေယျာဝဟာရပဉ္စကအဓိပ္ပါယ် | ၁၀၀ |
| ၇၃။ | မနုဿဝိဂ္ဂဟအတွက် အမြွက်မျှပြဆိုချက် | ၁၀၇ |
| | **ဝိဝါဒါဓိကရုဏ်းအတွက် သိသင့်သိထိုက်သော အချက်များ** | |
| ၇၄။ | (၁) ဝိဿာသဂ္ဂါဟဆိုင်ရာ ပါဠိထုတ်ပြချက် | ၁၀၉ |
| ၇၅။ | (၂) ပဟိဏစီဝရဒါန ထုတ်ပြချက် | ၁၁၁ |
| ၇၆။ | (၃) သုဒိန္န သုဂ္ဂဟိတ ဒုဒိန္န ဒုဂ္ဂဟိတ ထုတ်ပြချက် | ၁၁၁ |
| ၇၇။ | (၄) သမာနလာဘ ကတိကဝတ် ထုတ်ပြချက် | ၁၁၂ |
| ၇၈။ | (၅) အစ္စယဒါန နရုဟာန | ၁၁၃ |
| ၇၉။ | (၆) မတသန္တက ရသူ ယူသူ | ၁၁၄ |
| ၈၀။ | (၇) ဩဒိဿ အာစိက္ခဏာပတ္တိ | ၁၁၄ |
| | **နိဂမသီသလင်္ကာ** | ၁၁၈ |

စာမူအပ်နှင်းခြင်း

သို့

ဦးကောသလ္လ

ဆင်ကျုံးဆရာတော်

အသက် ၇၀-နှစ် အလွန် ၁-လကျော် ရောက်ရှိ၍ ကိုယ်ရောစိတ်ပါ လေးလံထိုင်းမှိုင်းလျက် အတွေးဉာဏ်နှံ့နှေးသော အရွယ်မှာ မကင်းနိုင်သောအကြောင်းကြောင့် ဝိနည်းပရိဝါပါဠိတော်နှင့် အဋ္ဌကထာစာဝါကို ချပို့သင်ပြပေးရင်း စာသင်ရဟန်းများအား ကြံစည်ကျက်မှတ်ရန် ဝိနည်းမိုရ်ဆိုင်ရာ ကောက်နုတ်ချက်များ ထုတ်ဆောင်ပေးခဲ့သည်၊ သို့သော် အချက်ကျကျသုံးနိုင်ရန် လိုလိမ့်မည်ဖြစ်သောကြောင့် တာဝန်ထမ်းဆောင်ရမည့် တပည့်ရဟန်းများနှင့်တကွ အသုံးပြုလိုသော ရဟန်းတော်များအသုံးပြုနိုင်ရန် ဝိနည်း မိုရ်ဆိုင်ရာ သိမှတ်ဘွယ်များကို စုပေါင်းစီစဉ်၍ ဝိနည်းမိုရ်လက်သုံးအမည်ဖြင့် ပြုစုထားသော ပုံးတွဲပါ ကျမ်းစာစောင်ကို ဦးကောသလ္လထံပေးပို့လိုက်ပါသည်၊ ကြည့်ရှုစိစစ်၍ ပယ်တန်တာပယ်

## စာမူအပ်နှင်းခြင်း

ဖြည့်တန်တာဖြည့်၊ ပြင်တန်တာပြင်၍ အသုံးပြုလိုဖြစ်လျှင် အလိုရှိတိုင်းအသုံးပြုရန် ဖြစ်ပါသည်၊ အဖြတ်အတောက်၊ အစိတ်အကြဲ စသည့်ပြင်စရာများစွာပါရှိသေး၏၊ ကြည့်ရှုပြင်ဆင်လျက် သင့်လျော်သလိုအသုံးပြုရန်ဦးကောသလ္လအား အပ်နှင်းလိုက်ပါသည်။

ဦးသောဘန
ရေကြည်တော်တောရ
ရွှေညောင်ဖူးရွာ
ပျော်ဘွယ်မြို့
၁၃၄၁-ခု၊ ဝါဆိုလ။

# အမှာစကား

✣❁❁❁✣

ဤ ဝိနည်းဓိုရ်လက်သုံးကျမ်းကို ပြုစုတော်မူသော ဆရာတော်ဘုရားကြီး ကား မန္တလေးတိုင်း၊ ပျော်ဘွယ်မြို့၊ ရွှေညောင်ဖူးရွာ ရေကြည်တော်တောရဆရာတော်ဘုရားကြီးပင် ဖြစ်သည်၊ ဆရာတော်ဘုရားကြီးသည် ယင်း ရေကြည်တော်တောရ်နှင့် ရမည်းသင်းမြို့၊ ဆင်ကျုံးကျောင်းတိုက်ကြီး၌ အလှည့်အလည် သီတင်းသုံးလျက် စာပေပို့ချခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်းဟူသော ဓုရ နှစ်ပါးနှင့်သာ မွေ့လျော်တော်မူလေ့ရှိပါသည်။

ရေကြည်တော် ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်ဘုရားကြီးဦးကြည်၊ ဆရာတော် ဦးပဏ္ဍဝတို့နှင့် ချောင်းဦး ကျီကုန်းကျောင်းသစ်ဆရာတော်ဘုရားကြီးတို့၏ တပည့်ဖြစ်သည်နှင့်အညီ စာပေချပို့ခြင်း၊ စာပေလေ့လာ ကြည့်ရှုခြင်းတို့၌ အထူးဝါသနာထုံတော်မူသည်၊ ယခု အသက်အရွယ် ရှစ်ဆယ်နီးနေသော်လည်း စာပေပို့ချဆဲပင်ရှိသေးသည်၊ ဂျပန်ခေတ် စစ်အတွင်း ဗုံး

များ ကြဲချနေစဉ်အတွင်းမှာပင် ဗုံးခိုကျင်း အနီး၌ တဲထိုး၍ စာချခဲ့သဖြင့် ဆရာတော် ဘုရားကြီး၏ စာပေပို့ချမှု ဇွဲလုံ့လ ဝီရိယတော် ကို ကြည်ညိုကြရပါသည်။

ဤ ဝိနည်းမိုရ်လက်သုံးကျမ်းစာမှာ— အထူးတလည်ကြောင့်ကြတစိုက် ရေးသားခြင်း မဟုတ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဌာနမှ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက် လျှောက်ထား လျက် အမြို့မြို့အနယ်နယ်တွင် သမ္မုတိရသံဃာ့ ကိုယ်စားလှယ်များ ရွေးချယ်၍ သံဃာ့ ကိုယ် စားလှယ် တထောင့်နှစ်ရာကျော်တို့ ပဉ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ရန် ကုန်မြို့ ကမ္ဘာအေးကုန်းမြေတွင် ၁၃၄၂-ခုနှစ်၊ နယုန်လအတွင်းက ကျင်းပခဲ့ပြီးနောက် ဆရာ တော်ဘုရားကြီး၏ တပည့်များက ဝိနည်းမိုရ် ဆိုင်ရာ ဗဟုသုတအဖြာဖြာတို့ကို ဆရာတော် ဘုရားကြီးအထံမှ ကြားနာကြကုန်၏။

ဆရာတော်ဘုရားကြီးသည် ထိုစဉ်အခါ က ဝိနည်းမိုရ်သင်တန်းကိစ္စများ မပေါ်ပေါက် သေးသည့်တိုင်အောင် တပည့်များအား သင် တန်းပေးသည့်ပမာ ရောက်လာသောတပည့်တို့ အား ဝိနည်းမိုရ်တို့ဆောင်စရာ၊ မှတ်စရာအဖြာ တို့း — င

ဖြာတို့ကို ဟောကြားတော်မူခဲ့ပေ၏၊ ထိုဟော ကြားတော်မူချက်တို့မှာ လွန်စွာနက်နဲ၍ အမြဲ မှတ်သားထားစရာ ကောင်းလှသဖြင့် တပည့် အများ ရေးသားမှတ်ယူထားကြပြီး နောက် သင်း အချက်အလက် ပါဋ္ဌ်နက်ဓိပ္ပါယ် အသွယ် သွယ်တို့တို့ အလွယ်တကူ မှတ်ယူနိုင်ကြရန် စာ အုပ်ငယ်တအုပ်ပြုလုပ်ထားရလျှင် ကောင်းမည် ဟု သဘောရကြပြီး စာမူတခုပြုစုလျက် ဆရာ တော်ဘုရားကြီးထံ အခွင့်ပန်ကြပါသည်၊ ထို အခါ ဆရာတော်ဘုရားကြီးက ယင်းစာမူကို ကိုယ်တော်တိုင်ပြန်လည်ကြည့်ရှုမူချောပြုလျက် ဤအမှာရေးသူထံသို့ ပူးတွဲပါစာဖြင့် အပ်နှံ ချီးမြှောက်လိုက်ပါသည်။

ထို့ကြောင့် ဤအမှာရေးသူသည် ဆရာ တော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို အဖန်ဖန် ဆင်ခြင်လျက် ဤစာမူကိုအမြန်စာအုပ်အဖြစ်သို့ ရောက်အောင် (သစ္စာမဏ္ဍိုင်စာပေ-ကိုညွန့်ဝေ) သို့ တဆင့်လွှဲအပ်လိုက်ခြင်းဖြင့် ဤ ဝိနည်းဓိုရ် လက်သုံးဟူသော စာအုပ်ငယ်တအုပ်ဖြစ်ပေါ်၍ လာရပေသည်၊ ဤစာအုပ်ကို ကြည့်ရှုသုံးသပ် လျက် သာသနာတော်၌ ပေါ်ပေါက်လာကြ သည့် ဝိနိစ္ဆယရေးရာတို့၌ ကောင်းမွန်စွာအသုံး

# အမှာစကား

ချနိုင်ကြမည် ဆိုပါလျှင် ဤစာအုပ်ဖြစ်မြောက်အောင် ကြိုးပမ်းအားထုတ်ရကျိုးနပ်သည်ဟု ယူဆပါကြောင်း ရေးသားလိုပါသည်။

ဦးကောသလ္လ
နိုင်ငံတော်သံဃမဟာနာယက
ဆင်ကျုံးကျောင်းတိုက်
ရမည်းသင်းမြို့။

အခန်း--၄၃၊
ဇမ္ဗူဒီပကျောင်းဆောင်
ကမ္ဘာအေးကုန်းမြေ
၁၃၄၃-ခု၊ နယုန်လဆန်း ၈-ရက်၊
၁၁-၆-၈၁ နေ့စွဲ၊

# နိဒါန်း

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွား ရေးတို့တွင် သာသနာတော်သန့်ရှင်းစင်ကြယ်ရန် သုတ်သင်ရမည့်အချက်များကို ဆင်ခြင်စဉ်းစား ကြည့်ရာ အောက်ပါအချက် သုံးချက်ကို တွေ့မြင်ရပေ၏။

၁။ သာသနာ့အရေခြုံ ရဟန်းရှင် အတုအယောင်များ၊ ဓမ္မပဋိရူပကဟူသော အတုအယောင်များနှင့် ဂိုဏ်းရောင်စုံဝါဒနှင့် ဗုဒ္ဓဝါဒကို ရောမွှေထားသည့် သာသနာ့မျက်နှာဖုံးတပ်ထားသော နာနာဝါဒ အညစ်အကြေး။

၂။ မြတ်စွာဘုရား ခွင့်ပြုထားသည့် ပစ္စည်းလေးပါး (အနုညာတနှင့်လောမအားဖြင့် အမျိုးမျိုးသော အသုံးအဆောင်ပစ္စည်း) ဟူသော ဘုရားအမွေခံ ဘုရားသားတော်များသန္တာန်၌ ငြိစွန်းတတ်သော အာဏာဝီတိက္ကမ သင်္ဂမောက္ခအန္တရာယိကဟူသော အညစ်အကြေး။

# နိဒါန်း

၃။ သာသနာလောကဝယ် အတ္တပစ္စတ္တိက သာသနပစ္စတ္တိကတို့သန္တာန်၌ အဓိကရုဏ်း အရှုပ်အထွေးပြဿနာ ဟူသော အညစ် အကြေး။

ယင်းအညစ်အကြေး အပြစ်ဘေးသုံးရပ်တို့တွင် ၁-အမှတ် အညစ်အကြေးကို အစိုးရအာဏာစက်အကူအညီရသော ဓမ္မစက်ဖြင့်သုတ်သင်ရှင်းလင်းနိုင်ပေရာ၏။

၂-အမှတ်အညစ်အကြေးကိုသဒ္ဓိဝိဟာရိက အန္တေဝါသိက စသော လဇ္ဇီလက္ခဏာသို့ သက်ဝင်အောင် မိမိကိုယ်တိုင် အပါယိကဒုက္ခ စသော သံသရာဘေးကိုမြှော်တွေးကာ သံဝရတရားဖြင့် ကုစား၍ သုတ်သင်ရှင်းလင်းရပေလိမ့်မည်။

၃-အမှတ် အညစ်အကြေးကိုမူကား အချင်းချင်းဖြစ်ပွားကြသော ငြင်းခုံဘက်အဓိကရုဏ်းရှင် အမှုသည်တို့အချင်းချင်း ပြေငြိမ်းအောင် သုတ်သင်ရှင်းလင်းရန် မစွမ်းနိုင်ကြပါ။

သို့ဖြစ်လျှင် ၎င်းကိုပြေငြိမ်းအောင် သုတ်သင်ရှင်းလင်းဆုံးဖြတ်နိုင်သူကို ရှာရပါလိမ့်မည်။

ရှာပုံကား....

ယော ဟိ ဘိက္ခု စတုဗ္ဗိဓဝိနယကောဝိဒေါ တိလက္ခဏ သမ္ပန္နော၊ ဉာမာနိ ဆဌာနာနိ

# နိဒါန်း

သြလောကေကတွာ အဓိကရဏံ ဥပသမေဿတိ၊ တဿ ဝိနိစ္ဆယော အပ္ပဋိဝတ္တိယော။ ဗုဒ္ဓေန သမံ နိသီဒိတွာ ဝိနိစ္ဆိတသဒိသော ဟောတိ။ ဟု ပါရာဇိကကဏ် အဋ္ဌကထာ

ပထမပါရာဇိကအဖွင့်၌ ပြဆိုအပ်သော စွမ်းရည်ရှိသည့် ဓမ္မဝိနိစ္ဆက အနုဝိဇ္ဇကာ ဝိနယဓရပုဂ္ဂိုလ်ကို ရှာရပါလိမ့်မည်၊ ယင်းသို့သောပုဂ္ဂိုလ်ကို ပရိဝါ ပါဠိတော်၌ အရှင်ဥပါလိထေရ်မြတ်က မြတ်စွာဘုရားကိုယ်တော်စား ပြု၍ "သင်္ဂါမာဝစရ" ဟူသောဘွဲ့ထူးဖြင့် ချီးကျူးထားပေ၏။

သင်္ဂါမာဝစရ ဟူရာ၌....

သင်္ဂါမ၊ စစ်မြေပြင်၌။ အဝစရ၊ ကျက်စားသော ဆင်ပြောင်ကြီး ဟု အနက်ထွက်သည်၊ ဤအရာ၌မူကား သင်္ဂါမဟူသည်အဓိကရဏ်းကို ဆုံးဖြတ်ခြင်းငှာရောက်လာသော သံဃာ စည်းဝေးရာ (သုဓမ္မသဘင်ကဲ့သို့သော) နေရာကို ( စစ် မြေ ပြင် ဟု တင် စား သော အားဖြင့် ) "သင်္ဂါမ" ဟု ခေါ်သည်။

စစ်မြေပြင်၌ကျက်စားသောဆင်ပြောင်ကြီးသည် တဖက်ရန်ကို နှိပ် နင်း ဖျက် ဆီး နိုင်သော စွမ်းရည်သတ္တိရှိသကဲ့သို့ အကြင်ဓမ္မဝိနိစ္ဆက အနု

ဝိဇ္ဇာကဝိနယဓရ ပုဂ္ဂိုလ်သည် သင်္ဂါမခေါ်သော သံဃာ့စည်းဝေးရာ၌ အတ္တပစ္စတ္ထိက သာသန ပစ္စတ္ထိက ဟူသော အာခမ္မဝါဒီတို့၏ အယူဝါဒ ကို သကဝါဒဟူသော ထေရဝါဒဖြင့်နှိပ်နင်း၍ ယင်းသကဝါဒကို ထင်စွာပြခြင်းငှာ သက်ဝင် ကျက်စား၍ အဆုံးအဖြတ်ကို ဖြစ်စေတတ်၏၊ ထိုသို့သော ဓမ္မဝိနိစ္ဆက အနုဝိဇ္ဇက ဝိနယဓရ ပုဂ္ဂိုလ်သည် သင်္ဂါမာဝစရ မည်၏ ဟုလိုသည်။

ယင်းသို့သော ဓမ္မဝိနိစ္ဆက အနုဝိဇ္ဇက ဝိနယ ဓရပုဂ္ဂိုလ်တို့သည်သာလျှင် ပြဆိုအပ်သော ၃— အမှတ် သာသနာ့အညစ်အကြေး အပြစ်ဘေးကို ရှင်းလင်း သုတ်သင်နိုင်မည် ဖြစ်သောကြောင့်— **ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ စီရင်ဆုံး** ဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေ အရ မြို့နယ်တိုင်း၌ သံဃာ့ဦးရေအလိုက် အများး သံဃာ့ထု၏ ဆန္ဒဖြင့် ဝိနယဓရသမ္မုတိ တင် မြှောက်ထားရာတွင်....

ဓမ္မဝိနယ သတ္ထုသာသန ကျနမှန်ကန်စွာ ဖြေရှင်းဆုံးဖြတ်ရမည့် ဝိနည်းမိုရ်ကိစ္စ တာ ဝန်သည် ကြီးလေးသောသာသနာ့တာဝန် တို့တွင် ထိပ်တန်းကပါဝင်သည်ဟု ဆိုရပေ လိမ့်မည်။

# နိဒါန်း

ယင်းသို့ ကြီးလေးသော တာဝန် ဦး ထိပ်ပေါ်သို့ ရောက်နေသည့် အချို့သော ရဟန်းတော်များသည် မိမိတို့ထမ်းဆောင်ရမည့် အဓိကရုဏ်းမှုခင်းဆိုင်ရာ စီရင်ဆုံးဖြတ်ပုံ သိဘွယ်၊ မှတ်ဘွယ် အရပ်ရပ်ကို သိရှိကျွမ်းကျင်ရန် မိုဃ်းမြွမ်းပြုစရာ လက်သုံးတခုလိုနေကြောင်းကို မျက်ဝါး ထင်ထင်တွေ့မြင်ရပေသည်။

ထို့ကြောင့် ဝိနည်းဓိုရ်ရဟန်းတော်တို့ လက်သုံးတောင်ဝှေး(ထောက်မေး)သဘွယ် အလွယ်တကူ မှတ်ယူအသုံးပြုနိုင်ရန် ရည်သန်မှတ်သားနှလုံးထား၍ စွမ်းနိုင်သမျှ ဝိနည်းကျမ်းစာများမှ ထုတ်နုတ်ပြီးလျှင် "ဝိနည်းဓိုရ်လက်သုံး" အမည်ရှိသော ကျမ်းစာငယ်ကို ရေးသားပြုစုအပ်ပါသတည်း။

ရေကြည်တော် ဆရာတော်

၁၃၄၂-ခုနှစ်၊ နတ်တော်လ၊

# ရတနတ္တယ ပဏာမ

ဝိနည်းမိုရ်လက်သုံးကျမ်းစာကို ရေးသားစီရင်အံ့သော အကျွန်ုပ်သည် လူ-နတ်-တိရစ္ဆာန် သုံးတန် ယော ကျား ရှင်းသူများကို သုံးပါးသရဏဂုံ ငါးစုံသီလ တည်စေမှလျှင် ဖြူဆွတရားတည်ပြီးငြားလည်းထက်ဖျားစျာန်မဂ် မိုလ်သို့တက် အောင် တုဘက်ကင်းပ ဆုံးမတတ်စွာ ဉာဏ်ခြင်းရာကြောင့်— "အနုတ္တရောပူရိသ ဒမ္မသာရထိ" ဟူသောဂုဏ်တော်အားဖြင့် ထင်ရှားနှံ့ကျော် ပူဇော်ထိုက်သော မြတ်စွာဘုရားကို လည်း ကောင်း၊ ဝိနယပိဋကလျှင် အခြေခံဖြစ်သော ပရိယတ္တိအဝင်အ ပါ ဆယ်ဖြာသောတရားတော်ကိုလည်းကောင်း၊ အရှင်စုပါလိ မှထေရ်မြတ်သည် မြတ်စွာဘုရား ထံတော်ပါးမှ သင်ကြားကာ လျှင်ရှေးသွားလမ်းပြ ပဓါနပြု၍ဆောင်ယူမှတ်သားအပ်သော ဝိ နည်းသိက္ခာကျင့်ဘွယ်ရာဟူသမျှကို မညှာသက်ပြတ် ကျင့်သုံး တတ်သော ပရမတ္တအရိယာ ကလျာဏလဇ္ဇီသမ္မုတိ သံဃာ တော်အပေါင်းကိုလည်းကောင်း ရှိသေမြတ်နိုး ရှိခိုးပါ၏။

# ရတနတ္တယ ပဏာမ

ယင်းသို့ ရှိသေမြတ်နိုးရှိခိုးပြီး၍ အနုဇ္ဇဝိကခေါ်တွင် ဝိနည်းမိုရ်အရှင်တို့ ''မယိမ်းယိုင်အောင် ထောက်ကိုင်သွားလာ ဘေးကြုံလာသော် ကာကွယ်ပေးနိုင် လက်ကိုင်တောင်ဝှေး (ထောက်မှေး)သဖွယ် အလွယ်တကူ မှတ်ယူရှင်ပြုံး လက်သုံးပြုနိုင်ရန် ရည်သန်ကာလျှင် ''ဝိနည်းမိုရ်လက်သုံး'' အမည်ရှိသော ကျမ်းစာတစောင်ကို စွမ်းနိုင်သမျှ ရေးသားပြုပြင် စီရင်ပေအံ့။

※※※※※

# ဝိနည်းဝိုရ်လက်သုံး

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

✲✲✲

## အဓိကရုဏ်း(၄)ပါးကို ပြဆိုချက်

၁။ အဓိကရဏာဝစနတ္တာ-သမနတ္ထာယပဝတ္တမာနေဟိ
သမထေဟိ အဓိကာတဗ္ဗာနီတိ အဓိကရဏာနိ
(သာရတ္ထ ဋီ နှ၄ ဒေါသသိက္ခာပုဒ်-နှာ-၄၇။)

ယာနိ အကြောင်ငြင်းခုံခြင်း စသည်အပြားလေးပါး တို့ကို၊ သမနတ္ထာယ ငြိမ်းစေခြင်းငှာ၊ ပဝတ္တမာနေဟိ ဖြစ်ကုန်သော သမထေဟိ သမထတို့သည်၊ ဝါ တို့ဖြင့်၊ အဓိ-စွဲ၍၊ ကာတဗ္ဗာနိ ပြုအပ်ကုန်၏၊ ဣတိ ထို့ကြောင့်၊ အဓိကရ ဏာနိ-အဓိကရဏ၊ အဓိကရုဏ် တို့မည်ကုန်၏။

ပိဏ္ဍတ္ထကား၊ သမထ(၇)ပါးတို့သည်၊ ဝါ တို့ဖြင့်၊ (ယထာရဟအားဖြင့်) ငြိမ်းစေအပ်သောကြောင့်၊ ဝိဝါဒ အာ နုဝါဒ အာပတ္တိကိစ္စ ဤလေးပါးတို့သည် အဓိကရဏ အဓိက ရုဏ်းတို့မည်၏ဟူလို။

၂။ စတ္တာရိမာနိဘိက္ခဝေ အဓိကရဏာနိ စသော စူဠဝဂ္ဂ ပါဠိသမထက္ခန္ဓက(စာမျက်နှာ-၁၇၇ ဇမ္ဗူမိတ်ဆွေ)အရ။

အဓိကရုဏ်း(၄)ပါး

၁။ ဝိဝါဒါဓိကရဏ ငြင်းခုံခြင်းဟူသောသမထတို့သည် စွဲ၍ငြိမ်းအပ်သောအမှု။

၂။ အနုဝါဒါဓိကရဏ စွပ်စွဲခြင်းဟူသော သမထတို့သည် စွဲ၍ငြိမ်းအပ်သောအမှု။

၃။ အာပတ္တာဓိကရဏ အာပတ်-၇-ပုံ ဟူသောသမထ တို့ သည် စွဲ၍ငြိမ်းအပ်သောအမှု။

၄။ ကိစ္စာဓိကရဏ ကိစ္စ(ကံ)လေးပါးဟူသော သမထ တို့သည်စွဲ၍ငြိမ်းအပ်သောအမှု။

(စွဲ၍ငြိမ်းအပ်ဟူသောစကားနှင့် ငြိမ်းစေအပ်ဟူသောစကား အတူတူ ဟူ၍ မှတ်)

၃။ ထို(၄)ပါးတို့တွင် ဝိဝါဒါဓိကရုဏ်း-ငြင်းခုံပုံဝါ — ဝိဝါဒါဓိကရုဏ်း၏မူရာ(၁၈)ပါးကို တတ္ထကတမံဝိဝါဒါဓိက ရဏံ စသည်ဖြင့် ယင်းပါဠိတော်၌ ဟောကြားပေ၏။

ဝိဝါဒဝတ္ထု(၁၈)ပါး သရုပ်ကား

၁။ မဓမ္မာတိဝါ(ဝိဝဒန္တိ)တရားဟူ၍လည်းငြင်းခုံကုန်၏။

၂။ အဓမ္မာတိဝါ (ဝိဝဒန္တိ) တရား မ ဟုတ် ဟူ ၍လည်း ငြင်းခုံကုန်၏။

၃။ ဝိနယောတိ ( ။ )ဝိနည်း ဟူ၍လည်း ငြင်းခုံကုန်၏။

၄။ အဝိနယောတိ ( ။ )ဝိနည်း မဟုတ် ဟူ၍လည်း ငြင်းခုံကုန်၏။

၅။ ဘာသိတံလပိတံ ( ။ )မြတ်စွာ ဘုရားသည် ဆိုအပ်၏ ရွတ်အပ်၏။

တထာဂတေနာတိ ( ။ )ဟူ၍လည်းငြင်းခုံကုန်၏။

၆။ အဘာသိအလပိ ( ။ )မြတ်စွာဘုရားသည်မဆိုအပ်

တံတထာဂတေနာတိ ( ။ )မရွတ်အပ်(ပေ) ကုန်၏။

၇။ အာစိဏ္ဏံဘထာ ( ။ )မြတ်စွာ ဘုရားသည် လေ့ ဂတေနာတိ ကျက်အပ်၏ ဟူ၍လည်း (ပေ)ကုန်၏။

၈။ အနာစိဏ္ဏံတထာဂတေနာတိ ( ။ )မြတ်စွာ ဘုရား သည် မလေ့ကျက်အပ်သည်ဟူ၍လည်း(ပေ) ကုန်၏။

၉။ ပညတ္တံတထာဂတေနာတိ ( ။ )မြတ်စွာဘုရားသည် ပညတ်တော် မူအပ်၏ဟူ၍လည်း(ပေ)ကုန်၏။

၁၀။ အပညတ္တံတထာဂတေနာတိ ( ။ ) မြတ်စွာ ဘုရားသည် ပညတ်တော် မမူအပ်၏ဟူ၍လည်း(ပေ) ကုန်၏။

၁၁။ အာပတ္တိဝါ (  ။  ) အာပတ်သင့်၏ဟူ၍လည်း (ပေ)ကုန်၏။

၁၂။ အနာပတ္တိဝါ(  ။  ) အာပတ်မသင့် ဟူ၍လည်း (ပေ)ကုန်၏။

၁၃။ (၁) လဟုကာပတ္တိဝါ(  ။  )လဟုက အာပတ် (ပေ)ကုန်၏။

၁၄။ (၂) ဂရုကာ ပတ္တိဝါ(  ။  ) ဂရုကာ အာပတ် (ပေ)ကုန်၏။

၁၅။ (၃) သာဝသေသာပတ္တိတိဝါ(  ။  ) အကြွင်းရှိ သော အာပတ် (ပေ)ကုန် ၏။

၁၆။ (၄) အနဝသေသာပတ္တိတိဂါ (  ။  ) အကြွင်း မရှိသော အာပတ် (ပေ) ကုန်၏။

၁၇။ (၅) ဒုဋ္ဌုလ္လာပတ္တိတိဝါ (  ။  ) ရှုန့်ရင်းသော အာပတ်ဟူ၍လည်း (ပေ) ကုန်၏။

၁၈။ (၆) အဒုဋ္ဌုလ္လာပတ္တိတိဝါ (  ။  ) မရှုန့်ရင်း သော အာပတ် ဟူ၍လည်း ငြင်းခုံကြကုန်၏။

၁။ လဟု — ထုလ္လစ္စည်း စသော အာပတ် (၅)ဖုံပေါ့ သော အာပတ်။

၂။ ဂရုက —သံဃာဒိသေသ် ပါရာဇိက ကြီးသော အာပတ်။

၃။ သာဝသေသ—ရဟန်းသီလအကြွင်းရှိသော သံဃာဒိသေသ် စသော အာပတ်(၆)ပုံ။

၄။ အနဝသေသ—ရဟန်း၊ သီလ အကြွင်း မရှိသော ပါရာဇိကအာပတ်။

၅။ ဒုဋ္ဌုလ္လ —ပါရာဇိကသံဃာဒိသေသ် အာပတ်များ။

၆။ အဒုဋ္ဌုလ္လ —ထုလ္လစ္စည်းစသည့် အာပတ်(၅)ပုံ။ ဤကား ဝိဝါဒါဓိကရုဏ်း ဖြစ်ပုံကိုပြဆိုခြင်းတည်း။

၄။ အနုဝါဒါဓိကရုဏ်းဖြစ်ပုံ ဝါ· ယင်းအဓိကရုဏ်း၏ မ္ဗိရာ— ဝိပတ္တိ·၄·(၆)ပါး။

တတ္တကတမံ အနုဝါဒါဓိကရဏံ· စသော စူဠဝဂ္ဂပါဠိတော် စကားအရ—

၁။ သီလဝိပတ္တိယာဝါ အနုဝဒန္တိ·သီလ ပျက်စီးခြင်းဖြင့်လည်း စွပ်စွဲကုန်၏။

၂။ အာစာရဝိပတ္တိယာဝါ( ။ )အကျင့်ပျက်စီးခြင်းဖြင့်လည်း(ပေ)

၃။ ဒိဋ္ဌိဝိပတ္တိယာဝါ ( ။ )အယူ ပျက်စီးခြင်းဖြင့်လည်း(ပေ)

၄။ အာဇီဝဝိပတ္တိဝါ(  ။  )အာဇီဝပျက်စီးခြင်းဖြင့်လည်း စွပ်စွဲကုန်၏။

၁။ ပါရာဇိက(၄)ပါး၊ သံဃာဒိသေသ်(၁၃)ပါးတို့တွင် တပါးပါးသော သီလပျက်စီးခြင်း။

၂။ ထုလ္လစ္စည်းပါစိတ် ပါဋိဒေသနီဒုက္ကဋ် နုဗ္ဘာသီတို့တွင် တပါးပါးသော အကျင့်ပျက်စီးခြင်း။

၃။ မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိကဒိဋ္ဌိ ဟူသော မှန်သောအယူပျက်စီးခြင်း။

၄။ အသက်မွေးမှုပျက်စီးခြင်းဟူသော မိစ္ဆာဇီဝ(၆)ပါး ကုဟန စသည်များ။

## ၅။ ရဟန်းတို့၏ အသက်မွေးမှု ပျက်စီးခြင်းကြောင့် သင့်သောအာပတ်(၆)ပါး။

၁။ အသက်မွေးမှု တည်းဟူသော အကြောင်းကြောင့် ဈာန်မဂ်ဖိုလ် တရားကို မရဘဲ မသိဘဲလျက်ရ၏။ သိ၏ဟု ဝါကြွားပလွှား၍ ပြောဆိုသောကြောင့် သင့်သော ပါရာဇိက အာပတ်။

၂။ အသက်မွေးမှု တည်းဟူသော အကြောင်းကြောင့် အောင်တမန် သည်တို့၏ အမှုဖြင့် သင့်သော သံဃာ ဒိသေသ်အာပတ်။

၃။ အသက်မွေးမှု တည်းဟူသော အကြောင်းကြောင့် သင့်ကျောင်း၌ နေသော ရဟန်းသည် ရဟန္တာတည်းဟု သွယ်ဝိုက် ပြောဆိုသဖြင့် သင့်သော ထုလ္လစ္စည်းအာပတ်။

၄။ အသက်မွေးမှု တည်းဟူသော အကြောင်းကြောင့် မွန်မြတ်သော ဘောဇဉ်တို့ကို မနာမဖျားပဲ မိမိအလို့ငှာ တောင်း၍စားသဖြင့် ရဟန်း ယောကျ်ားအား သင့်သော ပါစိတ်အာပတ်။

၅။ အသက်မွေးမှုတည်းဟူသော အကြောင်းကြောင့် မွန်မြတ်သော ဘောဇဉ်ကို မနာမဖျားဘဲ မိမိအလို့ငှာ တောင်း၍စားသဖြင့် ရဟန်း၊ မိန်းမအား သင့်သော ပါဋိဒေသနီ အာပတ်။

၆။ အသက်မွေးမှု တည်းဟူသော အကြောင်းကြောင့် သာမန်ဟင်းကိုဖြစ်စေ ဆွမ်းကိုဖြစ်စေ မနာမဖျားဘဲ မိမိအလို့ငှာ တောင်း၍ စားသဖြင့် သင့်သော ဒုက္ကဋ် အာပတ်။

(ဝိ၊ ၅။ ၁၇၀)

ဤကား အနုဝါဒါဓိကရုဏ်း ဖြစ်ပုံကို ပြဆိုခြင်းတည်း။

## ၆။ အာပတ္တာ ဓိကရုဏ်းကို ပြဆိုချက်

တတ္ထကတမံ အာပတ္တာဓိကရန် ပဉ္စပိအာပတ္တိက္ခန္ဓာ အာပတ္တာဓိကရဏံ သတ္တပိအာပတ္တိက္ခာ အာပတ္တာဓိ

ကရဏံ ကုဒ္ဒံ ဝုစ္စတိ အာပတ္တာဒိ ကရဏံ=

ဟူသော စူဠဝဂ္ဂ ပါဠိတော်အရ–

အာပတ္တာဓိကရဏ်း အာပတ်(၇)မျိုးကား

၁။ ပါရာဇိက အာပတ်- ရဟန်းအဖြစ် ရှုံးစေနိုင်သော အဖြစ်။

၂။ သံဃာဒိသေသ်အာပတ်- အလယ်အဆုံး (၃) လုံး၌ သံဃာကို အလိုရှိအပ်သော အဖြစ်။

၃။ ထုလ္လစ္စည်းအာပတ်- ကျန်အာပတ် (၅)ဖုံ တို့တွင် အရှန့်ရင့်ဆုံးသော အဖြစ်။

၄။ ပါစိတ် အာပတ်- ကုသိုလ်စိတ်ကို ကျဆုံးစေတတ်သောအဖြစ်။

၅။ ပါဋိဒေသနီအာပတ်-ဂါရဃ့် အာဝုသော- စသည်ဖြင့် သီးခြားဒေသနာ ကြားအပ်သော အဖြစ်။

၆။ ဒုက္ကဋ်အာပတ်- မကောင်းသော ကိုယ်နှုတ်အမူအရာ ကြောင့် သင့်သောအဖြစ်။

၇။ ဒုဗ္ဘာသီအာပတ်- မကောင်းသော နှုတ် အမူအရာ ကြောင့် သင့်သောအဖြစ်။

ဤကား အာပတ္တာဓိကရဏ်းကို ပြဆိုချက်တည်း

## ၇။ ကိစ္စာဓိကရဏ်းကိုပြဆိုချက်

တတ္ထကတမံ ကိစ္စာဓိကရဏံ ယာသံဃဿကိစ္စတာကရဏီယ

တာ အပလောက နကမ္မံ ဥတ္တိကမ္မံ ဥတ္တိဒုတိယကမ္မံ ဥတ္တိစတုတ္တကမ္မံ ကုဒိ ဝုစ္စတိ။

ကိစ္စာဓိကရဏံ=ဟူသောစူဠဝဂ္ဂ ပါဠိတော်အရ—

ကိစ္စာဓိကရဏ်း သံဃာ အမှုကိစ္စ(၄)မျိုး

၁။ အပလောကနကံ- ညီညွတ်သော သံဃာ၏အလိုအားဖြင့် ဆိုင်ရာ အကြောင်းကို ထုတ်ဖော်၍ "သံဃာတော်အား နှစ်သက်ပါ၏လော"ဟု (၃)ကြိမ် ပန်ကြားပြုအပ်သောအမှု။

၂။ ဒုတ္တိကံ-ကမ္မဝါစာ စာမဖတ်ဘဲခုတ်တကြိမ် ဖြင့်သာပြုအပ်သောအမှု။

၃။ ဒုတ္တိဒုတိယကံ-ခုတ်တကြိမ် ကမ္မဝါစာ တကြိမ်ဖြင့် ပြုလုပ်သောအမှု။

၄။ ဥတ္တိစတုတ္တကံ—ခုတ်တကြိမ် ကမ္မဝါစာ (၃)ကြိမ် တို့ဖြင့်ပြုလုပ်သောအမှု။

ဤကား ကိစ္စာဓိကရဏ်းကို ပြဆိုချက်တည်း။

ဂ။ မှာထားချက်—ဤအဓိကရဏ်း(၄)ပါးကိုပြဆိုရာဝယ် လေးနက်သေ ယုံကြည်ချက် သက်ဝင်စေရန်၊ ပါဠိတော်စကားများကို ထုတ်ဆောင်၍ ပြဆိုထားပေသည်။ သို့ပါသော်လည်း စာသွား ကျဉ်းနိုင်သမျှ ကျဉ်းစေရန် ရှည်လျားသောပါဠိများကို အကုန်မထုတ်ဘဲ သရုပ်နှင့် အဓိပ္ပါယ်ကို အလေးထား၍ပြဆိုခြင်း ဖြစ်ပေသည်။ စင်စစ်အားဖြင့် ဝိနည်းဓိုရ် လုပ်ရမည့် ရဟန်းတော်များသည် 'စတ္တာရိမာနိဘိက္ခဝေ အဓိကရဏာနိ'

အစ 'ကုဒ္ဒံဝုစ္စတိ ကိစ္စာဓိကရဏံ' အဆုံးတိုင်အောင် ညွှန်ပြအပ်သော ပါဠိကိုဖြစ်စေ၊ သို့မဟုတ် အောက်၌ ထုတ်ပြအပ်သော အဋ္ဌကထာပါဠိကိုဖြစ်စေ နှုတ်တက် အာဂုံရအောင် ဆောင်ထားသင့်ပေသည်။

တတ္ထကုမဘိက္ခူပိဝဒန္တ ဓမ္မောတိဝါ အဓမ္မောတိဝါတိ အဋ္ဌရသ ဘေဒကရ ဝတ္ထူနိ နိဿာယ ဥပ္ပန္နောတိ ဝိဝါဒေါ ဝိဝါဒါဓိကရဏံ၊ ကုမဘိက္ခူ ဘိက္ခုံ။

အနုဝဒန္တိ သီလဝိပတ္တိယာ ဝါတိဧဝံ စတသော ဝိပတ္တိယောနိဿာယဥပ္ပန္နော အနုဝါဒေါ အနုဝါဒါဓိကရဏံ ပဉ္စပိအာပတ္တိ က္ခန္ဓာအာပတ္တိ ဝဓိကရဏံ သတ္တပိအာပတ္တိ က္ခန္ဓာ အာပတ္တာဓိကရဏံယံ သံဃဿကိစ္စာယ တာကရဏီယတာ အပလောကနကမ္မံ ဥတ္တိစတုတ္ထကမ္မန္တိ ဧဝံ စတုဗ္ဗိဓံ သံဃကိစ္စံ ကိစ္စာဓိ ကရဏန္တိ ဝေဒိတဗ္ဗံ (ပါရာဇိကဏ်ဌ- ဒုဒုဋ္ဌဒေါသဝဏ္ဏနာနှာ- ၁၈၇ ကဝိမျက်မှန် ၁၉၁၃)

(မြန်မာပြန်)ထို(၄)ပါးသော အဓိကရဏ်းတို့တွင် 'ကုမ ဘိက္ခူပိဝဒန္တိ ဓမ္မောတိဝါ အဓမ္မောတိဝါ- ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော ဘေဒကရ ဝတ္ထုတို့ကိုမှီ၍ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်းမည်၏။

ကုမဘိက္ခူ ဘိက္ခုံအနုဝဒန္တိ သီလဝိပတ္တိယာ ဤသို့စသည်ဖြင့် ဟောတော်မူအပ်သော (၄)ပါးသော ဝိပတ္တိတို့ကို မှီ၍ ဖြစ်သော စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏ်းမည်၏။

၎ါးပါးသော အာပတ်အစုတို့သည် ခုနစ်ပါးသောအာပတ်အစုတို့သည် အာပတ္တာဓိကရုဏ်း မည်၏၊

"ယာ သံဃဿ ကိစ္စာယတာ၊ (ပေ) ဂုတ္တိစတုတ္ထကမ္မံ" ဟူ၍ ဟောတော်မူအပ်သော (၄) ပါး အပြား ရှိသော သံဃကိစ္စသည် ကိစ္စာဓိကရုဏ်းမည်၏။ ဟူ၍ ဤသို့ သိအပ်၏။

ဤသည်လျှင် အဓိကရုဏ်း (၄) ပါးကို ပြဆိုချက် ပြီး၏။

## သမထ (၇) ပါးကို ပြဆိုချက်

၉။ (သမသ ) အဓိကရဏံ သမေန္တိ ရူပသမေန္တီတိ သမထာ (ဝစနတ္ထ )ယေ- အကြင် (၇) ပါးသော ဝိနယတို့သည် အဓိကရဏံ- အဓိကရုဏ်း (၄) ပါးကို (ယထာ ရဟံ- ထိုက်သင့်သည်အား လျော်စွာ) သမေန္တိ ရူပသမေန္တိ ငြိမ်းစေတတ်ကုန်၏။ ကုတိ ထို့ကြောင့် သမထာ သမထတို့ မည်ကုန်၏။ (သာရတ္ထဒီပနီဋီကာ ဒုဋ္ဌဒေါသ သိက္ခာပုဒ်-စာမျက်နှာ ၄၇)

## ၁၀။ သမထ (၇) ပါးသရုပ်

သမထော ဇာနိတဗ္ဗောတိ သတ္တသမထာဇိနိတဗ္ဗာ သဗ္ဗုခါ ဝိနယေ ဇာနိတဗ္ဗော (ပေ) တိဏဝတ္ထာရကောဇာ နိတဗ္ဗော ဟူသော ပရိဝါပါဠိမဟာ သင်္ဂါမ၌ လာရှိချက် အရ။

၁။ သမ္မုခါဝိနည်း= သံဃာဓမ္မဝိနယ ပုဂ္ဂိုလ်တို့၏ မျက်မှောက်၌ ငြိမ်းအေးစေကြောင်း ဝိနည်းတရား။

၂။ သတိဝိနည်း= သတိပြည့်စုံ ပြန့်ပြောသော ရဟန္တာအား ပေးအပ်သော ဝိနည်းတရား။

၃။ အမူဠ္ဟဝိနည်း= ဂဂ္ဂရဟန်းကဲ့သို့ အလွန်တွေဝေ ရူးသွတ်သော ရဟန်းအား ပေးအပ်သောဝိနည်းတရား။

၄။ ပဋိညာတကရဏဝိနည်း= ဝန်ခံသည့်အတိုင်းပြုအပ်သော ဝိနည်းတရား။

၅။ ယေဘုယျသိကာ= ဓမ္မဝါဒီ ရဟန်းများရာသို့ စာရေးတံယူစေ၍ ပြုအပ်သော ဝိနည်းတရား။

၆။ တဿပါပိယသိကာဝိနည်း= ထိုဥပဝါဠ ရဟန်းကဲ့သို့ ယုတ်မာသောရဟန်းအားပြုအပ်သောဝိနည်းတရား။

၇။ တိဏဝတ္ထာရကဝိနည်း= မစင်သော ဝတ္ထုတို့ကို ဖုံးလွှမ်းကြောင်းမြက်နှင့် တူသော ဝိနည်း။

(ဝိ၊ ၄၊ ၁၈၈၊ ၂၁၀။ ကခါ။ ၂၈၉)

## သမ္မုခါဝိနည်းငယ်သံဃာဓမ္မဝိနယပုဂ္ဂိုလ်တို့ကို အကျယ်ဖွင့်ဆိုချက်

၁၁။ ကိစ္စတတ္တ သမ္မုခါ ဝိနယသ္မိံ သံဃာသမ္မုခတာဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာ(စူဠဝဂ္ဂ-ပါ-၁၉၅)

ကာဠတတ္တသံဃသမ္မုခတာ ယာဝတိကာဘိက္ခူ ကမ္မပ္ပတ္တာ တေအာဂတာ ဟောန္တိ။ ဆန္ဒာရဟာနံ ဆန္ဒော အာဟဋော ဟောတိ၊ သမ္မုခီဘူတာ နပဋိက္ကောသန္တိ၊ အယံတတ္ထ သံဃသမ္မုခတာ။

ကာဠတတ္တဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ။ ယေနဓမ္မေန ယေနဝိနယေန ယေနသတ္ထုသာသနေနတံအဓိကရဏံ ဝူပသမတိ၊ အယံတတ္ထဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ။ ကာဠတတ္တပုဂ္ဂလသမ္မုခတာ။ ယောစဝိဝဒတိ။ ယေနစဝိဝဒတိ။ ဥဘောအတ္တပစ္စတ္ထိကာသမ္မုခီ ဘူတာဟောန္တိ အယတတ္ထ ပုဂ္ဂလသမ္မုခတာ (စူဠဝဂ္ဂပါဠိ)

၁၂။ (မြန်မာပြန်) ထိုသို့ငြိမ်းရာ၌ သမ္မုခတာဝိနည်း၏ အဖြစ်သည် ရှိလတ်သော် အဘယ်သည်လျှင် သမ္မုခတာမည်သနည်း သံဃာ၏ မျက်မှောက် အဖြစ်သည်လည်းကောင်း ဓမ္မ၏ မျက်မှောက် အဖြစ်သည်လည်းကောင်း ဝိနယ၏ အဖြစ်သည် လည်းကောင်း၊ ပုဂ္ဂိုလ်၏အဖြစ်သည်လည်းကောင်းဖြစ်၏။ ထို (၄)ပါး သော သမ္မုခတာတို့တွင် သံဃ သမ္မုခတာသည် အဘယ်နည်း အကြင်မျှလောက် ကုန်သော ရဟန်း တို့သည် ကံအားလျော်ကပတ်ကုန်၏ ထိုရဟန်းတို့သည် လာသည် ဖြစ်ကုန်၏။ ဆန္ဒထိုက်ကုန်သော ရဟန်းတို့၏ ဆန္ဒကို ဆောင်အပ်ကုန် သည် ဖြစ်ကုန်၏။ မျက်မှောက်ဖြစ်ကုန်သော ရဟန်းတို့သည် မတားမြစ်ကုန်၏ ထို(၄)ပါးသော သမ္မုခတာတို့တွင် ဤတွင်ကား သံဃသမ္မုခတာတည်း။

၁၃။ ထို(၄)ပါးသော သမ္မုခတာတို့တွင် ဓမ္မသမ္မုခတာ

ဝိနယသမ္မုခတာဟူသည် အဘယ်နည်းအကြင် ဟုတ်မှန်သော သဘောဖြင့်အကြင်စောဒနာသာရဏာ-စသောဝိနည်းဖြင့်အကြင် မြတ်စွာဘုရား အဆုံးအမတော် ဖြစ်သော ခုတ်ကမ္မဝါစာဖြင့် ထိုအဓိကရုဏ်းသည်ငြိမ်း၏။ ထိုလေးပါးသောသမ္မုခတာတို့တွင် ဤသည်ကား ဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ-တည်း။

၁၄။ ထိုလေးပါးသော သမ္မုခတာတို့တွင် ပုဂ္ဂလသမ္မုခ တာ ဟူသည်အဘယ်နည်း-အကြင်ရဟန်းသည်လည်း ငြင်းခုံ၏။ အကြင် ရဟန်းနှင့်လည်း ငြင်းခုံ၏။ နှစ်ယောက် ကုန်သော-သပိတ်သက်န်းစသော အကြောင်းကြောင့် ရန်သူဖြစ်ကုန်သော ရဟန်းတို့သည် မျက်မှောက် ဖြစ်၍ ဖြစ်ကုန်၏။ ထိုလေးပါး သော သမ္မုခတာတို့တွင် ဤသည်ကား ပုဂ္ဂလိသမ္မု ခတာ တည်း။

ဓမ္မသမ္မုခတာ ဝိနယ သမ္မုခတာဌ- ဓမ္မဝိနယ သတ္ထု သာသနအရကိုယေနဓမ္မေန ယေနဝိနယေန ယေနသတ္ထု သာသနေန တံအဓိကရဏံ ဝူပသမေတိတိ ဇတ္တာဓမ္မောတိ ကူတံဝတ္ထု ဝိနးယာတိစောဒနာ၁စဝသာရဏာစသတ္ထု သာသနန္တိ ဥတ္တိသမ္ပဒါစေ - အနုသာဝနသမ္ပဒါစ—ဟု ပရိဝါအဋ္ဌကထာ စေဒနာ ကင်္ခါဋ္ဌမိန့်ဆိုချက်အရ ဓမ္မ

ဟူသည်ကား ဟုတ်မှန်သောဝတ္ထု၊ ဝိနယဟူသည်ကား စောဒ နာသာရဏာ ဝိနည်းဝါ စောဒနာခြင်း အောက်မေ့စေခြင်း၊ သတ္ထုသာသန ဟူသည်ကား ဝုဏ်၏ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်း၊ ယင်းတို့ကိုမြန်မာပြန်ဆိုရာ၌ ထင်ရှားစွာ ပြန်ဆို ထားပေသည်။

၁၅။ ပုဂ္ဂလိသမ္မုခတာ·အရ နိဂ္ဂဟ သို့မဟုတ် ပဂ္ဂဟကံ ပြုထိုက်သော ပုဂ္ဂိုလ်၏မျက်ကွယ်၌ ပြုရသောကံလည်း ရှိ သေးသည်။ ၎င်းကံကိုကားအဘယ်နည်းဟူမူ "သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါကရောတိ ဝတ္တုဝိပန္နံ အဓမ္မကမ္မန္တိ ဧတ္တ အတ္တိကမ္မံ သမ္မုခါကရဏီယံ၊ အတ္တိကမ္မံ အသမ္မုခါကရဏီယံ၊ တတ္တ အသမ္မုခါကရဏီယံ နာမ ဒူတေနူပသမ္ပဒါ ပတ္တနိက္ကုဇ္ဇနံ ပတ္တုက္ကုဇ္ဇနံ ဥမ္မတ္တကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ၊ သေက္ခာနံ ကုလာနံ သေက္ခသမ္မုတိ၊ ဆန္နဿ ဘိက္ခုနော၊ ဗြဟ္မဒဏ္ဍော။ ဒေဝဒတ္တဿ ပကာသနီယကမ္မံ အပ္ပသာဒနီယံ ဒဿေန္တဿ ဘိက္ခုနော သံဃေန ကာတဗ္ဗံ အဝန္ဒနီယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ၊ သေသာနိ သဗ္ဗကမ္မာနိ သမ္မုခါဝ ကာတဗ္ဗာနိ။

(ပရိဝါ ၄၅–၂၀၄)အရ ရှစ်ပါးသောကံတို့တည်း"။

(မြန်မာပြန်) သမ္မုခါကရဏီယံ ၊ပေ၊ အဓမ္မကမ္မံ— ဟူသောကျမ်းပါဠိရပ်၌ မျက်မှောက်ပြုအပ်သောကံလည်းရှိ၏၊မျက်ကွယ်ပြုအပ်သောကံလည်းရှိ၏၊ထိုနှစ်ပါးသောကံတို့တွင် မျက်ပြုအပ်သော ကံမည်သည်ကား။

၁။ ဒူတေနူပသမ္ပဒါ= တမန်ဖြင့်(ဘိက္ခုနီအား) ပဉ္စင်းပြုသောကံ။

၂။ ပတ္တနိက္ကုဇ္ဇန = သပိတ်မှောက်သောကံ။

၃။ ပတ္တုက္ကုဇ္ဇန = သပိတ်လှန်သောကံ။

၄။ ဥမ္မတ္တကဿဘိက္ခုနော ဥမ္မတ္တကသမ္မုတိ = ရူးသောရဟန်းအား ဥမ္မတ္တကသမ္မုတိခေါ် အမှုဝိနယ

၅။ သေက္ခာနံကုလာနံ =သဒ္ဓါများ၍ ဥစ္စာပါးသော
သေက္ခသမ္မုတိ အမျိုးတို့အား ပေးအပ်သော
သေက္ခသမ္မုတိကို။

၆။ ဆန္ဒသာဘိက္ခုနော =ဆန္ဒရဟန်းအား ပေး အပ်
ဗြဟ္မဒဏ္ဍော သောဗြဟ္မဒဏ်ကို

၇။ ဒေဝဒတ္တဿပကာသနီ=ဒေဝဒတ်အားပေးအပ်သော
ယကမ္မံ ပကာသနီယကံ

၈။ အပ္ပသာဒနီယ ဒသေ=မကြည်ညိုဘွယ်ကိုပြသော ရ
ဝန္တဿဘိက္ခုနောဘိက္ခု ဟန်း အား ဘိက္ခုနီသံဃာ
နီသံဃေနကာတဗ္ဗံအဝန္ဒ သည်ပြုအပ်သော်ရှိမခိုး အပ်
နီယကမ္မံ သောကံ

ဤသို့(၈)ပါးအပြားရှိ၏၊ ဤ(၈)ပါးမှ ကြွင်းသော ကံဟူသမျှတို့ကို မျက်မှောက်မှာသာလျှင် ပြုအပ်ကုန်၏။

ဤသည်ကား သဗ္ဗုခါဝိနယသမထဌ သိဘွယ်မှတ်ဘွယ် ရာ အချက်တို့ပေတည်း။

## ၁၆။ သတိဝိနည်း၌မှတ်ဘွယ်ရာ

အယံပန်သတိ ဝိနယော ခီဏာသဝသေဝဒါတဗ္ဗော၊ န အညဿအန္တမသော အနာဂါမိနောပိ၊ သောစခေါအဿေန စောဒိယမာန ဿေဝ၊ နစောဒိယမာနဿဒိန္နေစပနတသ္မိ စောဒကဿကထာနဂ္ဂုဟာတိ စောဒေန္တောပိအယံ ခီဏာသဝေါ သတိဝိနယံလဒ္ဓေါကောတူပဌံ ဂဟေဿတိအပ္ပသာ ဒေတဗ္ဗ

တံအာပဇ္ဇတိ။

(စူဠဝဂ္ဂဌသမထက္ခန္ဓက စာနှာ–၃၂)

(မြန်မာပြန်) ဤသတိဝိနည်းကိုကား ရဟန္တာအားသာလျှင်ပေးအပ်၏၊ နောက်ဆုံးပိတ်အားဖြင့် အနာဂါမိဖြစ်စေကာမူ တပါးသောရဟန်းအား မပေးအပ်၊ ထိုသတိဝိနည်း (ပေးခြင်းကိုလည်း) တပါးသောသူသည် စောဒနာအပ်သောရဟန္တာအားသာလျှင် ပေးအပ်၏၊ မစောဒနာ အပ်သောရဟန္တာအား မပေးအပ်၊ ပေးအပ်သည်ရှိသော်ကား ထိုရဟန္တာ၌ စောဒက ပုဂ္ဂိုလ်၏စကားသည် မသက်ရောက်၊ စောဒနာသော်လည်း ဤရဟန်းကားရဟန္တာပေတည်း သတိဝိနည်းကိုရအပ်၏၊ အဘယ်သူသည် သင်၏စကားကို နာယူလတ္တံ့နည်း၊ ဤသို့မောင်းမဲအပ်သည်၏ အဖြစ်သို့ရောက်။

အမူဠဝိနယသမ္မုတိရသော ရူးသောရဟန်းအတွက် အဋ္ဌကထာ ဆရာမဖွင့်ဆိုသော်လည်း အမူဠဝိနယသမ္မုတရထိုက်၍ ရင်း သမ္မုတိရသော ရဟန်းမှာလည်း သတိဝိနည်းကိုရသော ရဟန္တာဟု အတူမှတ်ယူထိုက်၏။

## ၁၇။ ယေဘုယျသိကာဝိနည်း၌

ယေဘုယျသိကာရူပသမေတုန္တိဇတ္တယသာကြိယာကမ္မဝါဒီနော မဟုတရာသော ယေဘုယျသိကာနာမ၊ ဟူသော အဋ္ဌကထာစကားအရ ဓမ္မဝါဒီရဟန်းများ ရာသို့လိုက်၍ကျင့်ခြင်းသည်သာလျှင်တရားဝင်သော သမထဟုမှတ်ယူသင့်ပေ၏။

## အဝိကရုဏ်း(၄)ပါးနှင့် သမထ(၇)ပါး ယထာရဟသက်ဆိုင်ပုံ

၁။ ဝိ ၁ါဒါဓိကရဏံကတိဟိ သမထေဟိသမတိ၊ ဝိဝါဒါဓိ ကရဏံဒွီဟိသမထေဟိသမတိ သမ္မုခါဝိနယေန စ ယေ ဘုယျသိကာယစ။ (စ ပါ ၁ ဂ) (ပရိပါ ၁၆၅)

၂။ အနုဝါဒါဓိကရဏံကတိဟိသမထေဟိ သမတိ၊ အနုဝါ ဒ ဓိကရဏံ စတူဟိသမထေဟိ သမတိ သမ္မုခါဝိနယေ န စ သတိဝိနယေန စ အမုဠှဝိနယေန စ တဿပါပိယသိ ကာယစ (စူဠဝဂ္ဂပါ-နှာ ၁၀၂ ပရိပါ ၁၆၅)

၃။ အာပတ္တာဓိကရဏံ ကတိဟိ သမထဟိသမတိ အာပတ္တာ ဓိကရဏံ တိဟိသမထေဟိ သမတိသမ္မုဒါဝိနယေ န စ ပဋိညာတကရဏေနစ တိဏ ဝတ္ထာရ ကေနစ, (စူဠဝဂ္ဂ ပါနှာ ၂၀၇၊ ပရိပါနှာ ၁၆၅)

၄။ ကိစ္စာဓိကရဏံကတိဟိ သမထေဟိ သမတိ၊ ကိစ္စာဓိကရ ဏံ ဧကေန သမထေ သမတိ သမ္မုခါဝိနယေန (စူပါ ၂၁၁၊ ပရိပါနှာ ၁၀၅)

## အကျဉ်းချုပ် မှတ်ချက်

၁။ ဝိဝါဒ ၅။ သမ္မုခါ ယေဘုယျသိကာ
၂။ အနုဝါဒ ၄။ သမ္မုခါ သတိအမုဠှတဿပါပိယသိကာ
၃။ အာပတ္တိ ၃။ သမ္မုခါပဋိညာတ တိဏဝတ္ထာရက
၄။ ကိစ္စ ၁။ သမ္မုခါ

ဤသည်လျှင်သမထ(၇)ပါး ပြဆိုချက်ပြီး၏။

## ၁၉။ စောဒကမည်ပုံနှင့် စုဒိတကမည်ပုံ

စောဒကော နာမယော ဝတ္ထုနာဝါ အာပတ္တိယာ ဝါ ပရိစောဒေတိယော ပန ဧဝံ စောဒိတော အယံ စုဒိတကော နာမ၊ (ပရိဋ္ဌ)

(မြန်မာပြန်) အကြင်ရဟန်းသည် ဝတ္ထုဖြင့်လည်းကောင်း၊ အာပတ်ဖြင့်လည်းကောင်း တပါးသောရဟန်းကို စောဒနာ၏ ထိုရဟန်းသည် (စောဒက) စောဒနာတတ်သော ရဟန်းမည်၏။

အကြင်ရဟန်းသည်ကားဤသို့ (ဓါ ဝတ္ထု (ဝါ) အာပတ်ဖြင့်) စောဒနာအပ်၏ (အစွပ်စွဲခံရ၏) ထိုရဟန်းသည် စုဒိတက စောဒနာအပ်သောရဟန်းမည်၏။

ဤအရာ၌ဝတ္ထုဟူသည်ကား

ဝတ္ထုဇာနိတဗ္ဗန္တိ အဋ္ဌန္နံပါရာဇိကာနံ ဝတ္ထုဇာနိတဗ္ဗံ၊ ပေ၊ ဒုဗ္ဘာသိတာနံ ဝတ္ထုဇာနိတဗ္ဗံ ဟူသော ပရိဝါပါဠိတော် အရ ပါရာဇိကအစရှိသော **အာပတ်တို့၏ သင့်စရာအကြောင်း ဝတ္ထုတည်း။**

## ၂၀။ အဓမ္မစောဒက အဓမ္မစုဒိတက

ပဉ္စဒသသု ဓမ္မေသု အပ္ပတိဋ္ဌဟိတွာ အဘူတေန ဝတ္ထုနာ စောဒေန္တော အဓမ္မစောဒကော နာမ၊ တေနကထာ စောဒိတော အဓမ္မစုဒိတကော နာမ ဝိပ္ပဋိသာရိယာယေန ဓမ္မစောဒက စုဒိတကထာ ဝေဒိတဗ္ဗာ(ပရိဋ္ဌဧကုတ္တရိကနယ ၁၃၇)

(မြန်မာပြန်) တဆယ့်ငါးပါးသော ကျင့်ဝတ်တရားတို့၌ မတည်မူ၍ မဟုတ်မမှန်သော ဝတ္ထုဖြင့် စောဒနာသော ရဟန်းသည် အဓမ္မစောဒကမည်၏။

(တရားမဝင်သောစောဒကဟူလို) ထိုအဓမ္မစောဒကသည် ထိုမဟုတ်မမှန်သော ဝတ္ထုဖြင့် စောဒနာအပ်သောရဟန်းသည် အဓမ္မစုဒိတကမည်၏။

(တရားမဝင်သော၊ တရားခံအစစ်မဟုတ်သော အဓမ္မစုဒိတကဟူလို)

တဆယ့်ငါးပါးသော ကျင့်ဝတ်တရားတို့၌တည်၍ ဟုတ်မှန်သောဝတ္ထုဖြင့် စောဒနာသောရဟန်းသည် ဓမ္မစောဒကမည်၏၊ ထိုဓမ္မစောဒကသည် ဟုတ်မှန်သောဝတ္ထုဖြင့် စောဒနာအပ်သောရဟန်းသည် ဓမ္မစုဒိတကမည်၏။

(တရားဝင်သော တရားခံစုဒိတကအစစ်ဟူလို)

(၁၅)ပါးသောကျင့်ဝတ်တရားများကား

၁။ ပရိသုဒ္ဓကာယသမာစာရတာ....စင်ကြယ်သော ကိုယ်အကျင့်ရှိသည်၏အဖြစ်

၂။ ပရိသုဒ္ဓဝစီသမာစာရတာ....စင်ကြယ်သောနှုတ်အကျင့် ရှိသည်၏အဖြစ်

၃။ သဗြဟ္မစာရီသုမေတ္တာစိတ္တတာ....သီတင်းသုံးဖော် တို့၌ မေတ္တာစိတ်ရှိသည် အဖြစ်။

၄။ ဗဟုသုတတာ.... များသောအကြားအမြင် ရှိသည်၏ အဖြစ်။

၅။ ဥတိန္နံပါတိမောက္ခာနံဝိတ္ထာရေနသုဂတ....ပါတိမောက် (၂) ပါးတို့၏ အကျယ်အား ဖြင့်ကောင်းစွာလာခြင်း စသည်။

ဤ(၅)ပါးတရပ်။

ကာလေနဝက္ခာမိ—စသည်ဖြင့် စောဒနာကက္လာ၌လာသော ကျင့်ဝတ်(၅)ပါးတရပ်

၁။ ကာလုညဘာ—စုဒိတကအား ပေးသနားခြင်း ရှိသည်၏ အဖြစ်။

၂။ ဟိတေသိတာ—စုဒိတက၏ အစီးအပွားကို ရှာမှီးလေ့ ရှိသည်၏ အဖြစ်။

၃။ အနုကမ္ပတာ—စုဒိတကကို အစဉ်သနားသည်၏ အဖြစ်။

၄။ အာပတ္တိဝုဋ္ဌနတာ—စုဒိတက၏ အာပတ်မှထစေလိုသည်၏ အဖြစ်။

၅။ ဝိနယပုရေက္ခာရတာ—ဝိ နည်း ကို ရှေ့သွားပြုလိုသည်၏ အဖြစ်။

(ဝတ္ထုကိုစောဒနာ၍ အောက်မေ့ဖေလျက် ဝန်ခံမှုပဋိညာဉ်ကိုပြုပြီး ပဋိညာဉ်အားလျော်စွာ ကံကိုပြုခြင်းသည် "ဝိနယပုရေက္ခာရတာ" မည်၏။)

ယင်း(၁၅)ပါးသော စောဒကကျင့်ဝတ်များကို ပရိဝါပါဠိတော်ကို မှီး၍သာရတ္ထဒီပနီကာ၌ အကျဉ်းမိန့်ဆိုထားပေ၏။

## ၂၁။ ဗာလစောဒက

၁။ ပုဗ္ဗာပရံနဇာနာတိ—ရှေ့ဆိုအပ်သောစကား နောက် ဆိုအပ်သောစကားကို မသိ။

၂။ ပုဗ္ဗာပရဿအကောဝိဒေါ—ရှေ့ ဆို အပ် သော စ ကား နောက် ဆိုအပ်သော စကား၌ မကျွမ်းကျင် (မလိမ္မာ)။

၃။ အနုသန္ဓိဝစနပထံနဇာနာတိ—စေ့စပ်သော စကားလမ်းကြောင်းကို မသိ။

၄။ အနုသန္ဓိဝစနပထဿအကောဝိဒေါ—စေ့စပ်သောစကား လမ်း ကြောင်း ၌ မလိမ္မာမကျွမ်းကျင်။

ဤ (၄) ပါးမှပြန်လျှင် ပဏ္ဍိတစောဒကဟုမှတ်။

## ၂၂။ စောဒနာအပြား

၁။ ဒိဋ္ဌစောဒနာ—မြင်ခြင်းဖြင့် စောဒနာခြင်း၊

၂။ သုတစောဒနာ—ကြားခြင်းဖြင့် စောဒနာခြင်း၊

၃။ ပရိသင်္ကိတစောဒနာ—ယုံမှားခြင်းဖြင့် စောဒနာခြင်း၊

### ဒိဋ္ဌ—စသည်ခွဲခြားချက်

တတ္ထအတ္တနာဒိဋ္ဌံ မေဝ၊ ပ ရေဟိ နာဒိဋ္ဌအတ္တနာသုတံ၊ ပ ရေဟိသုတံပ ရေဟိ ပရိသင်္ကိတန္တိကုဒံပ နသဗ္ဗံအတ္တ

နာသုတဌာ

နေယေဝ တိဌတိ၊ ပရိသင်္ကိတံ ပ နတိဝိမံ ဒိဌပရိသင်္ကိတံ သုတ ပရိသင်္ကိတံမုတပရိသင်္ကိတန္တိ (ပါဠနု သံဃာ ဒိသေသ နှာ ၁၇၈)

ယင်းအဌကထာ၌ ကိုယ်တိုင်မြင်ခြင်းသည် ဒိဋ္ဌမည် သည်သာတည်းဟု ဆိုခြင်းတရပ်။ ယင်းအဌကထာမှာငင်လျှင် တတ္တိဒိဋ္ဌ သမ္မုလကံ နာမပါရာဇိကံအဇ္ဈာပန္နံဒိသွာ ဝဒိ ဌော မဟာတိဝဒတိ–ဟုဆိုခြင်းတရပ်။

ၡင်းစကားရပ်များကို ထောက်ဆ၍ **ပါရာဇိကအာပတ်** ဖြင့် စောဒနာလိုပါမူ ပါရာဇိကအပြစ်ကျူးလွန်သူကို ကိုယ် တိုင်ပက်ပင်း မြင်မှသာလျှင် ''ဒိဋ္ဌစောဒနာ''ဖြင့် စောဒနာရန် ဖြစ်၏။

အမူလကံ နာမပဋိစ္ဆန္နောကာသတော နက္ခမန္တံဒိသွာဝ ဝိတိက္ကမံအဝိသွာ ဒိဋ္ဌောမယာတိဝဒတိ ဟူသော ပါရာဇိကဏ် အဌကထာအရ စာမျက်နှာ (၁၇၉)ဝယ် ဖုံးကွယ်ရာအရပ်မှ (မာတုဂါမနှင့်အတူတကွ) ထွက်လာသည်ကိုသာမြင်၍ လွန် ကျူးမှုကိုမမြင်ဘဲ ငါသည်မြင်အပ်၏ဟုဆိုလျှင် 'အမူလကဒိဋ္ဌ' အရင်းမရှိသောမြင်ခြင်းဖြစ်၍ ဒိဋ္ဌစောဒနာဖြင့် မစောဒနာအပ် ဟုလို သုတ–ဟူသည် သူတပါးကိုမြင်အပ်သော အရာသည် မိမိ အဘို့သုတတည်း။ သူတပါးတို့သည်ကြားအပ် သူတပါးတို့ သည်ယုံမှားအပ်သော ဤအလုံးစုံသောအရာသည်လည်း မိမိ အဘို့ (ကြား၍သိအပ်သောကြောင့်) သုတအရာ၌သာတည်း၏။

၂၇။ **ပရိသင်္ကိတဟူသည်**–(၁) ဒိဋ္ဌပရိသင်္ကိတ–မြင်၍ ယုံ

မှားခြင်း၊ (၂) သုတပရိသင်္ကိတ—ကြား၍ယုံမှားခြင်း၊ (၃) မုတပရိသင်္ကိတ—အနံ့စားဘွယ်ကစားမြူးတူးမှု အမူအရာကိုစွဲ၍ ယုံမှားခြင်း။

ယင်းပရိသင်္ကိတ(၃)ပါး ဖြစ်ပုံကို ပါရာဇိကကဏ် အဌကထာ ဒုဌ္ဌဒေါသသိက္ခာပုဒ်၌ အကျယ်ဖွင့်ဆိုထားသည်။

အချုပ်အားဖြင့်ကား ရဟန်းနှင့်မာတုဂါမ ခြံစသော ဖုံးကွယ်အရပ်မှ အချင်းချင်းမသိမမြင်ကြဘဲ ထွက်လာသည်ကို မြင်ရ၍ ဤသူတို့ကျူးလွန်မှုကို ပြုပြီးပြီလော ပြုလတ္တံ့လောဟု ယုံမှားခြင်းသည် ဒိဌပရိသင်္ကိတ မည်၏။ ရဟန်းနှင့်မာတုဂါမ အမိုက်မှောင်ဖြစ်စေ ဖုံးကွယ်ရာအရပ်မှာဖြစ်စေ ပဋိသန္ဓာရ စကားပြောကြား၍ (အနားမှာ အခြားသောအဖော်ရှိ မရှိကို မသိဘဲ) ဤသူတို့ လွန်ကျူးမှုကို ပြုလတ္တံ့လော ပြုပြီးပြီလောဟု ယုံမှားခြင်းသည် သုတပရိသင်္ကိတ မည်၏။

သေသောက်ကျူးများစွာတို့သည် ညဉ့်အခါ ပန်းနံ့သာသေရည်တို့ကို ယခု ဤမိန်းမများနှင့်တကွ တခုသော ကျောင်းအစွန်သို့သွား၍ မဏ္ဍပ် ဆွမ်းစားစရပ်စသည်တို့၌ အလိုရှိတိုင်း မြူးတူးပျော်ပါး ကစားသွားကြရာ ဖရိုဖရဲပြန့်ကျဲနေသော ပန်းစသည်တို့ကို နံနက်မိုးသောက်အခါ သေနာသနဝတ်ပြုသော ရဟန်းက ကောက်ယူရှင်းလင်းနေ၏၊ တပါးသော ရဟန်းက သေရည်အနံ့ရှိသော ဆေးကိုသောက်၍ ထိုအရပ်သို့ ရောက်လာ၏၊ အခြားသောရဟန်းများက ထိုရဟန်း(၂)ပါးတို့၏ လက်ကိုလည်းကောင်း၊ ခံတွင်းကိုလည်းကောင်း အနံ့ခံယူ၍ ထိုရဟန်း(၂)ပါးကို လွန်ကျူးမှု၌ယုံမှား၏၊ ယင်းယုံမှားခြင်းသည် မုတပရိသင်္ကိတ မည်၏။

## ၂၄။ တနည်း – စောဒနာ · (၄)ချက်

၁။ သီလဝိပတ္တိ စောဒနာ— ဂရုက အာပတ်နှစ်ပါးဖြင့် စောဒနာခြင်း။

၂။ အာစာရဝိပတ္တိစောဒနာ- ကျင့်သော အာပတ်တို့ဖြင့် စောဒနာခြင်း။

၃။ ဒိဋ္ဌိဝိပတ္တိစောဒနာ — မိစ္ဆာဒိဋ္ဌိ အန္တဂ္ဂါဟိက ဒိဋ္ဌိ တို့ဖြင့် စောဒနာခြင်း။

၄။ အာဇီဝဝိပတ္တိစောဒနာ— အသက် မွေးခြင်း ဟူသော အကြောင်းကြောင့် ပညတ် အပ်သော သိက္ခာပုဒ် (၆) ပါးတို့ဖြင့် စောဒနာခြင်း။

## ၂၅။ တနည်း - စောဒနာ (၄) ချက်

၁။ ဝတ္ထုသန္ဒဿနစောဒနာ— အာပတ်သင့်ကြောင်းဝတ္ထု ကို ထင်စွာပြ၍ စောဒနာ ခြင်း။

၂။ အာပတ္တိသန္ဒဿနစောဒနာ-အာပတ်ကို ထင် စွာ ပြ၍ စောဒနာခြင်း။

၃။ သံဝါသပဋိက္ခေပစောဒနာ-ဥပုတ် ပဝါရဏာ သံဃကံ အတူပြုမှုကို ပယ်၍ စောဒ နာခြင်း။

၄။ သာမိစိပဋိက္ခေပစောဒနာ-ရှိခိုးခြင်း ခရီးဦးကြိုခြင်း စသော ရိုသေခြင်း အမှုကို မပြုဘဲနေ၍ (ပယ်၍) စောဒနာခြင်း။

(အကျယ်ကို - ပါရာဇိကဏ်ဒုဋ္ဌဒေါသဝဏ္ဏနာမှရှု)

## ၂၆။ အလဇ္ဇီလက္ခဏာနှင့် လဇ္ဇီလက္ခဏာ

ဓမ္မဝိနိစ္ဆကဝိနယ ဓရပုဂ္ဂိုလ်တို့သည် စောဒကပုဂ္ဂိုလ် စုဒိတကပုဂ္ဂိုလ်တို့၏ လဇ္ဇီလက္ခဏာ အလဇ္ဇီလက္ခဏာ ရှိမရှိကို သတိပဋ္ဌင်မပညာဖြင့် ယထာဘူတနေရာကျကျ အတတ်မှချ သိရအောင် စူးစမ်းဆင်ခြင်အပ်၏။

အဘယ်သို့ စူးစမ်းဆင်ခြင်အပ်နည်း ဟူမူ၊
သဉ္စိစ္စအာပတ္တိအာပဇ္ဇတိ၊ အာပတ္တိ · ပရိဂူဟတိ။
အဂတိမနဉ္စဂစ္ဆတိ ဧဒိသော ဝုစ္စတိ အလဇ္ဇီ ပုဂ္ဂလော။
(ပရိဝါ-ပါဠိတော်)

ယော-အကြင်ပုဂ္ဂိုလ်သည် သဉ္စိစ္စ· ဝီတိက္ကမ စေတနာ ရှိသည်ဖြစ်၍ အပတ္တိ အာပတ်သို့ အာပဇ္ဇတိ·ရောက်၏၊ အာပတ္တိအာပတ်ကို ပရိဂူဟတိ· လျှို့ဝှက်၏။ (ဒေသနာမကြား) အဂတိဂမနဉ္စ· မလားအပ်သော အရာလေးပါးလိုက်စားခြင်းသို့လည်း ဂစ္ဆတိ·လာ၏ (လိုက်စား၏) ဧဒိသော-ဤသို့သဘောရှိသော ပုဂ္ဂိုလ်ကို၊ အလဇ္ဇီ ပုဂ္ဂလော အလဇ္ဇီပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ· ဆိုအပ်၏။

ယောအကြောင်ပုဂ္ဂိုလ်သည် သဒ္ဓိစ္စ- ဝီတိတိက္ကမစေတနာ ရှိသည်ဖြစ်၍ အာပတ္တိ-အာပတ်သို့ နအာပဇ္ဇတိ-မရောက် အာပတ္တိ-အာပတ်ကို နပရိဂူဟတိ- မလျှို့ဝှက်၊ (ဒေသနာကြား၏) အဂတိဂမနဉ္စ - မလားအပ်သော အရာ လေးပါး လိုက်စားသို့လည်း နဂစ္ဆတိ- မလာ၊ (မလိုက်စား) ဧဒိသော- ဤကဲ့သို့ ရှုအပ်သော ပုဂ္ဂိုလ်ကို၊ လဇ္ဇီပုဂ္ဂလော လဇ္ဇီပုဂ္ဂိုလ်ဟူ၍ ဝုစ္စတိ-ဆိုအပ်၏။

(သဒ္ဓိစ္စပုဒ်ကို (၃)ပုဒ်လုံး ယှဉ်၍ အနက်ယောဇနာနိုင်သည်) ထိုနှစ်ပါးသောအလဇ္ဇီ လဇ္ဇီ ပုဂ္ဂိုလ် တို့တွင် အလဇ္ဇီ ပုဂ္ဂိုလ်သည်။

၂၇။ ၁။ သဒ္ဓိစ္စ အာပတ္တိ အာပဇ္ဇန္တ ပုဂ္ဂိုလ်

၂။ သဒ္ဓိစ္စ အာပတ္တိ ပရိဂူဟန္တ ပုဂ္ဂိုလ်

၃။ သဒ္ဓိစ္စ အဂတိဂမနန္တ ပုဂ္ဂိုလ်ဟူ၍

(၃) ပါး အပြားရှိ၏။

ထို (၃)ပါး သော ပုဂ္ဂိုလ် တို့တွင် (၁) အလဇ္ဇီ-ရဟန်းသံဃာတို့အား မအပ်မလျော်သည်၏ အဖြစ်ကို တစ်တစ်ခွခွ နေရာသိလျက် သိက္ခာပုဒ်တော်ကို ကျော်နင်းကျူးလွန်လိုသော အနာဒရိယ ဝတ္ထုဝီတိက္ကမစိတ် ဖြင့်သင့်သော သစ္စိတ္တကအာပတ်ရှိသော ရဟန်းသည် "သဒ္ဓိစ္စအာပတ္တိအာပဇ္ဇန္တ" အလဇ္ဇီ ပုဂ္ဂိုလ် မည်၏။

ကုစားလျှင်လဇ္ဇီ အနာဒရိယဝတ္တပ္ပဋိပတ္တိကမ္မ စိတ်ဖြင့် သင့်သော သစိတ္တက အာပတ် ရှိသော်လည်း နောင် တဖန် ဤသို့သဘောရှိသော ဝတ္တကို လွန်ကျူးခြင်း အမှုကို မပြုတော့အံ့ဟု သုဒ္ဓစိတ်ဖြစ်သော်ငြားထို သစိတ္တက အာပတ်ကို ကုစားပါတော့အံ့ဟု သုဒ္ဓစိတ် ဖြစ်သော်ငြား ထိုသစိတ္တကပက္ခအာပတ်ကို ကုစားခြင်း ငှာ လုလ္လပြုသော်ငြား ဒေသနာဝါ၏ ဝုဋ္ဌာနဂါမိအား လျော်စွာ ကုစားသော်ငြား အလဇ္ဇီမည်ပြန်၏။

(၁) လဇ္ဇီ - အချင်းခပ်သိမ်း အာပတ် မရှိသောရဟန်း သိက္ခာပုဒ်တော်ကို ကျော်နင်းကျူးလွန်လိုသော အနာ ဒရိယဝတ္တပ္ပဋိပတ္တိကမ္မ စိတ်ကား မရှိ အကြောင်း အား လျော်စွာ အစိတ္တကပက္ခအာတ္တိဖြင့် သင့်သော အာပတ် ရှိသော သာပတ္တိက ရဟန်းသည်လည်း အလဇ္ဇီပုဂ္ဂိုလ် မည်၏။

၂။ အလဇ္ဇီ - အနာဒရိယဝတ္တပ္ပဋိပတ္တိစိတ်မရှိဘဲ အကြောင်း အားလျော်စွာသင့်သော အာပတ်ကို မီးကိုနင်းမိသော ယောကျ်ားသည် နေငြိမ်း ချမ်းသာသော အကြောင်း ကို လျင်မြန်ဆောစွာ ရှာကြဘိသကဲ့သို့ လျင်မြန်ဆော စွာ အနာပတ္တိသုဒ္ဓိက ရဟန်းဖြစ်လွယ်အောင် ကြံ ဆောင်လုလ္လဗျာပါရကို မပြုဘဲ ထိုအစိတ္တကပက္ခ အာ ပတ်ဖြင့် အဘယ် အပြစ် ရှိအံ့နည်းဟု ထို သာပတ္တိက အဖြစ်ဖြင့်သာလျှင် အနာဒရိယစိတ်ဖြစ်သော ရဟန်း သည် သဉ္စိစ္စအာပတ္တိပရိဂ္ဂဟန္တပုဂ္ဂိုလ် မည်၏။

(၂) လဇ္ဇီ – ထိုအနာဒရိယစိတ်မရှိဘဲ ရှက်နိုးသဖြင့်ဒေသ နာဂါဖိဂုဋ္ဌာနဂါဖိ အားလျော်စွာ မကုစားသေးဘဲ လျှိုဝှက်သော ရဟန်း နှောင်တဖန် ဤသို့ သဘောရှိသော ဝီတိက္ကမအမှုကို မပြုအံ့ဟု သုဒ္ဓစိတ်ဖြစ်သော ရဟန်း ထိုအစိတ္တပက္ခအာပတ်ကို ကုစားပါတော့ အံ့ဟု သုဒ္ဓစိတ်ဖြစ်သောရဟန်း ကုစားခြင်းငှာ လုလ္လပြုသော ရဟန်း ဒေသနာဂါဖိ ဝုဋ္ဌာနဂါဖိ အား လျော်စွာ ကုစားသောရဟန်းသည် အလဇ္ဇီမမည်။
"အာပတ္တိအပရိဂူဟန္တ လဇ္ဇီပုဂ္ဂိုလ်မည်၏"

(၃) အလဇ္ဇီ - ဆန္ဒာဂတိ ဒေါသာဂတိ မောဟာဂတိ ဘယာဂတိသို့ လိုက်သော ပုဂ္ဂိုလ်သည် ထိုအဂတိတပါး ပါးသို့ လိုက်ခြင်းအကြောင်းရင်း အကြောင်းခံ ပြု၍ အနာဒရိယ ဝတ္ထုဝီတိက္ကမစိတ်ဖြင့် သစိတ္တကပက္ခအာပတ်သင့်သော်လျှင် "သဥ္စိစ္စအဂတိဂမနန္တပုဂ္ဂိုလ်မည်၏"

(၄) လဇ္ဇီ- အနာပတ္တိဖြစ်သော အဂတိမနန္တ ပုဂ္ဂိုလ်ဖြစ်မှု အလဇ္ဇီပုဂ္ဂိုလ် မမည်။ လဇ္ဇီပုဂ္ဂိုလ်သာ မည်၏။

၂၀။ သဥ္စိစ္စအဂတိဂမနန္တ ပုဂ္ဂိုလ်ဖြစ်ပုံကို အနည်းငယ်ပြဆိုဦးအံ့။ ဆန္ဒာဂတိလိုက်စားပုံ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ ဆွေမျိုးစသော မိမိချစ်အပ်သောသူအား အစဉ်သနားသဖြင့် စောင့်ရှောက်ခြင်းငှာ "အဓမ္မံဓမ္မောတိဒီပေတိ၊ ဓမ္မံ အဓမ္မောတိဒီပေတိ" စသော ဘေဒကရဝတ္ထု(၁၈)ပါး

အရ တရားမဟုတ်သည်ကို တရားဟုပြ၍ တရားကိုမူ မတရားဟုပြ၏။ ယင်းသို့သော (၁၈)ပါးသော ဝတ္ထုတို့ဖြင့် ပြခြင်းသည် ဆန္ဒာဂတိသို့ လားသည်မည်၏။ ဒေါသာဂတိလိုက်စားပုံ အာဃာတ၊ ဝတ္ထု(၉)တို့ဖြင့် ရန်ငြိုးအမျက်ပြင်းစွာ နှိပ်စက်အပ်သော ရဟန်းသည် မုန်းသာသူ နစ်နာအောင် ပြဆိုအပ်သော ဘေဒကရ ဝတ္ထု(၁၈)ပါး တို့ဖြင့် ပြ၏။ ယင်းသို့ ပြခြင်းသည် ဒေါသာဂတိသို့ လားသည်မည်၏။

မောဟာဂတိသို့ လိုက်စားပုံ ပြင်းစွာ တွေဝေသော (မသိတတ်ခြင်း) မောဟရှိသောသူသည် ယင်း မောဟက အလွန် နှိပ်စက် အပ်သည် ဖြစ်၍ ပြဆိုအပ်သော ဘေဒကရဝတ္ထု(၁၈)ပါးတို့ဖြင့်ပြ၏။ ယင်းသို့ပြခြင်းသည် မောဟာဂတိသို့ လားသည်မည်၏။

ဘယာဂတိသို့ လိုက်စားပုံ ဤသာသနာတော်၌ အချို့သော ရဟန်းသည် ဤသူကား ခက်ထန်ကြမ်းတမ်းသူ ဖြစ်၏၊ အသက်၏ အန္တရာယ်၊ မြတ်သော အကျင့်၏ အန္တရာယ်ကို ပြုလတံ့ဟု ထိုသူကိုကြောက်သည်ဖြစ်၍ ပြဆိုအပ်သော (၁၈)ပါးသော ဘေဒကရ ဝတ္ထုတို့ဖြင့်ပြ၏။ ယင်းသို့ ပြခြင်းသည် ဘယာဂတိသို့ လားသည် (လိုက်စားသည်မည်၏။)

ဤ (၁၈)ပါးသော ဘေဒကရ ဝတ္ထုတို့ဖြင့် အဂတိ (၄)ပါး လိုက်စားသော အထူးအားဖြင့် ဝိနည်းမိုရ်

ရဟန်းသည် များစွာသော လူအပေါင်း၏ အစီးအပွား မဲ့ဖြစ်ခြင်းငှာ များစွာသော လူအပေါင်း၏ မချမ်းသာ ခြင်းငှာ များစွာသောနတ်လူတို့၏အကျိုးမဲ့ ဖြစ်ခြင်းငှာ အစီးအပွားမဲ့ ဖြစ်ခြင်းငှာ ဆင်းရဲခြင်းငှာ ကျင့်သည် ဖြစ်၏။ ဤ(၁၈)ပါးသော ဘေဒကရ ဝတ္ထုတို့ဖြင့် အဂတိလေးပါး လိုက်စားသောသူသည် မိမိသည်ပင် မိမိကိုယ်ကို ဘူးဖြို့အပ်သည် ဖြစ်၍ ဖျက်ဆီးအပ်သော ဣန္ဒြေ ရှိသည်ဖြစ်၍ မိမိကိုယ်ကို ဆောင်၏။ အာပတ် တည်းဟူသော အပြစ်နှင့်တကွ ဖြစ်သည်လည်းကောင်း၊ ပညာရှိတို့ စွပ်စွဲ ကဲ့ရဲ့ အပ်သည် လည်းကောင်း ဖြစ်၏။ များစွာသော မကောင်းမှုသည်လည်း ပွားစည်း၏။

(ပရိဝါ-ပါဠိတော်မဟာသင်္ဂါမမှ ထုတ်နှုတ်ချက်)

## ၂၉။ လဇ္ဇီ အလဇ္ဇီ ပြောင်းလဲပုံ လျင်မြန်ပုံ

ပြဆိုအပ်သော အလဇ္ဇီလက္ခဏာ (၃)ပါး လဇ္ဇီ လက္ခဏာ(၃)ပါး တို့ဖြင့် တိုင်းတာ၍ ဤသူကား လဇ္ဇီ တည်း။ ဤသူကား အလဇ္ဇီတည်းဟု ပုထုဇဉ်သန္တာန်၌ တသမတ်တည်း မှတ်ယူ၍မရ၊ ထို့ကြောင့် ပါရာဇိကကဏ် ဒုတိယအုပ် ရူပိယသိက္ခာပုဒ် (၂၈၀)၌—

အာဒိတော ပဋ္ဌာယ အလဇ္ဇီ နာမ နတ္ထိ စသည်ဖြင့် မိန့်တော်မူ၏။ ၎င်းကို ဝိမတိဋီကာရူပိယသိက္ခာပုဒ်အဖွင့်

၌ "အာဒိတောပဋ္ဌာယ အလဇ္ဇိနာမ နတ္ထိတိက္ခမိနာ ဒိဋ္ဌ ဒိဋ္ဌေသု အာသင်္ကာနာမ နကာတဗ္ဗာ" စသည်ဖြင့် ဖွင့်ပြတော်မူ၏။

ဆိုလိုရင်းကား - အစမှစ၍ အလဇ္ဇီမည်သည် မရှိ-ဟု ဆိုခြင်းဖြင့် မြင်တိုင်းမြင်တိုင်းသော ရဟန်းတို့၌ (ဤရဟန်းကား အလဇ္ဇီလေလောဟု) ယုံမှားခြင်းကို မပြုအပ်။ မြင်ခြင်း ကြားခြင်း စသော အရင်းရှိသော် သာလျှင် ယုံမှားခြင်းကို ပြုအပ်၏ဟု ဆိုလိုသည်။

ယင်း ဝိမတိဋီကာ၌ပင်လျှင်—

ယသ္မာ အလဇ္ဇိတာပိ လဇ္ဇိတာပိ ပုထုဇ္ဇနာနံ စိတ္တက္ခဏပဋိဗဒ္ဓံ၊ နသဗ္ဗကာလိကံ၊ သဉ္စိစ္စ ဝီတိက္ကမ စိတ္တေ ဥပ္ပန္နေ အလဇ္ဇိနော နပုနဤဒိသံကရိဿာမိတိ စိတ္တေနလဇ္ဇိနော ဟောန္တိ စသည်ဖြင့် မိန့်ဆိုတော်မူ၏။

အဓိပ္ပါယ်ကား- ပုထုဇဉ်ပုဂ္ဂိုလ် တို့၏ အလဇ္ဇီ အဖြစ် လဇ္ဇီအဖြစ်ဟူသည်လည်း အနာဒရိယစိတ်ဖြစ် မဖြစ် ဟူသော စိတ္တက္ခဏနှင့်သာစပ်သည်၊ အခါခပ်သိမ်း ခဏ၌ တည်သည်မဟုတ်။ စေတနာဖြင့် စေ့ဆော်၍ အနာဒရိယ ဝတ္ထုဝီတိက္ကမစိတ် ဖြစ်သော ခဏ၌ အလဇ္ဇီ ဖြစ်၍ နောင်တဖန် ဤသို့ သဘော ရှိသော ဝတ္ထုဝီတိက္ကမကို မပြုအံ့ဟု လဇ္ဇီဓမ္မသုဒ္ဓစိတ် ဖြစ်ပြန်သော ခဏ၌ လဇ္ဇီ ဖြစ်ပြန်၏။

၃၀။ ယင်းသို့အားဖြင့် ပုထုဇဉ်တို့သန္တာန်၌တသမတ်တည်းမတည်ပဲအပြောင်းလဲမြန်သော စောဒကစုဒိတကတို့၏ လဇ္ဇီအဖြစ် အလဇ္ဇီအဖြစ်ကို ဓမ္မဝိနိစ္ဆက ဝိနယဓရပုဂ္ဂိုလ်တို့သည် အဘယ်သို့ စူးစမ်း ဆင်ခြင်ရမည်နည်းဟူမူ—

ဒုက္ကဋ်ဒုဗ္ဘာသိအစရှိသောအကျုံးမှုခန့်မျှသင့်သော အာပတ်တို့၌ ဘေးဘယအားဖြင့် ရှုလေ့ရှိသည်ဖြစ်၍ အာပတ်သင့်ခြင်းကို ရှက်ကြောက်တတ်သော ပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်မည်၏။

ထိုဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့် အာပတ်သင့်ခြင်းကိုမကြောက် စိတ်နောက်ကိုယ်ပါ သိက္ခာပုဒ်တော်ကို ကျော်နင်းကျူးလွန်သော ပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ် မည်၏။

ယင်းသို့စံ ကျောင်းဆရာတော်၏ ညွှန်ပြချက် အရ စောဒက စုဒိတကတို့၏ အမှုအရာကို အကဲခပ်၍ လဇ္ဇီ အလဇ္ဇီအဖြစ်ကို စူးစမ်းဆင်ခြင်ရာ၏။

## စောဒက - စသည်တို့၏ ကျင့်ဝတ်များ

စောဒကေန ကာလံ ပဋိပစ္စိတဗ္ဗန္တိ စောဒကေန ဝတ္ထုသု ဓမ္မေသု ပတိဋ္ဌာယ ပုရော စောဒေတဗ္ဗော၊

## ၃၁။ စေဒကကျင့်ဝတ် (၅) ပါး

၁။ ကာလေန ဝက္ခာမိ နော အာကာလေန- လျောက်ပတ်သောအခါ၌ ဆိုအံ့။ မလျောက်ပတ်သောအခါ၌ မဆို။

၂။ ဘူတေန ဝက္ခာမိ နော အဘူတေန- ဟုတ်မှန်သဖြင့် ဆိုအံ့။ မဟုတ်မမှန် မဆို။

၃။ သဏှေန ဝက္ခာမိ နော ဖရုသေန- နူးညံ့သိမ်မွေ့သဖြင့် ဆိုအံ့။ ကြမ်းတမ်းစွာ မဆို။

၄။ အတ္ထသံဟိတေန ဝက္ခာမိ၊ နော အနတ္ထသံဟိတေန— အကျိုးစီးပွားနှင့် စပ်သဖြင့် ဆိုအံ့။ အကျိုးစီးပွားနှင့် မစပ်သဖြင့် မဆို။

၅။ မေတ္တာစိတ္တော ဝက္ခာမိ၊ နော ဒေါသန္တရော- မေတ္တာစိတ်ရှိသည်ဖြစ်၍ဆိုအံ့။ ဒေါသစိတ်ရှိသည်ဖြစ်၍ မဆို။ စောဒကေနဝေ-ပစ္စဝေက္ခိတဗ္ဗံ-စောဒနာတတ်သောပုဂ္ဂိုလ်သည် ဤသို့ကျင့်အပ်၏။

၃၂။ စုဒိတကေန ကထံ ပစ္စဝေက္ခိတဗ္ဗန္တိ၊ စုဒိတကေနဒွီသု ဓမ္မေသု ပစ္စဝေက္ခိတဗ္ဗံ။

## စုဒိတကကျင့်ဝတ် (၂) ပါး

၁။ သစ္စေ- မှန်သောစကား၌လည်း ကျင့်အပ်၏။

၂။ အကုပ္ပေ- အမျက် မထွက်ခြင်း၌လည်း ကျင့်အပ်၏။

စုဒိတကေန ဝေံပဋိပဇ္ဇိတဗ္ဗံ။

သစ္စအကုပ္ပ ဟူသည်ကား အကြင်ပြုအပ်သည်ကိုလည်းကောင်း၊ မပြုအပ်သည်ကိုလည်းကောင်း၊ ထိုဟုတ်မှန်တိုင်းကိုသာဆိုအပ်၏။ စောဒကပုဂ္ဂိုလ်၌လည်းကောင်း အနုဝိဇ္ဇက ဝိနည်းပုဂ္ဂိုလ်၌လည်းကောင်း၊ သံဃာ၌လည်းကောင်း၊ အမျက်ထွက်ခြင်းကို မပြုအပ်(အဋ္ဌကထာအဖွင့်)။

## ၃၃။ သံဃာကျင့်ဝတ်

သံဃေနက ထံပဋိပဇ္ဇိတဗ္ဗန္တိ
သံဃေန ဉတ္တိဉ္ဇာနေ ဥတ္တိဉ္ဇာ ဇာနိတဗ္ဗံ – သံဃာသည် သက်သောစကား မသက်သောစကားကို သိအပ်၏။
သံဃေန ဝေံ ပဋိပဇ္ဇိတဗ္ဗံ။

ထိုသိအပ်၏ဟူသောစကား၌ ဤဆိုအပ်လတ္တံ့သည်ကားသိခြင်း၏အစီအရင်တည်း၊ ဤမျှသောစကားကား စောဒက၏ရှေ့စကား၊ ဤမျှသောစကားကား စောဒက၏နောက်စကား၊ ဤမျှသောစကားကား စုဒိတက၏ရှေ့စကား၊ ဤမျှသောစကားကား စုဒိတက၏နောက်စကား—ဤသို့သိအပ်၏။

စောဒက၏ပမာဏကို ယူအပ်၏ စုဒိတက၏ ပမာဏကို ယူအပ်၏၊ ဝိနည်းဓိုရ်၏ပမာဏကို ယူအပ်၏ ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကို–"ငါ့ရှင် စိုးစဉ်းမျှလည်း မယုတ်စေမူ၍

ကောင်းစွာ နှလုံးသွင်း၍ဆောင်လော့ ”ဟု ဆိုအပ်၏၊ (ဝိနည်းအများဖြစ်လျှင် အများဝေါဟာရဖြင့် သုံးရန်ဖြစ်သည်)သံဃာသည် ဤသို့ကျင့်အပ်၏၊ (အဋ္ဌကထာအဖွင့်)။

## ၃၄။ ဝိနည်းဓိုရ်ကျင့်ဝတ်

အနုဝိဇ္ဇကေနကထံ ပဋိပဇ္ဇိတဗ္ဗန္တိ။ အနုဝိဇ္ဇကေနယေန ဓမ္မေန ယေန ဝိနယေန ယေနသတ္ထုသာသနေန တံအဓိကရဏံ ဝူပသမ္မ တိ တထာတံ အဓိကရဏံဝူပသမေတဗ္ဗံ။

မေးစိစစ်သော-ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် အကြင်ဟုတ်မှန်သောသဘော (ဝတ္ထု)ဖြင့် အကြင်စောဒနာသာရဏာဝိနည်းဖြင့် အကြင်မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော ဉတ္တိသမ္ပဒါ အနုသာဝနသမ္ပဒါဖြင့် ထိုအဓိကရုဏ်းသည် အကြင်သို့သောအခြင်းအရာဖြင့် ငြိမ်း၏၊ ထိုသို့သောအခြင်းအရာဖြင့် ထိုအဓိကရုဏ်းကို ငြိမ်းစေအပ်၏၊ (အနုဝိဇ္ဇကေန ဇဝံ ပဋိပဇ္ဇိတဗ္ဗံ)။

(ဓမ္မဝိနယသတ္ထုသာသနအရအဋ္ဌကထာဖွင့်ဆိုချက်ကို—သမ္မုခါ ဝိနည်းအကျယ်ပြရာ၌ ပြဆိုခဲ့ပြီး၍ ၎င်းအဖွင့်အတိုင်း၊ အနက်ယောဇနာထားသည်)၊ အကြင်သို့သောအကြောင်းကြောင့် ထိုဓမ္မဖြင့်လည်းကောင်း၊ ဝိနယဖြင့်လည်းကောင်း၊ သတ္ထုသာသနဖြင့် လည်းကောင်း အဓိကရုဏ်းသည်ငြိမ်း၏၊ ထို့ကြောင့် မေးစိစစ်သော ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဟုတ်မှန်သော ဝတ္ထု

ဖြင့် စောဒနာကာ အာပတ်ကိုအောက်မေ့စေ၍ ဥက္ကာ ၏ပြည့်စုံခြင်းဖြင့် လည်းကောင်း၊ ကမ္မဝါစာ၏ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ ထိုအဓိကရုဏ်းကို ငြိမ်းစေအပ်၏၊ မေးစိစစ်သောဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် ဤသို့ကျင့်အပ်၏။ (အဋ္ဌကထာအဖွင့်)။

(ဤကား ပရိဝါပါဠိတော်လာ စောဒနာကဏ္ဍ၌လာသော ဝိနည်းဓိုရ် ကျင့်ဝတ်မျှသာတည်း။ စူဠသင်္ဂါမ မဟာသင်္ဂါမ စသည်တို့၌ ဟောကြား ညွှန်ပြသော ဝိနည်းဓိုရ်ကျင့်ဝတ်တို့ကား အလွန်များပြားလှပေ၏။

၃၅။ ထိုကျင့်ဝတ်တို့တွင် စူဠသင်္ဂါမ၌လာသော ကျင့်ဝတ်များကို ပါဠိတော်စကားအစဉ်အတိုင်း မြန်မာပြန်၍ ပြပေအံ့။

သံဃာသို့ချဉ်းကပ်လိုသော အဓိကရုဏ်းကိုဆုံးဖြတ်ခြင်းငှာ သံဃအစည်းအဝေးသို့သက်ဝင်သော (တရားရုံးထိုင်သော) ရဟန်းသည် နှိမ့်ချသောစိတ်ဖြင့် ခြေသုတ်ကြိုးဝန်းနှင့်တူသော (ခြေသုတ်ပုဆိုး မြွေစွယ်ကြိုးကဲ့သို့သော)စိတ်ဖြင့် သံဃာသို့ချဉ်းကပ်အပ်၏။ နေရာ၌ လိမ္မာကျွမ်းကျင်သည် လည်းကောင်း၊ နေမှု၌ လိမ္မာကျွမ်းကျင်သည်လည်းကောင်းဖြစ်ရာ၏။ မထေရ် ဖြစ်ကုန်သောရဟန်းတို့ကို မတိုးဝှေ့သဖြင့် သီတင်းငယ်ဖြစ်ကုန်သောရဟန်းတို့ကို နေရာဖြင့်မတားမြစ်ပဲ မိမိအားလျောက်ပတ်သောနေရာ၌ ထိုင်နေအပ်၏။

အထူးထူးအပြားပြား အကျိုးမရှိသောစကား၊ သုဂတိမဂ်ဖိုလ်၏ ဖီလာဖြစ်သောစကားတို့ကို မဆိုအပ်၊ ကိုယ်တိုင်မူလည်း သုတ်အဘိဓမ္မာဝိနည်းစကားကို ပြောဟောအပ်၏၊ စွမ်းနိုင်သောသူတပါးကိုမူလည်း တိုက်တွန်းအပ်၏၊ မြွက်သည်ဖြစ်သော ကမ္မဋ္ဌာန်းနှလုံးသွင်းသဖြင့် ဆိတ်ဆိတ်နေသောရဟန်းကို မထိမဲ့မြင်မပြုအပ်၊ သံဃာသည် ခွင့်ပြုအပ်သဖြင့် မေးစိစစ်လိုသောဝိနည်းဓိုရ်ပုဂ္ဂိုလ်သည် စောဒက စုဒိတကတို့၏ ဥပဇ္ဈာယ်ဆရာကို မမေးအပ်. ယင်းတို့၏(နိဿယည်း စသော)ဆရာကို၊ အတူနေတပည့်ကို၊ အနီးနေတပည့်ကို၊ တူသောဥပဇ္ဈာယ်ရှိသူကို၊ တူသောဆရာရှိသူကို၊ အမျိုးကို၊ အမည်ကို၊ အနွယ်ကို၊ ဒီဃဘာဏကစသောအာဂုံကို၊ အမျိုးအထူးတို့၊ မွေးဖွားရာအရပ်မြေကို (ဤအလုံးစုံကို)မမေးအပ်၊ အဘယ်ကြောင့် မမေးအပ်သနည်းဟူမူ ထိုသို့မေးရာ၌(မေးသည်ရှိသော်) ထိုစောဒက စုဒိတကတို့အပေါ်၌ ချစ်ခြင်းသည်လည်းကောင်း၊ မုန်းခြင်းသည်လည်းကောင်း ဖြစ်လေရာ၏။ ချစ်ခြင်းသည်လည်းကောင်း၊ မုန်းခြင်းသည်လည်းကောင်း တမျိုးမျိုးဖြစ်လတ်သော် ချစ်သောအားဖြင့်လည်း မလားအပ်သည်သို့လည်း လားရာ၏၊ မုန်းသောအားဖြင့်လည်း မလားအပ်သည်သို့ လားရာ၏။ တွေဝေသော(မသိနားမလည်သော)အားဖြင့်လည်း မလားအပ်သည်သို့လည်း လားရာ၏၊ ကြောက်သောအားဖြင့်လည်း မလားအပ်သည်သို့လည်း လားရာ၏၊ ထို့ကြောင့်မမေးအပ်ဟူလို။

“သံဃာကခွင့်ပြုအပ်သော မေးစိစစ်လိုသော ဝိနည်းဓိုရ်ပုဂ္ဂိုလ်သည်သံဃဂရုကေန ဘဝိတဗ္ဗံ နော ပုဂ္ဂလဂရုကေန” သံဃာကိုအလေးပြုသည်ဖြစ်ရာ၏။ ပုဂ္ဂိုလ်ကိုအလေးပြုသည် မဖြစ်ရာ၊ ‘သဒ္ဓမ္မဂရုကေနဘာဝိတဗ္ဗံ နောအာမိသဂရုကေန” သူတော်ကောင်းတရား (သာသနာတော်) ကိုအလေးပြုသည်ဖြစ်ရာ၏၊ လောကာမိသပစ္စယာမိသကို အလေးပြုသည်မဖြစ်ရာ၊ အနက်အားဖြင့် ဆုံးဖြတ်သည်ဖြစ်ရာ၏၊ ပရိတ်သတ်အကြိုက်သို့လိုက်၍ဆိုသည်မဖြစ်ရာ၊ လျောက်ပတ်သောအခါ၌ မေးစိစစ်အပ်၏၊ မလျောက်ပတ်သောအခါ၌ မမေးစိစစ်အပ်၊ ဟုတ်မှန်သောအားဖြင့် မေးစိစစ်အပ်၏၊ မဟုတ်မမှန်သောအားဖြင့် မမေးစိစစ်အပ်၊ နူးညံ့သိမ်မွေ့သဖြင့် မေးစိအပ်၏၊ ကြမ်းတမ်းသော အားဖြင့် မမေးစိစစ်အပ် အကျိုးစီးပွားနှင့် စပ်ယှဉ်သဖြင့် မေးစိစစ်အပ်၏၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သဖြင့် မမေးစိစစ်အပ်၊ မေတ္တာစိတ်ဖြင့် မေးစိစစ်အပ်၏၊ ဒေါသစိတ်ဖြင့် မမေးစိစစ်အပ်၊ နားရင်း၌တိုင်ပင်သည် မဖြစ်ရာ၊ အပြစ်ကိုမရှာအပ်၊ မျက်စိကိုမမှိတ်အပ်၊ မျက်မှောင်ကိုမချီအပ်၊ ဦးခေါင်းကိုမမော့အပ်၊ လက်ယပ်ခြင်းကို မပြုအပ်၊ ရထားထမ်းပိုးတပြန်မျှကိုကြည့်သဖြင့် ဆုံးဖြတ်အပ်သော အနက်ကို မှတ်သဖြင့်မိမိအား ရောက်သောနေရာ၌ ထိုင်နေအပ်၏၊ နေရာမှမထအပ်၊ အဆုံးအဖြတ်ကိုမယုတ်လျော့စေအပ်၊ ကောက်သောခရီးကို မမှီဝဲအပ်၊ လက်ရုံးကိုခါ၍ မပြောဆိုအပ်၊ ဖြန်းဖြန်းကောတော မဆုံးဖြတ်အပ်သည်၊ အဆောတလျင်ပြုလေ့မရှိသည် ဖြစ်ရာ၏။

မကြမ်းထမ်းသည် မကောင်းသဖြင့်ဆိုအပ်သော စကားကိုသည်းခံလေ့ရှိသည်ဖြစ်ရာ၏၊ မေတ္တာစိတ်ရှိသည် အစီးအပွားကိုစောင့်ရှောက်သည် ဖြစ်ရာ၏၊ သနားခြင်းရှိသည် အစီးအပွားကိုရှာလေ့ရှိသည် ဖြစ်ရာ၏၊ ပြိန်ဖျင်းသော စကားကိုမဆိုသည် အဆုံးတိုင်အောင်သောစကားကို ဆိုသည်ဖြစ်ရာ၏၊ ရန်သူ၏အလိုသို့ မလိုက်သည် မငြင်းခုံသောစကားရှိသည်ဖြစ်ရာ၏၊ မိမိကိုယ်ကို စူးစမ်းဆင်ခြင်အပ်၏၊ ပရိသတ်တည်း ဟူသော သူတပါးကို စူးစမ်းဆင်ခြင်အပ်၏၊ စောဒနာတတ်သောပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်အပ်၏၊ စောဒနာအပ်သောပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်အပ်၏၊ မတရားသဖြင့် စောဒနာတတ်သောပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်အပ်၏၊ မတရားသဖြင့်စောဒနာအပ်သောပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်အပ်၏၊တရားသဖြင့်စောဒနာတတ်သောပုဂ္ဂိုလ်ကိုစူးစမ်း ဆင်ခြင်အပ်၏။ တရားသဖြင့် စောဒနာအပ်သော ပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်အပ်၏။ စောဒကစုဒိတက တို့ဆိုသော စကားကိုမယုတ်လျော့စေသဖြင့်မဆိုအပ်သောစကားကို မပြသဖြင့် သံဃာဘောင်သို့သက်ကုန်သော ပုဒ်ဝါကျတို့ကိုကောင်းစွာကောက်ယူ၍ ပရိသတ်တည်းဟူသော သူတပါးကိုမေး၍ဝန်ခံသည့်အလျောက် ဆုံးဖြတ်အပ်၏၊ တွေဝေမိန်းမောသောသူကို ရှင်စေအပ်၏၊ ကြောက်ရွံ့တတ်သောသူကို နှစ်သိမ့်စေအပ်၏၊ ကြမ်းတမ်းသောသူကို တားမြစ်အပ်၏၊ မစင်ကြယ်သော အလဇ္ဇီကိုထင်စွာပြုအပ်၏၊ ဖြောင့်မတ်သောစိတ်ရှိသူကို နူးညံ့သည်၏အဖြစ်ဖြင့် ပြောဆိုအပ်၏၊

ချစ်သောအားဖြင့်မလားအပ်သည်သို့လည်း မလားအပ်၊ မုန်းသောအားဖြင့် မလားအပ်သည်သို့လည်း မလားအပ်၊ တွေဝေသောအားဖြင့် မလားအပ်သည်သို့လည်းမလားအပ်၊ ကြောက်သောအားဖြင့် မလားအပ်သည်သို့လည်း မလားအပ်၊ တရားတို့၌လည်းကောင်း၊ ပုဂ္ဂိုလ်တို့၌လည်းကောင်း လျစ်လျူရှုသည်ဖြစ်ရာ၏၊ဤသို့လျှင်မေးစိစစ်တတ်သော ဝိနည်းဓိုရ် ရဟန်းတော်သည်မေးစိစစ်သည်ရှိသော် 'သတ္ထုစေဝသာသနကရော ဟောတိ၊ဝိညူနဉ္စ သမ္ပြဟွစာရီနံ ပိယော စဟောတိ မနာပေါစ ဂရုစ ဘာဝနိယောစ"

မြတ်စွာဘုရား၏(အဆုံးအမ)သာသနာတော်ကို ပြုသည်လည်းဖြစ်၏၊ သိတင်းသုံးဖေါ်သည် ချစ်အပ်သည်လည်းကောင်း၊ နှစ်သက် အပ်သည် လည်း ကောင်း၊ အလေး ပြုအပ်သည်လည်းကောင်း၊ မေတ္တာဖြင့်ပွားစေအပ်သည်လည်းကောင်းဖြစ်၏၊(ထိုမှတပါး ဝိနည်းဓိုရ်များအထူးလိုက်နာကျင့်သုံးဘွယ်အချက်များမှာ)ငါက ခြေရုံသင်းပင်းများသူတည်းဟု နှလုံးပိုက်၍ခြေရုံ သင်းပင်း နည်းသူကို မထေမဲ့မြင်မပြုအပ်၊ ငါက ပညာ ဗဟုသုတရှိသူတည်းဟု နှလုံးပိုက်၍ ပညာဗဟုသုတမရှိသူကို မထေမဲ့မြင်မပြုအပ်၊ ငါကထေရ်ကြီး ဝါကြီးဖြစ်သည်ဟူ၍ နှလုံးသွင်းကာ သိတင်းငယ်ရဟန်းကို မထေမဲ့မြင်မပြုအပ်၊ ယင်းသို့စသောအားဖြင့် ပရိဝါ• ပါဠိတော်လာ မဟာသင်္ဂါမအခန်း၌ များစွာလာရှိပေ၏။

ထို့ပြင် ဥပါလိပဥ္စကအတ္တဒါန စသော အခန်းများ၌လည်း ဝိနည်းခိုရိမှတ်ယူကျင့်သုံးဖွယ်ရာ များစွာ လာရှိပေသေး၏။

## ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ စီရင်ဆုံးဖြတ်ပုံ

၃၆။ စောဒနာယ ကော အာဒိ၊ ကိံ မဇ္ဈေ ကိံ ပရိယောသာနံ၊
စောဒနာယပြကာသ ကမ္မံ အာဒိ၊ ကရိယာ မဇ္ဈေ၊
သမထော ပရိယောသာနံ။
(ပရိဝါ ပါဠိ စောဒနာ ကဏ္ဍ)

စောဒနာခြင်း၏ အခွင့်တောင်းခြင်း အမှုသည်အစတည်း။ဆုံးဖြတ်ခြင်းကို ပြုခြင်းသည် အလယ်တည်း၊ အဓိကရဏ်းမှုခင်း ငြိမ်းခြင်းသည် အဆုံးတည်း၊ စီရင်ဆုံးဖြတ်ပုံကို ယင်းပါဠိတော်အရ ဖွင့်ဆိုသော အဋ္ဌကထာစကားကို အမှီပြု၍ ပြဆိုပေအံ့။ ၎င်းကိုမပြဆိုမီ စောဒနာရန် အခွင့် တောင်းမှု အတွက် အခွင့်တောင်းမှုကို မပြုသင့်သောပုဂ္ဂိုလ်၊ ပြုသင့်သောပုဂ္ဂိုလ် တို့ကို ရှေးဦးစွာသိထားဘို့ လိုပေ၏။

## ၃၇။ စောဒနာ ခွင့်တောင်းမှု မပြုထိုက်သော ပုဂ္ဂိုလ်အင်္ဂါ (၅)ပါး

၁။ အလဇ္ဇီ စ ဟောတိ– အရှက် မရှိသည်လည်း ဖြစ်၏။
၂။ ဗာလော စ–မလိမ္မာသည်လည်း ဖြစ်၏။
၃။ အပကတတ္တော စ–ပကတတ် ရဟန်းမဟုတ်သည်လည်း ဖြစ်၏။
၄။ စာဝနာဓိပ္ပါယာဝတ္တာ–သာသနာတော်မှ ရွေ့လျောစေလို၍ ဆိုသည်ဖြစ်၏။

၅။ နေဝဝုဋ္ဌာနာဓိပ္ပါယော၊ အာပတ်မှ ထစေလို၍ ဆိုသည် မဟုတ်။

စေဒနာ ခွင့်တောင်းမှု ပြုထိုက်သော ပုဂ္ဂိုလ်
အင်္ဂါ (၅) ပါး

၁။ လဇ္ဇီ စ ဟောတိ–အရှက်ရှိသည်လည်း ဖြစ်၏။
၂။ ပဏ္ဍိတော စ ( ။ )ပညာရှိသည်လည်း ဖြစ်၏။
၃။ ပကတတ္တော စ ( ။ )ပကတတ်ရဟန်းလည်း ဖြစ်၏။
၄။ ဝုဋ္ဌာနာဓိပ္ပါယော ဝတ္တာ ( ။ ) အာပတ်မှထစေလို၍ ဆိုသည် ဖြစ်၏။
၅။ နေဝ စာဝနာဓိပ္ပါယော ဝတ္တာ ဟောတိ·သာသနာတော်မှ ရွေ့လျောစေလို၍ ဆိုသည် မဟုတ်။

(ဥပါလိပဉ္စကအဋ္ဌကထာဝိကမ္မဝဂ်)

အတ္တာဒါနဝဂ်၌လာသော–စေဒနာ ခွင့်တောင်းမှု
မပြုထိုက်သော ပုဂ္ဂိုလ် အင်္ဂါ (၅) ပါး

၁။ အပရိသုဒ္ဓကာယ သမာစာရော ဟောတိ– မသန့်ရှင်း မစင်ကြယ်သော ကိုယ် အကျင့် ရှိသည် ဖြစ်၏။
၂။ အပရိသုဒ္ဓဝစီ သမာစာရော ဟောတိ– မသန့်ရှင်းမစင်ကြယ်သော နှုတ်အကျင့် ရှိသည် ဖြစ်၏။

၃။ အပရိသုဒ္ဓါ ဇီဝေါ ဟောတိ– မသန့်ရှင်း မစင်ကြယ်
သော အသက်မွေးခြင်း ရှိသည်
ဖြစ်၏။

၄။ ဗာလော ဟောတိ အဗျတ္တော–မိုက်သည်မလိမ္မာသည်
ဖြစ်၏။

၅။ န ပဋိဗလော အနုယုဥ္ဇိယမာနော အနုယောဂံ ဒါတုံ–
မေး စိ စစ် အပ် သည် ရှိ သော်
မေး စိစစ် ခြင်းကို ပေးခြင်းငှာ
မစွမ်းနိုင်။

✻✻✻✻✻

## ၃၀။ စောဒနာ ခွင့်တောင်းမှုကို ပြုထိုက်သော ပုဂ္ဂိုလ် အင်္ဂါ (၅) ပါး

၁။ ပရိသုဒ္ဓကာယ သမာစာရော ဟောတိ။

၂။ ပရိသုဒ္ဓဝစီ သမာစာရော ဟောတိ။

၃။ ပရိသုဒ္ဓါဇီဝေါ ဟောတိ။

၄။ ပဏ္ဍိတော ဟောတိဗျတ္တော– ပညာရှိသည် လိမ္မာသည်
ဖြစ်၏။

၅။ ပဋိဗလော ဟောတို– အနုယုဥ္ဇိ ယမာနော အနုယောဂံ ဒါတုံ–မေး စိ စစ် အပ် သည်
ရှိသော် မေးစိစစ်ခြင်းကို ပေး
ခြင်းငှာ စွမ်းနိုင်၏။

၃၉။ စောဒနာခြင်းကို ပြုရာ၌ အလိုနှလုံး သွင်းနှင့် စပ်၍ ခွင့်တောင်းသင့် မတောင်းသင့်သော အရာများ

၁။ စာဝနာဓိပ္ပါယော— သာသနာတော်မှ ရွေ့လျောစေ လိုခြင်း။
၂။ အက္ကောသာဓိပ္ပါယော-ဆဲရေးလိုခြင်း။
၃။ ကမ္မာဓိပ္ပါယော-(တဇ္ဇနီယ စသော)ကံ ပြုလိုခြင်း။
၄။ ဝုဋ္ဌာနာဓိပ္ပါယော- အာပတ်မှ ထစေလိုခြင်း။
၅။ ဥပေါသထပဝါရဏာဋ္ဌပနာဓိပ္ပါယော-ဥပုသ်ပဝါရဏာ- ထားလို(တားမြစ်) လိုခြင်း။
၆။ အနုဝိဇ္ဇနာဓိပ္ပါယော- (ဝိနည်းမိုရိက) မေးမြန်း စိစစ် လိုခြင်း။
၇။ ဓမ္မကထာဓိပ္ပါယော-တရားစကား ဟောကြားလိုခြင်း။ စသော အားဖြင့် များ သော အပြား ရှိ၏။

တတ္ထပုရိမေသု စတူသု အဓိပ္ပါယေသု ဩကာသံ အကာရာပေန္တဿ ဒုက္ကဋ္ဌံ။

(ပါရာ-ဋ္ဌ-ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဖွင့်)

စာဝနာဓိပ္ပါယ- အက္ကောသာဓိပ္ပါယ- ကမ္မာဓိပ္ပါယ— ဝုဋ္ဌာနာဓိပ္ပါယ (၄) မျိုး တို့၌ စောဒနာ ခွင့်ကို မပြုစေသော (စောဒနာ ပြုခွင့် မတောင်းသော) ရဟန်းအား ဒုက္ကဋ် အာပတ် သင့်၏ ဟူလို။

ကုရုန္ဒိ အဋ္ဌကထာ၌ကား အာပတ်မှ ထစေလိုသော အလို ဖြင့် "သင်သည် ဤမည်သော အာပတ်သို့ ရောက်၏။ ထိုအာ ပတ်ကို ကုစားလော့" ဟု ဆိုသော ရဟန်းအား အခွင့် တောင်း ဖွယ် ကိစ္စမရှိဟု မိန့်ဆိုထား သတတ်။"

(ဤကား စောဒနာ ခွင့်တောင်း မှုနှင့် သက်ဆိုင် သော သိ မှတ်ဖွယ်ရာတို့ ပေတည်း)။

## ၄၀။ စိရင်ဆုံးဖြတ်ပုံ အဋ္ဌကထာ ညွှန်ကြားချက်

ဓေ၀ိယာယ ကာယစိ စောဒနာယ ဝသေန သံဃမဇ္ဈေ ဩသဋ္ဌေ ဝတ္ထုသ္မိံ စုဒိတက စောဒကေသုပဋိပတ္တိံ ဥတွာတဿာယေဝ စောဒနာယ သမ္ပတ္တိ ဝိပတ္တိ ဇာနနတ္ထံ အာဒိမဇ္ဈ ပရိယော သာနာဒီနံ ဝသေန ဝိနိစ္ဆယော ဝေဒိတဗ္ဗော (ပါရာဇိကကဏ္ဍ အဋ္ဌ ကထာ ဒုဋ္ဌဒေါသ-၁၀၅)။

(မြန်မာပြန်) ဤသို့ အမှတ်မရှိသောစောဒနာခြင်း၏အစွမ်း အားဖြင့် သံဃာအလယ်၌ အမှုအခင်း သက်ရောက်သည် ရှိသော် စုဒိတက စောဒက တို့၏ အကျင့်ကိုသိ၍ ထိုစောဒနာခြင်း၏သာ လျှင် သမ္ပတ္တိ ပြည့်စုံမှု၊ ဝိပတ္တိ-မပြည့်စုံမှုကိုသိခြင်းငှာ အစအလယ် အဆုံး အစရှိသည်တို့၏ အစွမ်းဖြင့် အဆုံး အဖြတ်ကို သိအပ်၏။

### စုဒိတက စောဒကတို့၌ အကျင့်ကို သိရှိရန် အကဲခပ်ပုံ။

အဓမ္မ စောဒကကိုလည်းကောင်း၊ အဓမ္မ စုဒိတကကိုလည်း ကောင်း စူးစမ်းအပ်၏၊ ဓမ္မစောဒကကိုလည်းကောင်း၊ ဓမ္မ စုဒိတကကိုလည်းကောင်း စူးစမ်း အပ်၏၊ စောဒက ပုဂ္ဂိုလ်

သည် (၇)ပါးသော ကျင့်ဝတ်တို့၌ တည်၍ စောဒနာခြင်း ဟုတ်သလော- မဟုတ်သလော- ဤသို့ စောဒကာ၏ အခြင်းအရာကိုသိအပ်၏ စုဒိတက ပုဂ္ဂိုလ်သည် သစ္စ-အကုပ္ပ ဟူသော ကျင့်ဝတ်(၂)၌ တည်သလော၊ မတည်သလော၊ ဤသို့ စုဒိတက၏ အခြင်းအရာကို သိအပ်၏။

ဤအရှင်သည် တပါးသော ဝတ္ထုမှလည်း တပါးသော ဝတ္ထုသို့ ရွှေ့ပြောင်းသလော၊ မရွှေ့ပြောင်းသလော၊ တပါးသော ဝိပတ္တိမှလည်း၊ တပါးသော ဝိပတ္တိသို့ပြောင်းရွှေ့သလော၊ မပြောင်းရွှေ့သလော၊ တပါးသော အာပတ်မှလည်း တပါးသော အာပတ်သို့ ပြောင်းရွှေ့သလော၊ မပြောင်းရွှေ့သလော ဝန်ခံပြီး၍ မှုလည်း ပယ်သလော၊ မပယ်သလော၊ ပယ်ပြီး၍မှုလည်း ဝန်ခံသလော၊ ဝန်မခံသလော၊ တပါးသော စကားဖြင့်မှုလည်း တပါးသော စကားကို (အကြောင်းကို) ဖုံးကွယ်၍ ကျင့်သလော၊ မကျင့်သလော၊ ယင်းသို့ စသည်ဖြင့် စုဒိတက စောဒကတို့၌ အကျင့်ကိုသိရန် အကဲခပ်ရာ၏။

၄၁။ သေယျထိဒံ၊ စောဒနာယ ကော အာဒိ၊ ကိံ မဇ္ဈေ ကိံ ပရိယောသာနံ စောဒနာယ အဟံ တံ ဝတ္ထုကာမော ကရောတုမေ အာယသ္မာ ဩကာသန္တိ ဧဝံ ဩကာသကမ္မံ အာဒိ ဩတိဏ္ဏေန ဝတ္ထုနာ စောဒေတွာ သာရေတွာ ဝိနိစ္ဆယော မဇ္ဈေ၊ အာပတ္တိယံ ဝါ အနာပတ္တိယံ ဝါ ပတိဋ္ဌာပနေန သမထော ပရိယောသာနံ။ (ငင်းအဋ္ဌကထာ)။

(မြန်မာပြန်) အဘယ်သို့ သိအပ်သနည်း ဟူမူကား စောဒနာခြင်း၏ အဘယ်သည် အစမည်သနည်း၊ အဘယ်သည် အလယ်မည်သနည်း၊ အဘယ်သည် အဆုံးမည်သနည်း၊ စောဒနာခြင်း

၏“အဟံတံ ဝတ္တု[ကာမေဝကရောတုမေ အာယသ္မာသြကာသံ” “ဟပည့်တော်သည် အရှင့်ကိုဆိုလိုပါ၏အရှင်သည်တပည့်တော် အားဆိုခွင့်ပြုပါ”(ကြီး-ငယ်-အလိုက်သင့်သလိုဆိုရန်)ဤသို့အ ခွင့်တောင်းခြင်းအမှုသည် အစမည်၏။သက်ရောက်သော ဝတ္ထု (မှုခင်း)ဖြင့် စောဒနာ၍ အောက်မေ့စေ၍ ဆုံးဖြတ်ခြင်းသည် အလယ်မည်၏။ အာပတ်သင့်ခြင်း၌လည်းကောင်း၊ အာပတ် မသင့်ခြင်း၌လည်းကောင်း တည်စေသဖြင့် (အဓိကရဏ်း - မှုခင်း) ငြိမ်းခြင်းသည် အဆုံးမည်၏။ ယင်းသို့ ပြဆိုအပ်သော အစဉ်အားဖြင့် စောဒကပုဂ္ဂိုလ်သည် ပြဆိုအပ်သော အခွင့် တောင်းပုံကို ရှတ်ဆို၍ စုဒိတကကို ရှေးဦးစွာခွင့်တောင်းခြင်း အမှုကို ပြုရပေလိမ့်မည်။

## ၄၂။ ဝိနည်းဓိုရ်၏ မေးစိစစ်ပုံ

အနုဝိဇ္ဇကေန စောဒကော ပုစ္ဆိတဗ္ဗော= စသော ပရိဝါ ပါဠိတော် စောဒနာကဏ္ဍအရ ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည် စောဒက ပုဂ္ဂိုလ်ကို ဤသို့ မေးအပ်၏။ ငါ့ရှင် စောဒက သင်သည် ဤ ရဟန်းကို စောဒနာခြင်းသည် အဘယ်အပြစ်ကြောင့် စောဒနာ သနည်း၊ သီလဝိပတ္တိကြောင့် စောဒနာသလော၊ အာစာရ ဝိပတ္တိကြောင့် စောဒနာသလော၊ ဒိဋ္ဌိ ဝိပတ္တိကြောင့် စောဒနာ သလော၊ ဤသို့မေးအပ်၏၊ သီလဝိပတ္တိကြောင့် စောဒနာပါ၏ စသည်ဖြင့် ဝိပတ္တိတပါးပါးကို ဖြေဆိုအံ့။ သီလဝိပတ္တိကို သိ၏ လော၊ အာစာရ ဝိပတ္တိကို သိ၏လော၊ ဒိဋ္ဌိ ဝိပတ္တိကို သိ၏လော ဟု မေး၍ သိပါ၏ဟု ဖြေဆိုလျှင် သီလဝိပတ္တိ စသည်တို့၏ သရုပ် သဘောကို ထပ်၍မေးရာ၏။ [ယင်းသရုပ်သဘောတို့ကို စော ဒနာ အပြား၌ ပြဆိုခဲ့ပေပြီ။]

## ၄၃။ စောဒနာနည်း တမျိုးမေးပုံ

ငါ့ရှင် စောဒက သင်သည် ဤရဟန်းကို အကြင်သို့ စောဒနာ၏၊ ထိုစောဒနာခြင်းသည် မြင်ခြင်းဖြင့် စောဒနာသလော၊ ကြားခြင်းဖြင့် စောဒနာသလော၊ ယုံမှားခြင်းဖြင့် စောဒနာသလောဟု မေးရာ၏။

[ဒိဋ္ဌ စောဒနာ၊ သုတစောဒနာ ပရိသင်္ကိတ စောဒနာတို့တွင် အဘယ်စောဒနာဖြင့် စောဒနာသနည်း ဟူလို။]

ငါ့ရှင် စောဒက သင်သည် ဤရဟန်းကို မြင်ခြင်းဖြင့် စောဒနာ၏။

၁။ ကိန္တေဒိဋ္ဌံ- သင်သည် အဘယ်ကို မြင်အပ်သနည်း။
၂။ ကိန္တိ တေ ဒိဋ္ဌံ-သင်သည် အဘယ်သို့ (ဘယ်လို) မြင်အပ်သနည်း။
၃။ ကဒါ တေ ဒိဋ္ဌံ-သင်သည် ဘယ်အခါ၌ မြင်အပ်သနည်း။
၄။ ကတ္ထ တေ ဒိဋ္ဌံ -သင်သည် ဘယ်အရပ်၌ မြင်အပ်သနည်း။

သင်သည် အဘယ်အရပ်မှာ နေသနည်း၊ ဤရဟန်းက အဘယ်အရပ်မှာ နေသနည်း၊ သင်က ဘာကို ပြုလုပ်နေသနည်း၊ ဤရဟန်းက ဘာကို ပြုလုပ်နေသနည်း၊ ဤသို့လည်း မေးရာ၏။

## ၄၄။ ကိန္တေဒိဋ္ဌံ စသည်ကို ဖြေဘန်ပုံ

၁။ ကိန္တေဒိဋ္ဌံ- ဟူသော ပုစ္ဆာသည် (၁) ဝတ္ထုကို မေးသော ပုစ္ဆာ။

၂။ ဝိပတ္တိကို မေးသောပုစ္ဆာ၊ (၃)အာပတ်ကို မေးသော ပုစ္ဆာ။ (၄) လွန်ကြူးမှုကိုမေးသော ပုစ္ဆာတို့တည်း။

၁။ ဝတ္ထုပုစ္ဆာ - ဟူသည်ကား

ပါရာဇိက စသော အာပတ်တို့၏ ဝတ္ထုတို့ကို မေးသော ပုစ္ဆာတည်း။

၂။ ဝိပတ္တိပုစ္ဆာ - ဟူသည်ကား

(က) သီလဝိပတ္တိကို မေးသော ပုစ္ဆာ၊ (ခ) အာစာရ ဝိပတ္တိကို မေးသောပုစ္ဆာ၊ (ဂ) ဒိဋ္ဌိဝိပတ္တိကို မေး သောပုစ္ဆာ၊ (ဃ) အာဇီဝ ဝိပတ္တိကို မေးသော ပုစ္ဆာတို့တည်း။

၃။ အာပတ္တိ ပုစ္ဆာ - ဟူသည်ကား။

(က) ပါရာဇိက အာပတ်ကိုမေးသောပုစ္ဆာ၊ (ခ)သံဃာ ဒိသေသ်(ဂ)ထုလ္လစ္စည်း၊ (ဃ) ပါစိတ်၊ (င)ပါဋိ ဒေသနီ၊ (စ) ဒုက္ကဋ (ဆ) ဒုဗ္ဘာသိ အာပတ်တို့ကို မေးသော ပုစ္ဆာတို့တည်း။

၄။ အဇ္ဈာစာရ ပုစ္ဆာ - ဟူသည်ကား။

နှစ်ယောက် နှစ်ယောက်သော သူတို့သည် ရောက်အပ်သော အကျင့်ကို မေးသော ပုစ္ဆာတည်း။

၄၅။ ၂။ ကိန္တိတေဒိဋ္ဌံ - ဟူသော ပုစ္ဆာသည် (က) အသွင်ကို မေးသော ပုစ္ဆာ၊ (ခ) ဣရိယာပုထ်ကို မေးသောပုစ္ဆာ၊ (ဂ) အခြင်းအရာကိုမေးသောပုစ္ဆာ (ဃ) ဖောက်ပြန်မှုကို မေးသောပုစ္ဆာတို့တည်း။

(၁) အသွင်ဟူသည်ကား

(က) အရှည် အမြင့်ကို လည်းကောင်း၊ (ခ) အတို အနိမ့်ကိုလည်းကောင်း၊ (ဂ) အမည်းကိုလည်းကောင်း၊ (ဃ) အဖြူကို လည်းကောင်း၊ မြင်အပ် သလော ဟု မေးသောပုစ္ဆာတည်း။

(၂) ဣရိယာပုထ် ဟူသည်ကား

(က) သွားသည်ကိုလည်းကောင်း၊ (ခ) ရပ်သည်ကိုလည်းကောင်း၊ (ဂ) ထိုင်သည်ကို လည်းကောင်း၊ (ဃ) အိပ်သည်ကို လည်းကောင်း မြင်အပ် သလောဟု မေးသော ပုစ္ဆာတည်း။

၃။ အခြင်းအရာ ဟူသည်ကား

(က) လူ၏အသွင်၌ လည်းကောင်း၊ (ခ) တိတ္ထိ၏အသွင်၌ လည်းကောင်း၊ (ဂ) ရဟန်း၏ အသွင်၌လည်းကောင်း မြင်အပ်သလောဟုမေးသောပုစ္ဆာတည်း။

၄။ ဖောက်ပြန်မှု ဟူသည်ကား။

(က) သွားသည်ကိုလည်းကောင်း၊ (ခ)ရပ်သည်ကိုလည်းကောင်း၊ (ဂ) ထိုင်သည်ကိုလည်းကောင်း၊ (ဃ) အိပ်သည် ကိုလည်းကောင်း မြင်အပ် သလောဟု မေးသော ပုစ္ဆာတည်း။

၄၆။ ၃။ ကဒါ တေဒိဋ္ဌ - ဟူသောပုစ္ဆာသည်(၁)ကာလကို မေးသောပုစ္ဆာ၊ (၂) သမယကို မေးသော ပုစ္ဆာ (၃) နေ့ကိုမေးသော ပုစ္ဆာ၊ (၄) ဥတုကို မေးသော ပုစ္ဆာတို့တည်း။

၁။ ကာလ ဟူသည်ကား။

(က) နံနက်ကာလ၌လည်းကောင်း၊ (ခ) မွန်းတည့်ကာလ၌လည်းကောင်း၊ (ဂ) ညနေ ကာလ၌လည်းကောင်း မြင်အပ်သလောဟုမေးသောပုစ္ဆာတည်း။

၂။ သမယ ဟူသည်ကား။

နံနက်စသော (က)၊ (ခ)၊ (ဂ) တို့ကို မေးသော ပုစ္ဆာတည်း။

၃။ နေ့ကိုမေးသော ပုစ္ဆာ ဟူသည်ကား

(က) ဆွမ်းမစားမီ ရှေးအဖို့၌လည်းကောင်း၊ (ခ) ဆွမ်းစားပြီး သည့်မှနောက်အဖို့၌လည်းကောင်း၊ (ဂ) ညဉ့်၌လည်းကောင်း၊ (ဃ) နေ့၌ လည်းကောင်း၊

(င) လဆုတ်၌လည်းကောင်း၊ (စ) လဆန်း၌လည်းကောင်း၊ မြင်အပ်သလောဟုမေးသောပုစ္ဆာတည်း။

၄။ ကတ္ထ တေ ဒိဋ္ဌ ဟူသောပုစ္ဆာသည် (၁) ဌာနကိုမေးသောပုစ္ဆာ၊ (၂) ဘူမိကိုမေးသောပုစ္ဆာ၊ (၃) ဩကာသကိုမေးသောပုစ္ဆာ၊ (၄) ပဒေသကို မေးသောပုစ္ဆာ တို့တည်း။

(၁) ဌာနဟူသည်ကား

(က) ဘူမိယာ ဝါ (ခ) ပထဝိယာ ဝါ (ဂ) ဓရဏိယာ ဝါ (ဃ) ဇဂတိယာ ဝါ ဟု ဒေသနာဝိလာသအားဖြင့် မြေဟောပရိယာယ်ပုဒ်(၄)မျိုးခွဲခြား၍ ဟောထားသည်။ မြေပေါ်၌ မြင်အပ်သလောဟု မေးသော ပုစ္ဆာတို့တည်း။

၂။ ဘူမိဟူသည်ကား

(က) မြေ၌လည်းကောင်း (ခ) တောင်၌လည်းကောင်း (ဂ) ကျောက်၌လည်းကောင်း (ဃ)ပြာသာဒ်၌လည်းကောင်း မြင်အပ်သလောဟု မေး သော ပုစ္ဆာတို့တည်း။

၃။ ဩကာသ (၄)ပဒေသ ဟူသည်ကား

(က) အရှေ့အရပ်၌ လည်းကောင်း (ခ) အနောက်အရပ်၌လည်းကောင်း (ဂ) မြောက် အ ရပ် ၌ လည်းကောင်း (ဃ) တောင်အရပ်၌လည်းကောင်း

မြင်အပ်သလောဟု မေးသောပုစ္ဆာတို့တည်း။
(ဤသည်ကား ဒိဋ္ဌစောဒနာဖြင့် စောဒနာသော စောဒကပုဂ္ဂိုလ်ကို ဝိနည်းဓိုရ်ပုဂ္ဂိုလ်က မေးခွန်း ထုတ်ပုံတည်း။)

(ဤ ဒိဋ္ဌစောဒနာခန်း၌၊ စောဒနာကဏ္ဍ၌ လာရှိသောမေးခွန်းထုတ်ပုံကို မဟာသင်္ဂါမခန်း၌လာရှိသော နည်းဖြင့် ဖြည့်စွက်၍ ကျယ်ဝန်းစွာပြဆိုသွားခြင်းသည် ဝိနည်းဥပဒေတော်၌ ကျနသေချာ၍ ကြည်ညိုလေးစားဖွယ်ကောင်းပုံကို ထင်ရှားစေရန် ပြဆိုခြင်း ဖြစ်ပေသည်။)

၄၈။ သုတစောဒနာရှင်ကို ဝိနည်းဓိုရ်မေးပုံ

ငါ့ရှင်စောဒက သင်သည် ဤရဟန်းကိုကြားခြင်းဖြင့် စောဒနာ၏။

ကိန္တေ သုတံ သင်သည်ဘာကိုကြားသနည်း။
ကိန္တိ တေ သုတံ သင်သည် အဘယ်သို့ (ဘယ်လို) ကြားသနည်း။
ကဒါ တေ သုတံ သင်သည် အဘယ်အခါ၌ကြားသနည်း။
ကတ္ထ တေ သုတံ သင်သည် အဘယ်အရပ်၌ ကြားသနည်း။

ပါရာဇိကအာပတ်သို့ရောက်သည်ဟု ကြားသလော၊ သံဃာဒိသေသ်ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ် ဒုဗ္ဘာသီအာပတ်သို့ ရောက်သည်ဟု ကြားသလော။ ရဟန်းယောကျ်ား၏အထံ၌ ကြားသလော၊ ရဟန်း မိန်းမ၏အထံ၌ ကြားသလော၊ သိက္ခမာန်၏ သာမဏေ ယောကျ်ား၏ သာမဏေမ၏၊ ဒါယကာယောကျ်ား၏၊ ဒါယိကာမ၏၊ မင်းတို့၏၊ မင်းအမတ်ကြီးတို့၏၊ တိတ္ထိ တို့၏၊ တိတ္ထိသာဝကတို့၏ အထံ၌ ကြားသလော ဤသို့ မေးရာ၏။

## ၄၉။ ပဋိသင်္ကိတစောဒနာရှင်ကို ဝိနည်းဓိုရ်မေးပုံ

ငါ့ရှင်စောဒက သင်သည် ဤရဟန်းကိုယုံမှားခြင်း ဖြင့် စောဒနာ၏။

ကိံ ပရိသင်္ကသိ ဘာကိုယုံမှားသနည်း။

ကိန္တိ ပရိသင်္ကသိ အဘယ်သို့ (ဘယ်လို) ယုံမှား သနည်း။

ကဒါ ပရိသင်္ကသိ အဘယ်အခါ၌ ယုံမှားသနည်း။

ကတ္ထ ပရိသင်္ကသိ ဘယ်အရပ်၌ ယုံမှားသနည်း။

ပါရာဇိကအာပတ်သို့ရောက်သည်ဟုယုံမှားသလော၊ သံဃာဒိသေသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ်၊ ဒုဗ္ဘာသီအာပတ်သို့ရောက်သည်ဟု ယုံမှားသ လော၊ ရဟန်းယောကျ်ား၏စကားကို ကြား၍ ယုံမှား

သလော၊ (ပေယျာလ) တိတ္ထိတ ပဍ္ဍိတ သားတို့၏ စကားကိုကြား၍ ယုံမှားသလော ဤသို့မေးရာ၏။ ဩတိဏ္ဏေန ဝတ္ထုနာ စောဒိတဗ္ဗော သာရေတဗ္ဗော အရ စောဒနာဖြင့် စောဒက-က စောဒနာပြီး၍ စောဒနာ အပ်သော စုဒိတကကို (စောဒနာသည့်အတိုင်းဟုတ်–မဟုတ်) အောက်မေ့စေရာ၏၊ ယင်းသို့အောက်မေ့ စေသည်ရှိသော် စောဒက က စောဒနာသောပြစ်ချက် များကို မိမိမှာမရှိကြောင်း ချေပပေလိမ့်မည်။

## ၅၀။ မေးစိစစ်ရာ၌ အရေးကြီးသော်အချက်

ဤနေရာ၌-ဝိနည်းပုဂ္ဂိုလ်၏ အနုယောဂဝတ်-မေး စိစစ်ရာသောဝတ် အရေးကြီးပုံကို သုတ္တေ ဝိနယေ စသော ပါဠိတော်၏အနက်အဓိပ္ပါယ်ကို အဋ္ဌကထာ၌ ဤသို့မိန့်ဆိုဖွင့်ပြထားပေ၏။

အယံ ပနေတ္ထ သာဓိပ္ပါယသင်္ခေပဝဏ္ဏနာ။ သစေ တံ့ အနုဝိဇ္ဇကော မာသံဟာသာ ဘဏိ မာအနတ္ထသံဟိတ ဝိဂ္ဂါဟိတကထံ ဘဏိ၊ ယံ ပန ကုသလေန ဗုဒ္ဓိမတာ လောကနာထေန ဧတေသု သုတ္တာဒိသု အနုယောဂဝတ္တံ ကထံသုပဉ္ဉတ္တံ သဗ္ဗသိက္ခာပဒါနံ အနုလောမံ တံ နိဿာမယ တံ ဥပဓာရေဟီတိ။ (ပရိဝါ-ဋ္ဌ-ဒုတိယဂါထာ သင်္ဂဏိက။)

(မြန်မာပြန်) ဤဆိုလတ္တံ့သည်ကား ဤအန္နယောဂဝတ်ကိုပြဆိုရာ၌ အဓိပ္ပါယ်နှင့်တကွ အကျဉ်းဖြစ်သောဖွင့်ဆိုခြင်းဘည်း၊ သင်သည် အကယ်၍ မေးစိစစ်သော ဝိနည်းဓိုရ်ငြစ်ငြားအံ့၊ အဆော်တလျင် မဆိုပါလင့်၊ အကျိုးစီးပွားနှင့်မစပ်သော ငြင်းခုံခြင်းကို ဖြစ်စေတတ်သော စကားကိုမဆိုပါလင့်၊ ကမ်းတဘက်သို့ရောက် ဉာဏ်ပညာရှိတော်မူသော မြတ်စွာဘုရားသည် ထိုဉဘတောဝိဘင်း မဟာဝဂ္ဂ စူဠဝဂ္ဂ ခန္ဓက ပရိဝါ အလုံးစုံသော ဝိနည်းပညတ် မဟာဒေသလေးပါးတို့၌ အကြင်မေးစိစစ်ရာသော(အနုယောဂ)ဝတ်ကို ထုတ်ဆောင်၍ထားအပ်ပြီ၊ ကောင်းစွာပညတ်တော်မူအပ်၏။

အလုံးစုံသောသိက္ခာပုဒ်တော်အားလျော်၏၊ ထိုအန္နယောဂဝတ်ကို စူးစမ်းဆင်ခြင်လော့။

ဂတိံ န နာသန္တော သမ္ပရာယိကံ–တမလွန်သံသရာ၌ မိမိ၏သုဂတိဘဝသို့ ဖြစ်ခြင်း လားခြင်းကို မပျက်စီးစေမူ၍ ဝါ၊မပျက်စီးစေလိုလျှင်(နာဂတ်ကာလ၊ မာနန္တထွန်းပြကာမတ္တာ။) ထိုအန္နယောဂ ဝတ်ကို စူးစမ်းဆင်ခြင်လော့ ဟု မိန့်ဆိုပြန်ရာ ၎င်းကိုစကားကျကောက်လျှင်–အနုယောဂဝတ်ကို မစူးစမ်း မဆင်ခြင်ပဲ ဆုံးဖြတ်လျှင် တမလွန်သံသရာ၌ မိမိ၏သုဂတိဘဝသို့ လားခြင်း ရောက်ခြင်းကိုဖျက်ဆီးခြင်းဖြစ်သည်ဟုဆိုလိုသည်။

စုဒိတကဿ စ စောဒကဿ စ သဟသာ ဝေါဟာရံ မာ ခါရေသိ– ဟူသောမိန့်ဆိုချက်အရ စုဒိတက စောဒကတို့၏ အသောတလျင် ဆိုအပ်သောစကားကို မမှတ်လင့်ဦး၊ (အတည်မပြုလင့်ဦး၊) ယင်းမိန့်ဆိုချက်အရ စောဒက စုဒိတကတို့ကို အကြိမ်ကြိမ် အထပ်ထပ်မေးမြန်းစိစစ်၍ ၎င်းတို့၏ ထွက်ဆိုချက်အရ စဉ်းစားနိုင်းချိန်ကာ အတည်ပြုသင့်သောစကားများကို ရေးမှတ်အတည်ပြု၍ စုဒိတက၏ ပဋိညာဉ်အားလျော်စွာ ဆုံးဖြတ်ရပေလိမ့်မည်။ ထို့ကြောင့်–

ဝုတ္တံ အဟာပေန္တေန အဝုတ္တံ ပကာသေန္တေန
ဩတိဏ္ဏာနိပဒဗျဉ္ဇနာနိ သာဓုကံ ပရိဂ္ဂဟေတွာ ပရော
ပဋိပုစ္ဆိတွာ ယထာ ပဋိညာယ ကာရေတဗ္ဗော– ဟု
စူဠသင်္ဂါမဋ္ဌ မိန့်ကြားတော်မူပေ၏။

(မြန်မာပြန်ကို ဝိနည်းမိုရ်အခန်း၌ ပြဆိုခဲ့ပေပြီ)

**အထူးသတိပြုဖွယ်ကား** — ဝုတ္တံ အဟာပေန္တေန ဟု မိန့်ဆိုခြင်းကြောင့် စောဒက စုဒိတကတို့၏ ထွက်ဆိုသော စကား ကို ဆိုသည့်အတိုင်းမယုတ်လျော့စေပဲ၊ ၎င်းတို့မထွက်ဆိုသောစကားကို အပိုဖေါ်မပြပဲ၊ ရေးမှတ်ရန်ဖြစ်သည်။ ယထာ ပဋိညာယ ကာရေတဗ္ဗော– ဟူသောမိန့်ဆိုချက်အရ ဝန်ခံသည့် အား လျော် စွာ (ဝန်ခံတိုင်းသော ပဋိညာဉ်ဖြင့်)ဆုံးဖြတ်ရပေလိမ့်မည်။

## ၅၁။ ပဋိညာဉ်သည်

၁။ အနာပတ္တိက အနဝဇ္ဇ ဒေါသာပဂမ= အာပတ်မရှိ အပြစ်ကင်းသည်ဟု ဝန်ခံသော ပဋိညာဉ်။

၂။ အာပတ္တိက သာဝဇ္ဇ ဒေါသောပဂမ= အာပတ် ရှိ သည်၏ အ ဖြစ် သို့ သက်ရောက်သည်ဟု ဝန်ခံသော ပဋိညာဉ်ဟူ၍ နှစ်မျိုးရှိ၏။

အတိုချုပ်အားဖြင့်

၁။ ဒေါသာပဂမ ပဋိညာဉ် (သုဒ္ဓ ပရိညာဉ် ဟူလို)
၂။ ဒေါသောပဂမ ပဋိညာဉ် (အသုဒ္ဓပရိညာဉ် ဟူလို)

## ၅၂။ ပဋိညာဉ်နှင့်စပ်၍ လဇ္ဇီ စုဒိတက အလဇ္ဇီ စုဒိတက ခြားနားပုံ

စောဒကော အာဟ အာပန္နောတိ။ စုဒိတကော အာဟ အနာပန္နောတိဉတော အနုက္ခိပန္တော ပဋိညာနုသန္ဓိ တေနကာရယေ။

ပဋိညာ လဇ္ဇီသု ကတာ အလဇ္ဇီသု ဧဝံ န ဝိဇ္ဇတိ· ဗဟုံမ္ပိ အလဇ္ဇီ ဘာသေယျ ဝုတ္တာနုသန္ဓိတေန ကာရယေ။
(ပရိဝါ ပါ·ဒုတိယဂါထာသင်္ဂဏိကာ)

စောဒကော၊ စောဒနာတတ်သောပုဂ္ဂိုလ်သည်။ တွံ၊ သင်သည်။ အာပန္နော၊ အာပတ်သင့်သည်။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုအံ့။ စုဒိတကော၊ စုဒိတကပုဂ္ဂိုလ်သည်။ အဟံ၊ သည်။ အနာပန္နော၊ အာပတ်မသင့်။ ဣတိ၊ ဤသို့၊ အာဟ၊ ဆိုအံ့။ ဥဘော၊ နှစ်ပါးသော ပုဂ္ဂိုလ်တို့ကို။ အနုက္ခိပန္နော၊ မချီးမြှောက်မူ၍။ ပဋိညာ နုသန္ဓိတေန၊ ဝန်ခံသည်နှင့်စပ်သောစကားအစဉ်ဖြင့်။ (တနည်း) ပဋိညာ ပဋိညာယ၊ ဝန်ခံခြင်းဖြင့်လည်း ကောင်း။ အနုသန္ဓိတေန၊ ဆိုအပ်သောစကား၏စေ့ စပ်ညီညွတ်ခြင်းဖြင့်လည်းကောင်း။ (ဆိုအပ်သော စကားနှင့်စေ့စပ်ညီညွတ်သော ပဋိညာဉ်ဟူလို။) ကာရယေ၊ ဆုံးဖြတ်ရာ၏။

ယင်းပဉ္စမဂါထာ၌– အထ ဝါ ပဋိညာယစ အနုသန္ဓိတေန စ ကာရယေ– ဟူသော အဋ္ဌကထာဖွင့်ဆိုချက်အရ ပဋိညာနုံသန္ဓိတေန ကို နှစ်ပုဒ်ခွဲ၍ တနည်း ယောဇနာသည်၊ ယင်းယောဇနာနည်းအရ- ပဋိညာယ ဖြင့် ဆုံးဖြတ်ရမည့်ပုဂ္ဂိုလ် အနုသန္ဓိတဖြင့် ဆုံးဖြတ်ရ မည့်ပုဂ္ဂိုလ်တို့ကို ပိုင်းခြားဝေဘန်ပြလို၍ ဒုတိယဂါ ထာကို ဟောကြားတော်မူသည်။

ယင်းဂါထာ၏အနက်ကား – လဇ္ဇီသု၊ လဇ္ဇီပုဂ္ဂိုလ် တို့၌။ ပဋိညာ ပဋိညာယ၊ ဝန်ခံခြင်းဖြင့်။ ကတာ၊ ဆုံး ဖြတ်အပ်ပြီ။ အလဇ္ဇီသု၊ အလဇ္ဇီပုဂ္ဂိုလ်တို့၌။ ဧဝံ၊ ဤ သို့ပဋိညာဉ်ဖြင့်ဆုံးဖြတ်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

(ယသ္မာ၊ အကြင်ကြောင့်။) အလဇ္ဇီ၊ အလဇ္ဇီပုဂ္ဂိုလ်သည်။ ဗဟုမ္ပိ၊ များစွာသောစကားကိုလည်း။ ဘာသေယျ၊ ဆိုရာ၏။ (တသ္မာ၊ ထို့ကြောင့်။) ဝတ္တာနုသန္ဓိတောန၊ ဆိုအပ်သောစကားနှင့် စေ့စပ်ညီညွတ်သဖြင့်။ (စေ့စပ်ညီညွတ်သော ပဋိညာဉ် ဟူလို) ကာရယေ၊ ဆုံးဖြတ်ရာ၏။

၅၃။ (အဋ္ဌကထာဖွင့်ဆိုပုံ) "တတ္ထ ဝတ္တာနုသန္ဓိတေန ကာရယေတိ ဝတ္တာနုသန္ဓိနာ ကာရယေ" ထိုဒုတိယဂါထာ၌ ဝတ္တာနုသန္ဓိတေန ကာရယေ ဟူသည်ကား ဆိုအပ်သောစကားနှင့် စေ့စပ်ညီညွတ်သည်နှင့်တကွ ဆုံးဖြတ်ရာ၏၊ (မြန်မာပြန်) ယင်းကိုပင် စကားကျအားဖြင့် ထင်ရှားပြခြင်းငှာ— ယာ အဿ ဝတ္တေနသဒ္ဓိံ ပဋိညာ သန္ဓိယတိ တာယ ပဋိညာယ ကာရယေတိ အတ္ထော၊ (ဟု ထပ်မံဖွင့်ပြပေ၏)။

(မြန်မာပြန်) ထိုပုဂ္ဂိုလ်၏ဆိုအပ်သောစကားနှင့်တကွ အကြင်ဝန်ခံခြင်းသည် စေ့စပ်ညီညွတ်၏၊ ထိုဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရာ၏၊

ဤကား ဂဋ္ဌိတ္ထကို ပေါ်ပြသောစကားကျ အဓိပ္ပါယ်တည်း။

(သေတ္တာချလိုက်လျှင်) စုဒိတကဆိုအပ်သောစကားနှင့် ဆက်စပ်ညီညွတ်သောဝန်ခံခြင်းဖြင့် ဆုံးဖြတ်ရာ၏ ဟူလို၊ ဤအရာ၌ "ဝတ္တပုဒ်ကို" "စကား" ဟု ရှေ့ဦးမင်

ဆရာတော် အနက်ယောဇနာထား၏၊ ယင်းသို့အနက် ယောဇနာခြင်းသည်" ကထာနုသန္ဓိသလ္လက္ခေတွာ" ဟူသောအဋ္ဌကထာစကားကိုထောက်၍ အနက်ယော ဇနာခြင်းဖြစ်၏၊ အချို့ပါဠိတော်၌ "ဝတ္တာနုသန္ဓိ တေန" ဟု ပါရှိ၏၊ ဝိမတိဝိနောဒနီဋီကာ၌ကား–

ဝတ္တာနုသန္ဓိတေနာတိ အာစာရာနုသန္ဓိနာ၊ အာ စာရေန သဒ္ဓိံ သမေန္တိယာ ပဋိညာယာတိ အတ္ထော· စသည်ဖွင့်ဆို၍ "ဝတ္တ" ကိုကျင့်ဝတ်ဟု အနက်ယောဇ နာက "ကျင့်ဝတ်နှင့်တကွညီညွတ်သောပဋိညာဉ်ဖြင့်" ဟု အနက်ယောဇနာစေလိုသည်၊ ကျင့်ဝတ်ဟူသည် ကား– "သစ္စဉ္စ အကုပ္ပဉ္စ" နှစ်ပါးရှိရာ "သစ္စ" အရ ဝစီသစ္စာကိုယူရခြင်းကြောင့် "ဝစီသစ္စာဟူသော ကျင့်ဝတ်နှင့်တကွ စေ့စပ်ညီညွတ်သောပဋိညာဉ်" ဟု အနက်ယောဇနာခြင်း။ "ဆိုအပ်သောစကားနှင့်တကွ စေ့စပ်ညီညွတ်သောပဋိညာဉ်" ဟု အနက်ယောဇနာ ခြင်း(၂)မျိုးထူးခြားမည်မထင်ပေ၊ ယင်းဂါထာများ ၌ ပဋိညာဉ်အရ– လဇ္ဇီပုဂ္ဂိုလ်မှာ ဆိုတိုင်း ဝန်ခံတိုင်း ရှိ၍ အလဇ္ဇီပုဂ္ဂိုလ်မှာ ဆိုတိုင်း ဝန်ခံတိုင်း (အဆော တလျင်) မရသေးသည်ကိုထောက်သောအားဖြင့် ဒေါ သာပဂမ–အာပတ်အပြစ်ကင်းသော ပဋိညာဉ်ကို ယူ ဖွယ်ရာရှိသည်၊ ပခာနအားဖြင့်ဟုတ်လောက်ပေ၏၊

**စံကျောင်းဆရာတော်ဘုရားကား**- လဇ္ဇီစုဒိတကကို ပင် အနာပတ္တိကဒေါသာပဂမပဋိညာဉ်၊ သာပတ္တိက ဒေါသောပဂမပဋိညာဉ်(၂)မျိုးလုံးကိုပင် (ဝန်ခံသည် အားလျော်စွာ) ဆုံးဖြတ်နိုင်ကြောင်း မိန့်ဆိုထားပေ အည်၊ အဋ္ဌကထာ၌လည်း 'လဇ္ဇိဿေဝ ပဋိညာယ ကာတဗ္ဗံ" ဟု စောဒက၏ စွပ်စွဲခြင်းကိုပမာနမပြု၊ လဇ္ဇီ ပုဂ္ဂိုလ်၏ပဋိညာဉ်ကိုသာ ပမာနပြု၍မိန့်ဆိုခြင်းကြောင့် လဇ္ဇီစုဒိတက-သည် အနာပတ္တိ အနဝဇ္ဇဒေါသာပဂမ ပဋိညာဉ်ကိုပေးငြားအံ့၊ ယင်းပဋိညာဉ်အရ-သုဒ္ဓဝိနိစ္ဆယ ချပေးရာ၏၊ အကယ်၍မိမိအပြစ်ကို ထိမ်ဝှက်မထားလို သော လဇ္ဇီစုဒိတကသည် အန္တိမဝတ္ထုကို ဝန်မခံပဲ အန္တိ မဝတ္ထု၏ အနီးအပါး တစုံတခုသောဝတ္ထုအပြစ်ကို ဝန်ခံငြားအံ့၊ ဝန်ခံတိုင်းသော သတေကိစ္စအာပတ်ဖြင့် ဆုံးဖြတ်၍ ဝုဋ္ဌာနဂါမိ ဒေသနာဂါမိ စသည်ပြုစေရာ၏၊ (ဤ**ကား** ပဋိညာ လဇ္ဇီသု **ကတာ** အရ ပြဆိုခြင်း တည်း)။

## ၅၅။ အလဇ္ဇီအား စူးစမ်းဆင်ခြင်၍ ဆုံးဖြတ်ရပုံ

အလဇ္ဇီစုဒိတက-အဖို့**ကား** အဖန်ဖန် အထပ်ထပ် မေးမြန်းစိစစ်ပြီးလျှင် (စုဒိတက စောဒကတို့၏ အကဲ ခပ်ပုံအခန်း၌) ပြဆိုအပ်သည့်အတိုင်း အကဲခပ်၍ ယင်း **အလဇ္ဇီစုဒိတက** ထွက်**ဆို**သော ရှေ့နောက်နှင့်ဝန်ခံ သောပဋိညာဉ်**စေ့**စပ်ညီညွတ်ငြားအံ့၊ ထိုပဋိညာဉ်ဖြင့်

ဆိုးဖြတ်ရာ၏၊ မိန့်ဆိုချက်တရပ်။ စေဒကပုဂ္ဂိုလ်က– ကေနိ္တက ဒိဋ္ဌသုတတို့ဖြင့် စေဒနာသော်လည်း ဒိဋ္ဌ နာမ တထာပိ ဟောတိ အညထာပိ ဟောတိ ဟူသော အဋ္ဌကထာမိန့်ဆိုချက်တရပ်၊ "အလဇ္ဇီဿ ပဋိညာယ ဝေ ကာတဗ္ဗံ" ဟူသော အဋ္ဌကထာစကားမှာလည်း ဒေါသောပဂမ သာပတ္တိကပဋိညာဉ်ကိုရည်ရွယ်၍ မိန့် ဆိုချက်တရပ်။ ယင်းစကားရပ်တို့ကို ထောက်ဆသော အားဖြင့် အလဇ္ဇီစုဒိတကပင်ဖြစ်လင့်ကစား ဒေါသော ပဂမပဋိညာဉ်ကို မရလည်ဖြစ်အံ့၊ အသုဒ္ဓဝိနိစ္ဆယကို ချ ခွင့်မရသေးချေ။ အကယ်၍ အလဇ္ဇီစုဒိတကပုဂ္ဂိုလ် သည် အန္တိမဝတ္ထုကိုဝန်မခံပဲ၊ အန္တိမဝတ္ထု၏အနီး အ ပါး တစုံတခုသောဝတ္ထုအပြစ်ကို ဟုတ်တိုင်းမှန်စွာ ဝန် ခံငြားအံ့၊ ဝိနည်းများကလည်းယုံကြည်လောက်သော ထောက်ထားချက်ရှိငြားအံ့၊ ဝန်ခံတိုင်းသော "သတေ ကိစ္စ" အာပတ်ဖြစ်၍ ဝုဋ္ဌာနဂါမိ ဒေသနာဂါမိ စသည် ပြုစေရာ၏။

## ၅၆။ နေဝသုဒ္ဓ နာသုဒ္ဓချရပုံ

လဇ္ဇီစောဒကသည် မြင်တိုင်း ကြားတိုင်းသာလျှင် တိကျမှန်ကန်စွာ စောဒနာပါလျက် ပြစ်မှုများစွာလွန် ကျူးသော အလဇ္ဇီစုဒိတကသည် ဤပြစ်မှုလည်း ငါ့မှာ မရှိ၊ ဤပြစ်မှုလည်းငါ့မှာမရှိဟု သာဝဇ္ဇဒေါသော ပဂမပဋိညာဉ်မပေးငြားအံ့၊ "အလဇ္ဇီဿ ပဋိညာယ ဝေ ကာတဗ္ဗံ" အရ ဒေါသောပဂမပဋိညာဉ် မရ၍

အသုဒ္ဓဝိနိစ္ဆယ မချနိုင်သော်လည်း " ဓမ္မဝိနိစ္ဆက " ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့သည် ရှေးနောက်အမှုအရာ အခြင်းအရာအလုံးစုံကို စုံထောက်နိုင်းယှဉ်တိုင်းတာပါသော်လည်း ယုံမှားသံသယဝေမတိက မပျောက်နိုင်သည်ဖြစ်အံ့၊ "သုဒ္ဓ အသုဒ္ဓ" ဟူ၍ မုချဆတ်ဆတ် အဘာပ်မဆုံးဖြတ်ပဲ၊ (နေ့ဝသုဒ္ဓ နာသုဒ္ဓ) ဆုံးဖြတ်ရာ၏ ဟူလို။

ထို့ကြောင့် "ဧဝံ လဒ္ဓနာ စောဒိယမာနော အလဇ္ဇီ ဗဟုသုပိ ဝတ္တညူသု ဥပ္ပန္နေသု ပဉ္ဟေ နှ ဒေဘိ၊ သော နေ့ဝ သုဒ္ဓေါတိ ဝတ္တဗ္ဗော န အာသုဒ္ဓေါ်ဘိ၊ ဓိမတိကော နာမ အာမကပုတိ နာမ စေသ-ဟု အဋ္ဌကထာ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့်၌ မိန့်ဆိုတော်မူသည်။

[မြန်မာပြန်။] ဤသို့လဇ္ဇီစောဒကသည် စောဒနာအပ်သော် အလဇ္ဇီ စုဒိတကသည် များစွာသော မှုခင်း (ပြစ်မှု) တို့သည် ဖြစ်ပေါ်ကုန်သော်လည်း (ဒေါသော ပဂမ· အပြစ်သက်ရောက်သော။) ပဋိညာဉ်ကို မပေးငြားအံ့၊ ထို အလဇ္ဇီ စုဒိတကကို အာပတ်မှ စင်ကြယ်၏ ဟူ၍လည်း မဆိုအပ်၊ မစင်ကြယ်၏ဟူ၍လည်း မဆိုအပ်၊ အသက်ရှိလျက် သေသောသူ စိမ်းလျက် ပုပ်သောသူ (ဇီဝမတကၢ၊ အာမကပူတိ) မည်၏ ဟူ၍သာလျှင်ဆုံးဖြတ်အပ်၏။ ထို နေ့ဝသုဒ္ဓနာသုဒ္ဓဖြင့် ဆုံး ဖြတ် ခြင်း ပင် ဖျက်ဆီးခြင်းတမျိုးဖြစ်ပုံကို ယင်းဒုဋ္ဌဒေါသ သိက္ခာပုဒ်၌ပင်—

သစေ ပနသော အညမ္ပိ တာဒိသံ ဝတ္ထု ဥပ္ပဇ္ဇတိ န ဝိနိစ္ဆိတဗ္ဗံ၊ တထာနာသိတကော ဘဝိဿတိ-ဟု မိန့်ဆိုတော်မူ၏။

အဓိပ္ပါယ်ကား ထို အလဇ္ဇီ စုဒိတကအား ယခုကြုံကြိုက် သက်ရောက် လာဆဲ ဖြစ်သော မှုခင်းများစွာမှ တပါး နောင်အခါ ထို ကြုံကြိုက်ပြီး ဝတ္ထုနှင့် တူသော မှုခင်းဝတ္ထု ဖြစ်လာသော်လည်း သုဒ္ဓအသုဒ္ဓဟူ၍ မချဆတ်ဆတ် မဆုံးဖြတ်အပ်၊ တထာနာသိတက (ထို ဆုံးဖြတ်တိုင်းသော အခြင်းအရာဖြင့် ဖျက်ဆီးအပ်သောသူ) အဖြစ်ဖြင့်သာလျှင် ဆုံးဖြတ်အပ်၏။ ထို တထာ နာသိတက ဟူသည်လည်း လိင်္ဂနာသနကဲ့သို့ သံဃာတော်တို့ အပေါင်းအဖော် မပြုခြင်း၊ သံဃာတော်မှ ကင်းကွာ ရှောင်ကြဉ်ခြင်း တည်းဟူသော တခုသော နာသန အပြားပင်တည်း။

[ဝိမတိ ဝိနောဒနီ ဋီကာကို မှီ၍ပြသော အဓိပ္ပါယ်။]

## ၅၇။ ဒေါသောပဂမ- ပဋိညာဉ်ရလျှင် ရဟန်းအသွင်ကို ဖျက်ဆီးနိုင်ပုံ

အကယ်၍ စုဒိတက ပုဂ္ဂိုလ်သည် "အတေကိစ္ဆ ဒေါသောပဂမ ပဋိညာဉ်ပေးငြားအံ့—သော စေ ဘိက္ခု-ဝေ စုဒိတကော ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ နာသေတဗ္ဗော - သံဃေန ပဝါရေတဗ္ဗံ။

စသောဝိနည်းမဟာဝဂ္ဂပဝါ ရဏကန္ဒက ပါဠိတော်အရ ဝန်ခံတိုင်းသော ပါရာဇိက အာပတ်ဖြင့် ဆုံးဖြတ်၍ ရဟန်းအသွင်ကို ဖျက်ဆီးရာ၏။

## ၅၈။ နှုတ်ဖြင့် ဝန်မခံသော်လည်း ဝိတိက္ကမကရဏ ပဋိညာဉ်ဖြင့် အသုဒ္ဓ ဆုံးဖြတ်နိုင်ပုံ

သော ပန သမ္မေသံ ပဿန္တာနံဧဝ ဝတ္ထုဝိတိက္ကမံ ကတွာ ပစ္ဆာကမ္မကရဏဘယေန န ကရောမီတိ မုသာ ဝဒတိ၊ တဿဘိက္ခုနံ သမ္မုခေ ဝိတိက္ကမကရဏမေဝ ပဋိညာ၊ တတော ဇာနနတ္ထမေဝ ပဋိညာယ ကာရဏံ အနုညာတံ။ [ဝိမတိဋီ၊ စူဠဝဂ္ဂဝဏ္ဏနာကမ္မက္ခန္ဓက။]

[မြန်မာပြန်၊] အကြင် ရဟန်း သည်ကား အလုံးစုံသော ရဟန်းတို့ကို မြင်စဉ်သာလျှင် ဝတ္ထုကျူးလွန်မှုကို ပြု၍ နောက်အခါ ကံပြုမည်ကို ကြောက်ခြင်းကြောင့် ငါမပြုပါဟု ချွတ်ယွင်းသော စကားကို ဆိုအံ့။ (ထိုသို့ ဆိုသော်လည်း။) ရဟန်းတို့၏ မျက်မှောက်၌ ထိုရဟန်း၏ ကျူးလွန်ခြင်းကို ပြုခြင်းသည်သာလျှင် ပဋိညာဉ် (ဝန်ခံခြင်း)ပေတည်း။ ထို့ကြောင့် (ပြစ်မှုကို) သိစေခြင်းအကျိုးငှာသာလျှင် ဝန်ခံမှုပြုခြင်းကို ခွင့်လွှတ်တော်မူအပ်၏။ [အဓိပ္ပါယ် ထင်ရှားပြီ။]

## ၅၉။ ပရိသင်္ကိတစေဝဒနာ၌ ဒေါသာပဂမ ပဋိညာဉ်ဖြင့် သုခ္ဓဆုံးဖြတ်နိုင်ပုံ

စုဒိတက ပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်း တို့၏ မျက်မှောက်ထင်ထင် မကြားမမြင်သော အရာဖြစ်သော ကြောင့် စောဒကပုဂ္ဂိုလ်တို့ မြင်တိုင်း ကြားတိုင်း တွေး ဆတိုင်းသော တခုသောဖုံးကွယ်ရာအရပ်မှ မာတုဂါမ တယောက်နှင့် အတူတကွ တယောက် ချင်းချင်း ထွက် လာဝင်လာသော အခြင်းအရာ အမူအရာကိုသာ ဝန်ခံ၍ ပါရာဇိက စသောအာပတ်ကို ဝန်မခံအာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိက အနဝဇ္ဇ- ဒေါသာပဂမ ပဋိညာဉ် ပေးသည်ဖြစ်၍ ထိုပေးတိုင်းသော ဒေါသာ ပဂမပဋိညာဉ်အားလျော်စွာ ဟုတ်-မဟုတ် ယုတ္တာယုတ္တိ ရှိ-မရှိကို ဓမ္မဝိနိစ္ဆကဝိနယဓရ ပုဂ္ဂိုလ်တို့သည် ရှေးနောက် အမူအရာ အခြင်းအရာ အလုံးစုံကို စုံထောက်နိုင်းယှဉ် တိုင်းထွာလျှင် ဤစုဒိတက ပုဂ္ဂိုလ်ကား သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားပေတည်း၊ တစုံတရာ သော "သတေကိစ္ဆ၊ အတေကိစ္ဆ" အာပတ်ကို မုချ ဆတ်ဆတ် အတပ်ပင် မကျူးလွန်ရာ သတည်းဟု သုဒ္ဓ သညာဖြစ်သောကြောင့် ထိုစုဒိတက ပုဂ္ဂိုလ်ကို ဒိဋ္ဌသုတ ပရိသင်္ကိတ ကင်းသော အသုဒ္ဓပရိသင်္ကိတ ဖြစ်သည် ဖြစ်၍ ဓမ္မဝိနိစ္ဆက ဝိနယဓရပုဂ္ဂိုလ်တို့သည် ယုံမှားသံသ ယဝေမတိက ကင်းပျောက်သည် ဖြစ်အံ့။ ထို စုဒိတက ပုဂ္ဂိုလ်၏၊ "သုဒ္ဓေါ အဟံ၊ အကျွန်ုပ် စင်ကြယ်ပါ၏" ဟူသော ဒေါသာပဂမပဋိညာဉ်ဖြင့် ထိုစုဒိတက ပုဂ္ဂိုလ်

အား ဓမ္မဝိနိစ္ဆယဝိနယဓရ ပုဂ္ဂိုလ်တို့သည် အာမိသ သမ္ဘောဂဓမ္မသမ္ဘောဂဥပုသ်ပဝါရဏာ စသော ကံကြီး ကံငယ် ပေါင်းဖော် ယှက်စပ်ခြင်း ဓမ္မဝိနိစ္ဆယကို ပေး အပ်၏။

ထို့ကြောင့် ပရိဝါပါဠိတော်၌ ဤသို့ မိန့်ဆိုတော် မူ၏။

(က) ဒိဋ္ဌံဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ န ဥပေတိ၊ အသုဒ္ဓပရိ သင်္ကိတော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာရေတဗ္ဗော
တေန္နုံ ပေါသထော။

(ခ) သုတံ သုတေန သမေတိ၊ သုတေန သံသန္ဒ-
တေ သုတံ။
သုတံ ပဋိစ္စ န ဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာရေတဗ္ဗော
တေနု ပေါသထော။

(ဂ) မုတံ မုတေန သမေတိ၊ မုတေန သံသန္ဒတေ
မုတံ။
မုတံ ပဋိစ္စ န ဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သော ပုဂ္ဂလော ပဋိညာယ၊ ကာရေတဗ္ဗော
တေနု ပေါသထော။

(က) ဒိဋ္ဌံ၊ မြင်အပ်သော။ (စုဒိတက ဝန်ခံသော) မာတုဂါမနှင့် အတူတကွ ဝင်ခြင်း ထွက်ခြင်း စသောအမူ

အရာသည်။ ဒိဋ္ဌေန၊ စောဒက၏ဒိဋ္ဌဟူသောစကားနှင့်။ သမေတိ၊ ညီညွတ်၏။ ဒိဋ္ဌံ၊ မြင်အပ်သော။ (စုဒိတက၊ ဝန်ခံသော) မာတုဂါမနှင့် အတူတကွ ထွက်ခြင်း၊ ဝင်ခြင်းစသော အမှုအရာသည်။ ဒိဋ္ဌေန၊ စောဒက၏ ဒိဋ္ဌဟူသောစကားနှင့်။ သံသန္ဒတေ၊ နှီးနှော၏။ (ယသ္မာ၊ အကြင်ကြောင့်။) ဒိဋ္ဌံ၊ အမြင်ကို။ ပဋိစ္စ၊ စွဲ၍။ (ဣတရော၊ တပါးသောစုဒိတကသည်။) **န** ဥပေတိ၊ ပါရာဇိကအာပတ်ကို ဝန်မခံ။ (တသ္မာ၊ ထို့ကြောင့်။) သော ပုဂ္ဂလော၊ ထို စုဒိတက ပုဂ္ဂိုလ်သည်။ အသုဒ္ဓပရိသင်္ကိတော၊ အရင်းမရှိ ယုံမှားအပ်သည်။ ဟောတိ၊ ဖြစ်၏။ (တဿ ပုဂ္ဂလဿ၊ ထိုအသုဒ္ဓပရိသင်္ကိတ ဖြစ်ထိုက်သော ပုဂ္ဂိုလ်၏။) ပဋိညာယ- "သုဒ္ဓေါ အဟံ" ဟူသော ဝန်ခံခြင်းဖြင့်။ တေန၊ ထိုအသုဒ္ဓပရိသင်္ကိတ ဖြစ်ထိုက်သော ပုဂ္ဂိုလ်နှင့်။ (သဒ္ဓိံ၊ အတူတကွ။) ဥပေါသထော၊ ဥပုသ်ကို။ ကာရေတဗ္ဗော၊ ပြုစေအပ်၏။

(ခ) သုတံ၊ ကြားအပ်သော။ (စုဒိတက ကဝန်ခံသော) မာတုဂါမနှင့် အတူတကွ ထွက်ခြင်း၊ ဝင်ခြင်းစသော အမှု အရာသည်။ သုတေန၊ စောဒက၏ သုတဟူသော စကားနှင့်။ သမေတိ၊ ညီညွတ်၏။သုတံ၊ ကြားအပ်သော။ (စုဒိတကကဝန်ခံသော၊) မာတုဂါမ နှင့် အတူတကွ ထွက်ခြင်း ဝင်ခြင်းစသော အမှုအရာသည်။ သုတေန၊ စောဒက၏ သုတဟူသော စကားနှင့်။ သံသန္ဒတေ၊ နှီးနှော၏။ (ယသ္မာ၊ အကြင်ကြောင့်။) သုတံ၊ အကြားကို။ ပဋိစ္စ၊ စွဲ၍။ (ဣတရော၊ တပါးသော စုဒိ

တကာသည်။) န ဥပေတိ၊ ပါရာဇိကအာပတ်ကို ဝန်မခံ။ (တသ္မာ၊ ထို့ကြောင့်။) သော ပုဂ္ဂလော၊ ထိုစုဒိတက ပုဂ္ဂိုလ်သည်။ အသုဒ္ဓပရိသင်္ကိတော၊ အရင်းမရှိ ယုံမှားအပ်သည်။ ဟောတိ၊ ဖြစ်၏။ (တဿ ပုဂ္ဂလဿ၊ ထို အသုဒ္ဓပရိသင်္ကိတ ဖြစ်ထိုက်သောပုဂ္ဂိုလ်၏။) ပဋိညာယ- "သုဒ္ဓေါ အဟံ" ဟူသော ဝန်ခံခြင်းဖြင့်။ တေန၊ ထို အသုဒ္ဓပရိသင်္ကိတ ဖြစ်ထိုက်သောပုဂ္ဂိုလ်နှင့်။ (သဒ္ဓိံ၊ အတူတကွ။) ဥပေါသထော၊ ဥပုသ်ကို။ ကာရေတဗ္ဗော၊ ပြုအပ်စေ၏။

(ဂ) မုတံ၊ တွေ့အပ်သော။ (စုဒိတက က ဝန်ခံခဲ့သော၊) ပန်းနံ့သာအမဲသား သေရည်စသော မာတုဂါမနှင့် မျိုးတူး ပျော်ပါးပုံ အမူအရာသည်။ မုတေန၊ စောဒက၏ မုတ ဟူသော စကားနှင့်။ သမေတိ၊ ညီညွတ်၏။

မုတံ၊ တွေ့အပ်သော။ (စုဒိတက- ကဝန်ခံသော) ပန်းနံ့သာ အမဲသား သေရည်စသော မာတုဂါမနှင့် မျိုးတူးပျော်ပါးပုံ အမူအရာသည်။ မုတေန၊ စောဒက၏ မုတဟူသော စကားနှင့်။ သံသန္ဒတေ၊ နှီးနှော၏။ (ယသ္မာ၊ အကြင်ကြောင့်) မုတံ၊ အတွေ့ကို။ ပဋိစ္စ၊ စွဲ၍။ န ဥပေတိ၊ ပါရာဇိက အာပတ်ကို ဝန်မခံ။ (တသ္မာ၊ ထို့ကြောင့်။) သော ပုဂ္ဂလော၊ထိုစုဒိတက ပုဂ္ဂိုလ်သည်။ အသုဒ္ဓပရိသင်္ကိတော၊ အရင်းမရှိယုံမှားအပ်သည်။ ဟောတိ၊ ဖြစ်၏။ (တဿ ပုဂ္ဂလဿ၊ ထို အသုဒ္ဓပရိသင်္ကိတ ဖြစ်ထိုက်သော ပုဂ္ဂိုလ်၏။ ပဋိညာယ၊ "သုဒ္ဓေါ အဟံ" ဟူသော ဝန်ခံခြင်းဖြင့်။ တေန၊ ထို အသုဒ္ဓပရိသင်္ကိတ

ဖြစ်ထိုက်သော ပုဂ္ဂိုလ်နှင့်။ (သဒ္ဓိံ၊ အတူတကွ။) ဥပေါသထော၊ ဥပုသ်ကို။ ကာရေတဗ္ဗော၊ ပြုစေအပ်၏။

### အဋ္ဌကထာ ဖွင့်ဆိုချက်

တတ္ထ ဒိဋ္ဌံ ဒိဋ္ဌေနာတိ ဂါထာယ အယမတ္ထော၊ ဧကေနေကော မာတုဂါမေန သဒ္ဓိံ ကောဋ္ဌာနတော နိက္ခမန္တော ဝါ ပဝိသန္တော ဝါ ဒိဋ္ဌော၊ သော တံ ပါရာဇိကေန စောဒေတိ၊ ဣတရော တဿ ဒဿနံ အနုဇာနာတိ၊ တံ ပန ဒဿနံ ပဋိစ္စ ပါရာဇိကံ န ဥပေတိ န ပဋိဇာနာတိ၊ ဧဝမေတ္ထ ယံ တေန ဒိဋ္ဌံ၊ တံ တဿ ဒိဋ္ဌော မယာတိ ဣမိနာ ဒိဋ္ဌဝစနေန သမေတိ၊ ယသ္မာ ပန ဣတရော တံ ဒဿနံ ပဋိစ္စ ဒေါသံ န ပဋိဇာနာတိ၊ တသ္မာ အသုဒ္ဓပရိသင်္ကိတော ဟောတိ။ အမူလကပရိသင်္ကိတော အတ္ထော၊ တဿ ပုဂ္ဂလဿ သုဒ္ဓေါ အဟန္တွ ပဋိညာယ တေန သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော။ သေသဂါထာဒွယေပိ ဧသေဝ နယော။

(မြန်မာပြန်။) ထိုအနုဝိဇ္ဇက ကိစ္စ၌ ဒိဋ္ဌံ ဒိဋ္ဌေန-ဟူသော ဂါထာ၏ အနက်ကို ဤသို့မှတ်အပ်၏၊ တယောက်တယောက်သောရဟန်းသည် တယောက်သောရဟန်းကို မာတုဂါမနှင့်အတူတကွ တခုသော အရပ်မှထွက်သည်ကိုလည်းကောင်း၊ ဝင်သည်ကိုလည်းကောင်း မြင်အပ်၏။ ထိုမြင်သောရဟန်းသည် ထိုထွက်ဝင်သော ရဟန်းကို ပါရာဇိက

အာပတ်ဖြင့် စောဒနာ၍၊ ဤမှတပါးသော စုဒိတက ရဟန်းသည် ထိုစောဒနာသော ရဟန်း၏မြင်ခြင်းကို ဝန်ခံ၍၊ ထိုသို့ မြင်ခြင်းကို ဝန်ခံငြားသော်လည်း ထိုမြင်ခြင်းကိုစွဲ၍ ပါရာဇိက အာပတ်ကို ဝန်မခံ၊ ဤသို့ မြင်ခြင်းကို ဝန်ခံခြင်းဖြင့် ဤ စောဒနာခြင်း၌ ထို စောဒကသည် အကြင်အမှုအရာကို မြင်အပ်၏၊ ထို မြင်အပ်သော အမှုအရာသည် ထိုစောဒက၏ 'ဒိဋ္ဌော မယာ' ဟူသော ဤ စကားနှင့်ညီညွတ်၏၊ ထိုသို့ပင် ဒိဋ္ဌ· ဟူသောစကားနှင့် ညီညွတ်သော်လည်း အကြင်ကြောင့် တပါးသော စုဒိတက ရဟန်းသည် ထိုမြင်ခြင်းကိုစွဲ၍ ပါရာဇိက ဟူသော အပြစ်ကို ဝန်မခံ၊ ထို့ကြောင့် အရာမဟုတ်သည်၌ ဖြစ်သောယုံမှားခြင်းသည် အရင်းမရှိ ယုံမှားခြင်းသည်ဖြစ်၏၊ ဤသည်ကား အနက်တည်း။ ထိုစုဒိတက ပုဂ္ဂိုလ်၏ ''သုဒ္ဓေါအဟံ'' အကျွန်ုပ် စင်ကြယ်ပါသည် ဟူသော ဝန်ခံခြင်းဖြင့် ဝါ—ဝန်ခံခြင်းကြောင့် ထိုစုဒိတက ပုဂ္ဂိုလ်နှင့်တကွ ဥပုသ် ပြုအပ်၏၊ ကြွင်းသော ဂါထာနှစ်ခု အပေါင်း၌လည်း ဤနည်းသာလျှင်တည်း။

**စဉ်းစားဘွယ်** — ဤ ပရိသင်္ကိတစောဒနာဆုံးဖြတ်ရာ၌ စုဒိတကသည် မြင်အပ်ကြားအပ်သော ယုံမှားဖွယ် အမှုအရာကို ဟုတ်မှန်စွာဝန်ခံ၍ အာပတ်ကို ဝန်မခံပုံကို အဋ္ဌကထာ၌ထင်ရှားစွာ ဖွင့်ပြထားပေသည်။ အကယ်၍စုဒိတကသည်ယုံမှားဖွယ်အမှုအရာ ထင်ရှားရှိပါလျက် ၎င်းကိုမျှဝန်မခံပဲဖုံးကွယ်ထားလျှင် သာဋ္ဌေယျ ဖြစ် မဖြစ် စဉ်းစားဖွယ်ရှိပေ၏၊ ယခုပြဆိုအပ်ပြီးသော စကားအစဉ်

ကား ဓမ္မဝိနိစ္ဆယကဝိနယဓရပုဂ္ဂိုလ်တို့သည် အဓိကရုဏ်းမှုခင်းဖြစ်ပေါ်လတ်သော် တရားစီရင်ခြင်းကို ပြုရာ၌ "အာဒိမဇ္ဈ - ပရိယောသာန" (၃) ပါး တို့တွင် "ဩကာသကမ္မံအာဒိ" ဟူသော ညှန်ကြားချက်အရ စောဒနာရန်ခွင့်တောင်းမှု ပြုသင့်သူ မပြုသင့်သူနှင့် စောဒနာခွင့်တောင်းပုံဟူသော အစပိုင်းကိုလည်းကောင်း၊ "ကိရိယာ မဇ္ဈေ" အရ အဓိကရုဏ်းမှုခင်း သက်ရောက်လတ်သော် စောကြောစစ်ဆေးအောက်မေ့စေ၍ အဆုံးအဖြတ်ချမှတ်ပေးခြင်းဟူသော အလယ်ပိုင်းကိုလည်းကောင်း၊ "သမထော ပရိယောသာနံ" အရ အာပတ်သင့်ခြင်း၌ဖြစ်စေ၊ အာပတ်မသင့်ခြင်း၌ဖြစ်စေ တည်စေသဖြင့် အဓိကရုဏ်းငြိမ်းခြင်းဟူသော အဆုံးပိုင်းကိုလည်းကောင်း ပြဆိုခြင်းပေတည်း။

# နောက်ဆက်တွဲ အခွေခွေပြဆိုခန်း

✲✲✲✲

## ၆၀။ ပဋိညာတကရဏ (၂) မျိုးပြားပုံ

အသုဒ္ဓဝိနိစ္ဆယ ချရာ၌ (၁) ဓမ္မိကပဋိညာတကရဏ၊ အဓမ္မိက ပဋိညာတကရဏဟု (၂) ပါး အပြားရှိ၏၊ (၁) တရားဝင်သော ပဋိညာဉ်ဖြင့် ဆုံးဖြတ်ခြင်း၊ (၂) တရားမဝင်သော ပဋိညာဉ်ဖြင့် ဆုံးဖြတ်ခြင်း ဟူလို။

(အသုဒ္ဓဆိုရာ၌ ပါရာဇိက အာပတ်သာ သက်ဆိုင်သည်မဟုတ်၊ အာပတ်(၇)ဖုံလုံး သက်ဆိုင်သည်။)

ထို (၂) ပါးတို့တွင် ပါရာဇိကအာပတ် အစရှိသော သင့်ပြီးသော အာပတ် ၇-ဖုံအားလျော်စွာ ဝန်ခံတိုင်းပြုခြင်း ဆုံးဖြတ် ခြင်းသည် "ဓမ္မိကပဋိညာတကရဏ" မည်၏။ သင့်တိုင်းသော အာပတ်မှ တပါးသောအာပတ် ၇-ဖုံဖြင့် ဝန်ခံတိုင်း ပြုခြင်းဆုံးဖြတ်ခြင်းသည် "အဓမ္မိက ပဋိညာတကရဏ"မည်၏။ ထို့ကြောင့် ပရိဝါ ဥပါလိပဉ္စက-၌—

ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နော ဟောတိ၊ ပါရာဇိကေန စောဒိယမာနော သံဃာဒိသေသံ အဇ္ဈာပန္နော

ပဋိဇာနာတိ၊ တံ သံဃော သံဃာဒိသေသေန ကာရေတိ၊ အဓမ္မိကံ ပဋိညာတကရဏံ-စသည် ပေယျာလ။ ဒုက္ကဋံ အဇ္ဈာပန္နော ဟောတိ ဒုက္ကဋေန စောဒိယမာနော ပါ-ရာဇိကံ အဇ္ဈာပန္နော ပဋိဇာနာတိ၊ တံ သံဃော ပါရာဇိကေန ကာရေတိ၊ အဓမ္မိကံ ပဋိညာတကရဏံ—စသည်ဖြင့် 'အဓမ္မိကပဋိညာတကရဏ' ဖြစ်ပုံကို လည်းကောင်း။

ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နော ဟောတိ၊ ပါရာဇိကေန စောဒိယမာနော ပါရာဇိကံ အဇ္ဈာပန္နော ပဋိဇာနာတိ၊ တံ သံဃော ပါရာဇိကေန ကာရေတိ၊ ဓမ္မိကံပဋိညာတကရဏံ၊ စသည် ပေယျာလ။ ဒုက္ကဋံ အဇ္ဈာပန္နော ဟောတိ၊ ဒုက္ကဋေန စောဒိယမာနော ဒုက္ကဋံ အဇ္ဈာပန္နော ပဋိဇာနာတိ၊ တံ သံဃော ဒုက္ကဋေန ကာရေတိ၊ ဓမ္မိကံ ပဋိညာတကရဏံ စသည်ဖြင့်— 'ဓမ္မိက ပဋိညာတ' ဖြစ်ပုံကိုလည်းကောင်း ဟောကြားတော်မူအပ်၏။

(အနက်လွယ်ပြီ) (စူဠဝဂ္ဂကမ္မက္ခန္ဓက ၌လည်းလာရှိသည်)

## ၆၁။ မရှုံးသင့်သောစုဒိတကအား မရှုံးစေရန် စောင်မှု ၎ညာရပုံ

အဆုံးအဖြတ်၌ လိမ္မာသော ဝိနည်းဓိုရ် ရဟန်းသို့ ပြုအပ်သော သိက္ခာပုဒ် လွန်ကျူးခြင်းရှိသောတယောက်သော ရဟန်းသည် ချဉ်းကပ်၍ မိမိ၏ ယုံမှားခြင်း ကုက္ကုစ္စကို မေးလျှောက်ပြောအံ့၊ ဝိနည်းဓိုရ် ပုဂ္ဂိုလ်သည်

ကောင်းစွာ မှတ်သား၍ အကယ်၍ အာပတ် မသင့်ငြားအံ့၊ အာပတ်မသင့်ဟု ဆိုအပ်၏၊ အကယ်၍ အာပတ်သင့်သည်ဖြစ်အံ့၊ အာပတ် သင့်၏ဟုဆိုအပ်၏။ ထိုအာပတ်သည် ဒေသနာဂါမိ အာပတ်ဖြစ်အံ့၊ ဒေသနာဂါမိ အာပတ်ဟု ဆိုအပ်၏၊ ဝုဋ္ဌာနဂါမိ အာပတ်ဖြစ်အံ့၊ ဝုဋ္ဌာနဂါမိ အာပတ်ဟု ဆိုအပ်၏။

ထိုသို့မဟုတ် ထိုရဟန်းအား ပါရာဇိက အရိပ်အခြေထင်ငြားအံ့၊ ပါရာဇိက အာပတ်(သင့်သည်)ဟု ရှေးဦးစွာ အဆောတလျင် မဆိုအပ်။ အဘယ့်ကြောင့်နည်းဟူမူ—

"ကသ္မာ မေထုနဝီတိက္ကမော ဟိ ဥတ္တရိ မနုဿဓမ္မဝီတိက္ကမော စ ဩဠာရိကော၊ အဒိန္နာဒါန မနုဿ· ဝိဂ္ဂဟာဝီတိက္ကမာ ပန သုခုမာ စိတ္တလဟုကာ၊ တေ သုခုမေနေဝ အာပဇ္ဇတိ သုခုမေန ရက္ခတိ။ (ပါရာဇိကဏ်·ပဌမသိက္ခာပုဒ်။)

အကြင်ကြောင့် "မေထုနဓမ္မ သိက္ခာပုဒ် လွန်ကျူးမှုနှင့်·ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ် လွန်ကျူးမှုသည် ရုံ့ရင်းကြမ်း တမ်း၏။ (မိမိ ကိုယ် တိုင် ထင်ရှား သိနိုင်၍ ယုံမှားခြင်း ကုက္ကုစ္စဖြစ်ဘွယ်မရှိ ဟူလို။) အဒိန္နာဒါန် သိက္ခာပုဒ်ကို လွန်ကျူးမှု၊ မနုဿဝိဂ္ဂဟ သိက္ခာပုဒ် လွန်ကျူးမှုတို့သည် သိမ်မွေ့ကုန်၏၊ စိတ် (ဖြစ်ပျက်မှု။) လျင်မြန်ရကား ထိုဒုတိယ တတိယသိက္ခာပုဒ် လွန်ကျူးမှု

အပြစ်တို့သို့ သိမ်မေ့သဖြင့်သာလျှင် ရောက်၏၊ သိမ်မေ့သဖြင့် (မရောက်ပဲ)စောင့်၏။

ထို့ကြောင့် အထူးသဖြင့် ထိုသိက္ခာပုဒ် နှစ်ပါးလျှင် သင့်ကြောင်းရှိသောယုံမှားခြင်း၊ ကုက္ကုစ္စကို မေးအပ်သည်ရှိသော် အာပတ်သင့်၏ဟုမဆိုမူ၍ (မဆိုသေးပဲ။) မိမိ (မူလဝိနည်းဗိုရ်)၏ ဆရာထင်ရှား ရှိသည်ဖြစ်အံ့၊ ယင်းဆရာ့အထံသို့ အဆုံးအဖြတ်ယူရန် ညွှန်ကြား၍ စေလွှတ်အပ်၏၊ အကယ်၍ မိမိဆရာမရှိတော့လျှင် ဂဏပါမောက္ခဖြစ်သော မိမိစာသင်ဘက် ဝိနည်းဗိုရ်ထံသို့ စေလွှတ်အပ်၏၊ ထိုစာသင်ဘက် ဝိနည်းဗိုရ်သော်မှ မရှိလျှင် ပညာရှိသော မိမိ၏ရဟန်းငယ်ထံသို့ စေလွှတ်အပ်၏၊ယင်းသို့စေလွှတ်၍ တပါးပါးသော ရဟန်းက-'သတေကိစ္ဆ'ဟု ဆုံးဖြတ်၍ ထိုဆုံးဖြတ်သည့်အတိုင်း မူလဝိနည်းဗိုရ် အထံပြန် လျှောက် လျှင် ထို ဆရာ စသော ဝိနည်းဗိုရ် သည် ကောင်းစွာ ဆုံးဖြတ်အပ်ပေသည်၊ ထို'သတေကိစ္ဆ'အဆုံးအဖြတ်အတိုင်း လိုက်နာကျင့်သုံးလော့ဟု ဆိုအပ်၏။

ထိုသို့အဆင့်ဆင့်စေလွှတ်ရာ၌ (မူလဝိနည်းဗိုရ်မထေရ်ကဲ့သို့) ပဥ္စင်းငယ်ရဟန်း၏လည်း ပါရာဇိကအရိပ်အခြေထင်ငြားအံ့၊ ပါရာဇိကအာပတ်သင့်၏ဟု မဆိုအပ်၊ အဘယ့်ကြောင့်မဆိုအပ်သနည်းဟူမူကား–"ဒုလ္လဘော ဟိ ဗုဒ္ဓုပ္ပါဒေါ တတော ဒုလ္လဘတရာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ"ဟု အကြောင်းပြထားပေ၏၊ ယင်းသို့အာပတ်သင့်သည်ဟု မပြောကြားပဲ ကုက္ကုစ္စက ရဟန်းကို ဒေသနာကြားစေ၍ ဆိတ်ငြိမ်ရာအရပ်၌ တံမြက်လှည်းကာ–

ကမ္မဋ္ဌာန်း ထိုင်စေအပ်၏။ ထိုရဟန်း၏ သီလသည် မပျက်ပြားအံ့၊ ကမ္မဋ္ဌာန်းသည် စပ်မိ သခ်ါရတို့သည် လျင်စွာ ဉာဏ်၌ထင်ကုန်၏။ တနေ့လုံး ကမ္မဋ္ဌာန်း အားထုတ်၍ စိတ်တည်ကြောင်း လျှောက်ကြားလျှင် "ရဟန်းအဖြစ် မည်သည်ကား စိတ်စင်ကြယ်ခြင်း အကျိုးရှိသည် မမေ့မလျော့ရဟန်းတရားကိုပြုကျင့်လော့ဟု" ဆိုရာ၏။

ဤကဲ့သို့ ကမ္မဋ္ဌာန်း အလုပ်နှင့် စမ်းသပ်၍ စိတ်တည်ငြိမ်မှုမရလျှင် လျစ်လျူရှုရုံသာ ရှိတော့၏။ ယင်းသို့ပြုဆိုအပ်သည်ကို ထောက်ဆသောအားဖြင့် မမွဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည်ကြုံကြိုက်ခဲလှစွာသော ဗုဒ္ဓုပ္ပါဒနဝမခေတ်၌ထိုထက်အလွန်ရခဲစွာသောရှင်အဖြစ်ရဟန်းအဖြစ် ခံယူသူ တဦးတယောက်၏ ရှင်ရဟန်းအဖြစ်မှ မဆုံးရှုံးသင့်ပဲ မဆုံးရှုံးရအောင် ငဲ့ညှာ စောင်မရ ပေလိမ့်မည်။

## ၆၂။ လဇ္ဇီပုဂ္ဂိုလ်ကို ဦးစားပေးသော်လည်း အဂတိ ဂမနမဖြစ်

ယင်းသို့ ငဲ့ညှာစောင်မရာ၌လည်း "အလဇ္ဇီပုဂ္ဂိုလ်ထက် လဇ္ဇီ ပုဂ္ဂိုလ်ကို" ပိုမို၍ ငဲ့ညှာရန် ဖြစ်ပေ၏၊ ထို့ကြောင့် ဝိနည်းဓိုရ်ပုဂ္ဂိုလ်တို့က ပြောဆိုမှု၌ မလိမ္မာသော လဇ္ဇီ ပုဂ္ဂိုလ်ကို နည်းပေး လမ်းပြ လိုက်စားမှုပြုသော်လည်း အဂတိ လိုက်စားမှုမဖြစ်ပုံကို— "အလဇ္ဇီနိဂ္ဂဟတ္ထာယ ဟိ လဇ္ဇီပဂ္ဂဟတ္ထာ စ သိက္ခာပဒံ ပညတ္တံ" အဋ္ဌကထာ၌ မိန့်ဆို၏။

## ၆၃။ အလဇ္ဇီနှင့် လဇ္ဇီခြားနားချက်

အလဇ္ဇီ ဟိ ဗဟုဿုတောပိ သမာနော လာဘဂရုကတာယ တန္တိံ ဝိသံဝါဒေတွာ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ဒီပေတွာ သာသနေ မဟန္တံ ဥပဒ္ဒဝံ ကရောတိ၊ သံဃဘေဒမ္ပိ သံဃရာဇိမ္ပိ ဥပ္ပါဒေတိ၊ လဇ္ဇီ ပန ကုက္ကုစ္စကော သိက္ခာကာမော ဇီဝိတဟေတုပိ တန္တိံ အဝိသံဝါဒေတွာ ဓမ္မမေဝ ဝိနယမေဝ စ ဒီပေတိ၊ သတ္ထုသာသနံ ဂရုံ ကတွာ ဌပေတိ၊ တထာဟိ ပုဗ္ဗေ မဟာထေရာ တိက္ခတ္တုံ ဝါစံ နိစ္ဆာရေသုံ၊ အနာဂတေ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတိ၊ လဇ္ဇီ ရက္ခိဿတီတိ။
[ပါရာဇိကကဏ်အဋ္ဌကထာ ပဌမ ပါရာဇိက။]

(မြန်မာပြန်။) ထိုစကားကို ချဲ့၍ဆိုဦးအံ့၊ အလဇ္ဇီပုဂ္ဂိုလ်သည် ဗဟုဿုတပင် ဖြစ်သော်လည်း လာဘ်၌ အလေးပြုသည်၏ အဖြစ်ကြောင့် ဒေသနာ ပါဠိအစဉ်ကို ချွတ်ယွင်းစေ၍ ဓမ္မမဟုတ်သည်ကို ဝိနည်းမဟုတ်သည်ကို မြတ်စွာဘုရား၏ အဆုံးအမ သာသနာဟုပြု၍ (တနည်း) မြတ်စွာဘုရား၏ အဆုံးအမ သာသနာဖြစ်သော ဓမ္မဝိနယစသည်ကို ဓမ္မမဟုတ် ဝိနယမဟုတ်ဟုစသည်ပြလျက် သာသနာတော်၌ ကြီးစွာသော ဘေးရန်ကိုပြုတတ်၏၊ သံဃာကွဲပြားခြင်းကိုသော်လည်းကောင်း၊ သံဃာ့အရေး (အက်ကြောင်း)ကို သော်လည်းကောင်း ဖြစ်စေတတ်၏။

လဇ္ဇီ ပုဂ္ဂိုလ် သည်ကား အလို လိုရှိသည် ဖြစ်၍ သိက္ခာ (၃) ပါးကို အလိုရှိသည် ဖြစ်၍ အသက် (သေရအံ့)ဟူသောအကြောင်းကြောင့်လည်း ဒေသနာ ပါဠိအစဉ်ကို မချွတ်ယွင်းစေမူ၍ (မြတ်စွာဘုရား အဆုံး အမ သာသနာတော်ဖြစ်သော ဓမ္မဝိနယစသည်ကို)ဓမ္မ ဝိနယဟူ၍သာလျှင် ပြပေ၏၊ မြတ်စွာဘုရား အဆုံးအမ သာသနာတော်ကို အလေးပြု၍ထားပေ၏၊ ထို့ကြောင့် သာလျှင် ရှေး၌ ဖြစ်ကုန်သော မဟာ ထေရ် တို့သည် "နှောင်အခါ၌ သာသနာ တော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့် ရှောက်လတံ့၊ လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်လတံ့၊ လဇ္ဇီ ပုဂ္ဂိုလ် စောင့်ရှောက် လတံ့"ဟု သုံးကြိမ် တိုင်အောင် စကားကို မြွက်ဆိုကုန်ပြီ။

ယင်းအဋ္ဌကထာ စကားကို လိုရင်း ချုပ်၍ ကောက် ချက်ချသည်ရှိသော်"အလဇ္ဇီပုဂ္ဂိုလ်သည်သာသနာတော် ကို ချွတ်ယွင်းအောင်ပြုမှ လာဘ်ရမည်ဆိုလျှင် လာဘ် ကိုသာ အလေးပြု၍ သာသနာချွတ်ယွင်းအောင်ပြုရက် ၏၊ ပြုရဲ၏၊ သာသနာကိုမရှု လာဘ်ကိုသာ ရှု၏၊ လဇ္ဇီ ပုဂ္ဂိုလ်သည် သာသနာကို ချွတ်ယွင်းအောင်ပြုမှ အသက် ဘေးမှချမ်းသာလိမ့်မည် ဆိုသော်လည်း အသက်ကိုသာ စွန့်မည်၊ သာသနာ ကိုတော့ ချွတ်ယွင်းအောင် မပြုဟု အဓိဋ္ဌာန်ကာ သာသနာကို အသက်နှင့် လဲကာ စောင့် ရှောက်ပေရာ၏၊ (အလဇ္ဇီနှင့်လဇ္ဇီခြားနားပုံအားဤမျှ ပင်တည်း။)

## ၆၄။ အလဇ္ဇီနှင့် လဇ္ဇီ တမျိုးစိစစ်ပြန်သော်

အလဇ္ဇီသည် (၁) အလဇ္ဇီဗာလ (၂) အလဇ္ဇီပဏ္ဍိတ လဇ္ဇီသည်လည်း (၁) လဇ္ဇီဗာလ (၂) လဇ္ဇီပဏ္ဍိတဟု နှစ်မျိုးစီ တွေ့ရပေလိမ့်မည်၊ အလဇ္ဇီပဏ္ဍိတအဖို့ ပြဆို အပ်သော အဋ္ဌကထာ စကားအရ အထူးဖော်ပြရန် မလို ပါချေ။ အလဇ္ဇီဗာလသည် အလဇ္ဇီ ပဏ္ဍိတလောက် သာသနာ့ ဘေးရန်ကို မပြုနိုင်သော်လည်း ဝိနည်းကျင့် ဝတ် မကျွမ်းကျင်၊ အတော်အတန် ကျွမ်းကျင်သော် လည်း ကျွမ်းကျင် သိမှိသလောက် မကျင့်လိုရကား ဆို ဆုံးမခက်ခြင်း၊ သာရုပ္ပဖြစ်အောင် မနေ ခြင်းကြောင့် သာသနာ့ ကျက်သရေကို ဆောင်နိုင်လိမ့်မည် မဟုတ် ပါချေ။ လဇ္ဇီဗာလ သည်ကား - ဝိနည်း ကျင့်ဝတ်ကို ကုန်စင်အောင် မသိသော်လည်း သိမှိသလောက်သာရုပ္ပ ဖြစ်အောင် ကျင့်သုံး နေထိုင် ခြင်းကြောင့် သာသနာ့ ကျက်သရေကို ထိုက်သင့်သလောက် ဆောင်နိုင်ပါလိမ့် မည်။ လဇ္ဇီပဏ္ဍိတသည် မူကား -ပြဆိုအပ်သော အဋ္ဌက ထာ စကားအရ သာသနာတော် အတွက် အားကိုးစရာ သာသနာ့တန်ဆောင်တိုင် သာသနာ့ ပင်မကြီး ဖြစ်ပါ ပေသည်။ ထို့ကြောင့် လက်ရှိ သာသနာ ခေတ်မှာ ဆိုလျှင် တကယ် အားကိုးစရာ လဇ္ဇီ ပဏ္ဍိတ ကြီးတွေ များများကြီး ပေါ်ထွက်ပါမူ အလွန် ကောင်းပေစွ တကား။

## ၆၅။ အဒိန္နာဒါနသိက္ခာပုဒ် သိမ်မွေ့ပုံ

စုဒိတကအား ၆၄ ညွှာရပုံကို ပြဆိုခန်း၌ "အဒိန္နာဒါန မနုဿဝိဂ္ဂဟ ဝိတိက္ကမာ ပန သုခုမာ" စသော စကားရပ်၌ သိမ်မွေ့သော အဒိန္နာဒါန သိက္ခာပုဒ်၊ မနုဿဝိဂ္ဂဟ သိက္ခာပုဒ်တို့တွင် မျက်မြင် အခြေအနေ အရ- အဒိန္နာဒါန သိက္ခာပုဒ် သိမ်မွေ့ပုံကို ပိုမို၍ သိရှိရန် လိုပေလိမ့်မည်၊ သို့ဖြစ်၍ အဒိန္နာဒါန သိက္ခာပုဒ် သိမ်မွေ့ပုံကို အမြွက်မျှ ပြဆိုပေအံ့။

### ရှေးဦးစွာသိရှိရန် အဒိန္နာဒါန အင်္ဂါ ၅-ပါး

၁။ ပရပရိဂ္ဂဟိတံ—သူတပါးသိမ်းဆည်းအပ်သော ဥစ္စာ။

၂။ ပရပရိဂ္ဂဟိတသညိတာ—သူတပါး သိမ်းဆည်း အပ်သော ဥစ္စာဟု အမှတ် ရှိသည်၏ အဖြစ်။

၃။ ပရိက္ခာရဿ ဂရုဘာဝေါ—ပရိက္ခရာဟူသော ဥစ္စာ၏ ဂရုဘာဝ (ပါရာဇိက။) လောက်သည်၏ အဖြစ်။

၄။ ထေယျစိတ္တံ—ခိုးလိုသောစိတ်။

၅။ ဌာနာစာဝနံ-တည်ရာမှ ရွေ့စေခြင်း။

ခိုးမှုအတွက် ကြည့်ရှုရမည့် ဌာန ၅-ပါး။

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဃ္ဃံ ပရိဘောဂပဉ္စမံ။
တုလယိတွာ ပဉ္စဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော။
(ပါ-ဌ-ဒု ပါရာဇိက။)

ယင်းဂါထာအရ—ဌာနငါးပါး သရုပ်ကား—

(၁) ခိုးအပ်သောဘဏ္ဍာ၊....

(၂) ခိုးရာကာလ (၃) ဘဏ္ဍာဖြစ်ရာ အရပ်၊

(၄) ဘဏ္ဍာ၏ (အသစ် အဟောင်း) တန်ဖိုး၊

(၅) ဘဏ္ဍာကို သုံးဆောင်ခြင်း၊ ဤ(၅)ပါးတို့တည်း။

ထို ၅-ပါးတို့တွင် ခိုးအပ်သောဘဏ္ဍာအရ စိစစ်ပုံ- ခိုးသောရဟန်းက ငါသည် ဤမည်သော ဥစ္စာကိုခိုးအပ်၏ဟုဆိုသော်လည်းအာပတ်သို့ မတင်သေးမူ၍ ထိုဘဏ္ဍာကို ပိုင်သူရှိ-မရှိဟု စူးစမ်း ဆင်ခြင်အပ်၏၊ ပိုင်ရှင်ရှိသော်လည်း ပိုင်ရှင်တို့မှာ (ပြန်ရလိမ့်မည်ဟု)အာလယ ရှိသည်၏ အဖြစ် မရှိသည်၏ အဖြစ်ကိုလည်း စူးစမ်းဆင်ခြင်အပ်၏၊ အကယ်၍ ပိုင်ရှင်တို့၏ အာလယရှိသောအခါ၌ ခိုးယူငြားအံ့၊ ဘဏ္ဍာကို အဖိုးဖြတ်၍ (ဘဏ္ဍာတန်ဖိုး အလျောက် ပါရာဇိကစသော။) အာပတ်ကို ဆုံးဖြတ်အပ်၏၊ အကယ်၍ ပိုင်ရှင်တို့ အာလယ ကင်းပြတ်သောအခါ၌ ခိုးယူငြားအံ့၊ ပါရာဇိက အာပတ်ဖြင့် မဆုံး

ဖြတ်အပ်၊ သို့ရာတွင် ဥစ္စာရှင်များက ပြန်တောင်းလျှင် ဘဏ္ဍာကို ပြန်ပေးရမည့် ဝတ္တရားရှိ၏၊ (မပေးသော်လည်း အပြစ်မရှိ။)

ဤအနက်သဘောကိုထင်ရှားပြခြင်းငှာ ဤဆိုလတ္တံ့သည်ကား ဝတ္ထုသာဓကတည်း။

## ၆၆။ သာဓကဝတ္ထု ဟူသည်

(လင်္ကာဒီပ။) ဘာတိယမင်း လက်ထက်၌ မဟာစေတီကို ပူဇော်ခြင်းငှာ တောင်အရပ်မှ ရဟန်းတပါးသည် ခုနစ်တောင်ရှိသော ဖြော့တော့သော သင်္ကန်းကို ပခုံး၌တင်၍ စေတီယင်ပြင်သို့ ဝင်လေ၏၊ ထိုခဏမှာပင်လျှင်မင်းသည်လည်းစေတီကို ရှိခိုးခြင်းအကျိုးငှာ လာသတတ်၊ ထို စေတီယင်ပြင်၌ မင်းပွဲသဘင်ဖြစ်လတ်သော် များစွာသော လူအပေါင်းတို့ ပြည့်ကြပ် တိုးဝှေ့ခြင်းဖြစ်လေ၏၊ ထိုအခါ ထိုရဟန်းသည် လူအပေါင်းတို့ တိုးဝှေ့ခြင်းဖြင့် နှိပ်စက်အပ်ရကား ပခုံးမှကျသော သင်္ကန်းကို မကြည့်နိုင်ပဲသာလျှင် ထွက်သွားရ၏၊ ထွက်သွား၍လည်း သင်္ကန်းကို မမြင်သည်ရှိသော် "ဤလိုလူအပေါင်းတို့ ပြည့်ကြပ်တိုးဝှေ့ရာ၌ သင်္ကန်းကို အဘယ်မှာ ရတော့အံ့နည်း ယခုအခါ၌ ထို သင်္ကန်းသည် ငါ့ဥစ္စာမဟုတ်တော့ပေ"ဟု (သင်္ကန်း၌။) ဝန်ချခြင်းကို ပြု၍သွားလေ၏။

ထိုသက်နှိန်းရှင် ရဟန်းသွားသောအခါ ရဟန်းတပါးသည် နောက်မှလာသည် ရှိသော် ထို (ကျရစ်သော သက်နှိန်း)ကိုမြင်၍ ခိုးလိုသောစိတ်ဖြင့် ကောက်ယူကာ တဖန် နှလုံးမသာယာဖြစ်၍ ယခုအခါ ငါရဟန်း မဟုတ်တော့ဘူး၊ လူထွက်တော့အံ့ဟုစိတ်ဖြစ်သော်လည်းဝိနည်းမိုရ်များကိုမေး၍ သိအောင် ပြုနိုင်မည်ဟု ကြံပြန်၏။

ထိုအခါ စူဠသုမန် မည်သော မထေရ်သည် ပရိယတ် အလုံးစုံကို ဆောင်သော ဝိနည်းသင်သည့် ပါမောက္ခ ဆရာဖြစ်လျက် မဟာဝိဟာရ ကျောင်းတိုက် ကြီး၌ သီတင်းသုံးတော်မူ၏။

ထိုသက်နှိန်းကောက်ယူသော ရဟန်းသည် မထေရ်သို့ ချဉ်းကပ် ရှိခိုး၍ အခွင့်တောင်းကာ မိမိ၏ ကုက္ကုစ္စ (ဖြစ်ပုံ)ကို မေးလျှောက်၏။ မထေရ်အကြံ ဖြစ်ပုံကား "ထို ကုက္ကုစ္စဖြစ်သောရဟန်းသည် ပရိသတ်အပေါင်း ကင်းစင်သည် ရှိသော် နောက်မှလာ၍ ကောက်ယူအပ်သည်၏ အဖြစ်ကိုသိ၍ ယခုအခါ ဤရဟန်း အပေါ်၌ သက်သာခွင့် ရသေး၏"ဟု ဤသို့ကြံ၏။ "သင်သည် သက်နှိန်းရှင် ရဟန်းကို အကယ်၍ ဆောင်နိုင် ငြားအံ့၊ သင်၏ ထောက်တည်ရာကိုပြုခြင်းငှာ စွမ်းနိုင်ပေရာ၏" ဟု ဤသို့ဆို၏။

အရှင်ဘုရား တပည့်တော်သည် ထိုရဟန်းကို ဘယ်လိုရှာရအံ့နည်း၊ (ရှာရအံ့နည်းဟူလို။)ဟု လျှောက်

သော် ထိုထိုအရပ်သို့ သွား၍ကြည့်ရှုလော့ဟု မထေရ်က ဆို၏၊ ထိုကုက္ကုစ္စက ရဟန်းသည်ကျောင်းတိုက်ကြီး ငါး တိုက်တို့ကို ကြည့်ရှု၍လည်း မမြင်၊ ထို့နောင်မှ မထေရ် သည် ဘယ်အရပ်မှ ရဟန်းများစွာ လာကုန် သနည်းဟု မေး၏၊ အရှင်ဘုရား တောင်အရပ်မှ လာကုန်ပါသည်ဟု လျှောက်၏၊ ထိုသို့ဖြစ်လျှင် သင်္ကန်းကို အလျှားမှလည်း ကောင်း၊အနံမှလည်းကောင်း တိုင်းတာ၍ထားခဲ့လော့၊ ထားပြီးလျှင် တောင်အရပ်၌ ကျောင်းစဉ် အတိုင်း၊ လှည့်လည်ရှာဖွေ၍ ထိုသင်္ကန်းရှင် ရဟန်းကို ခေါ် ဆောင်ခဲ့လော့" ဟု မိန့်ကြား၏။

ထိုကုက္ကုစ္စက ရဟန်းသည် မထေရ်ဆိုတိုင်းပြု၍ ထို သင်္ကန်းရှင် ရဟန်းကို တွေ့မြင်၍ မထေရ်၏ အထံသို့ ခေါ်ဆောင်ခဲ့၏။

မထေရ်က ထိုရဟန်းကို ဤသင်္ကန်းသည် သင်၏ သင်္ကန်းလောဟု မေး၏၊ အရှင်ဘုရား တပည့်တော် သင်္ကန်း ဟုတ်ပါသည်ဟု လျှောက်၏၊ သင်၏ သင်္ကန်း ဘယ်မှာကျခဲ့သနည်းဟု မေးလတ်သော် ထိုသင်္ကန်းရှင် ရဟန်းသည် ကျပျောက်ပုံ ဝန်ချပုံ အလုံးစုံ လျှောက် ကြား၏။ မထေရ်သည် ထိုသင်္ကန်းရှင် ရဟန်း ပြုအပ် သော ဝန်ချခြင်းကို ကြားနာရ၍ ကုက္ကုစ္စက ရဟန်းကို သင် ဤသင်္ကန်းကို ဘယ်အရပ်၌မြင်၍ ကောက်ယူအပ် သနည်းဟုမေး၏၊ ထိုကုက္ကုစ္စက ရဟန်း သည် လည်း အလုံးစုံသော အကြောင်း အရာကို လျှောက်ကြား လေ၏။

ထို့နောက်မှ ကုက္ကုစ္စက ရဟန်းကို မထေရ် မိန့်ဆိုသည်ကား သင်သည် (သုဒ္ဓစိတ်။) စင်ကြယ်သောစိတ်ဖြင့် အကယ်၍ ယူသည်ဖြစ်ငြားအံ့၊ သင့်အား အာပတ်မသင့်သည်သာဖြစ်ရာ၏၊ စင်စစ်သော်ကား ခိုးလိုသောစိတ်ဖြင့် ကောက်ယူအပ်သည်၏ အဖြစ်ကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ ထိုအာပတ်ကို ဒေသနာကြား၍ အာပတ်ကင်းသူ ဖြစ်လော့၊ ဤသင်္ကန်း ကိုလည်း မိမိဥစ္စာပြု၍ ထိုရဟန်းအား သာလျှင် ပေးလိုက်လော့ဟု ဆို၏။

ထိုသင်္ကန်း ကောက်ယူသော ကုက္ကုစ္စက- ရဟန်းသည် အမြိုက်ရေဖြင့်သာလျှင် အဘိသိက်သွန်းလောင်းအပ်သကဲ့သို့ အလွန် သက်သာရာ ရခြင်းသို့ ရောက်သွားလေ၏၊ "ဤသည်ကား ခိုးအပ်သော ဘဏ္ဍာစိစစ်ပုံဝတ္ထုသာဓကပေတည်း။"

## ၆၇။ ယင်းဝတ္ထု သာဓကနှင့်စပ်၍ ငါစစ် ဝေဘန်ချက်

အဒိန္နာဒါန သိက္ခာပုဒ် အင်္ဂါ ၅-ပါး တို့တွင် (၁) အမှတ်အင်္ဂါမှ ကြွင်းသော အင်္ဂါ ၄-ပါး တို့သည် ခိုးသောသူနှင့် ဆက်ဆံသော အင်္ဂါများဖြစ်၍ ခိုးသောသူပင် ထင်ရှားသိနိုင်ပေရာ၏။

(၁) အမှတ်အင်္ဂါမူကား ခိုးသောသူနှင့် မဆက်ဆံပဲ သီးခြားဖြစ်နေရာ ပိုင်ရှင်နှင့်ဝေးသော လမ်းခရီးတောအရပ် ဘုရားပရိဝုဏ်စသော အရပ်၌ရှိသောဘဏ္ဍာ

ဖြစ်အံ့၊ ပိုင်ရှင်ရှိ-မရှိ ကိုလည်းကောင်း၊ ရှိသော်လည်း ပိုင်ရှင် ၏ ကွက်ခြင်း အာလယရှိ- မရှိကို လည်းကောင်း ကောင်းမသိနိုင်ပေ။

ယင်းသို့ မသိနိုင်သောကြောင့် ယခု ထုတ်ပြသော ဝတ္ထုသာဓကနှင့် ခပ်ဆင်ဆင် တမျိုး ကြုံဆ၍ ပိုင်ရှင်က ၏ ကွက်ခြင်း **အာလယရှိသော** ပစ္စည်းကို ခိုးလိုစိတ်ဖြင့် ကောက်ယူငြားအံ့၊ တည်ရာမှ ရွေ့သည်နှင့် တပြိုင်နက် အာပတ်သင့်ပေရာ၏၊ သို့ပင်သင့်သော်လည်း ပိုင်ရှင်၏ စိတ်ထားပုံကို မသိရသေးသောကြောင့် "သိမ်မွေ့စွာ **အာပတ်သင့်**နေရကာ၊ "သုခုမေနေဝ အာပဇ္ဇတိ" ဖြစ် နေပေ၏။

ယခု ပြဆိုအပ်သော သာဓက ဝတ္ထုအရမှာ ခိုးလို သောစိတ်ဖြင့် ကောက်ယူသော်လည်း ပိုင်ရှင်က ထို ဘဏ္ဍာ၌ ၏ ကွက်မှု အာလယ ကင်းပြတ် နေခြင်းသည် အာပတ်မှလွတ်ရန် အစောင့်အရှောက်ပေတည်း။ ယင်း အစောင့်အရှောက်၏ အသိရခက် သိမ်မွေ့သည် ဖြစ်ရ ကား "သုခုမေန ရက္ခတိ" ဖြစ်နေပေ၏။

ဤသည်ကား အဒိန္နာဒါန သိက္ခာပုဒ် သိမ်မွေ့ပုံကို ပြဆိုခြင်းတည်း။

ယင်းသို့ သိမ်မေ့ပုံကို ခိုးခြင်း (၂၅)ပါးကို ကြည့်လျှင် "ပုဗ္ဗပယောဂ- အာဏတ္တိက" စသော ခိုးမှုသိမ်မေ့ပုံတို့ကို များစွာ တွေ့ရှိရပါလိမ့်မည်။

ထို့ကြောင့် ဝိနည်းမိုရ်လုပ်ရမည့် ရဟန်းတော်များသည် ခိုးခြင်း (၂၅)ပါးကို ကောင်းစွာ လေ့လာမှတ်သားသင့်ပေသည်။

# ခိုးခြင်း ၂၅-ပါး ပြဆိုချက်

## ၆၈။ ပဉ္စက ၅-ပါး သရုပ်

၁။ နာနာဘဏ္ဍပဉ္စက— သဝိညာဏက အဝိညာဏက ဘဏ္ဍာ နှစ်မျိုးကိုခိုးခြင်းငါးပါး အပေါင်း။

၂။ ဧကဘဏ္ဍပဉ္စက— သဝိညာဏက ဘဏ္ဍာ တမျိုး ကိုသာ ခိုးခြင်းငါးပါး အပေါင်း။

၃။ သာဟတ္ထိကပဉ္စက— သာဟတ္ထိက စသော ခိုးခြင်းငါးပါး အပေါင်း။

၄။ ပုဗ္ဗပယောဂပဉ္စက— ပုဗ္ဗပယောဂစသောခိုးခြင်းငါးပါး အပေါင်း။

၅။ ထေယျာဝဟာရပဉ္စက— ထေယျာဝဟာရစသောခိုးခြင်း ငါးပါး အပေါင်း။

ထိုပဉ္စက ၅-ပါးတို့တွင်—

### ၁။ နာနာဘဏ္ဍပဉ္စကသရုပ်

၁။ အာဒိယန— အာရာမ်စသည်ကို တရားစီစစ်၍ ခိုးခြင်း။

၂။ ဟရဏ— သူတပါး ဘဏ္ဍာကို ဆောင်သွားစဉ် ခိုးခြင်း။

၃။ အဝဟရဏ— အပ်နှံထားသော ဘဏ္ဍာကို ခိုးခြင်း။

၄။ ဣရိယာပထဝိကောပန— ဣရိယာ ပုထ်ကို ပျက်စေ၍ ခိုးခြင်း။
၅။ ဌာနာစာဝန— တည်ရာမှ ရွေ့စေ၍ ခိုးခြင်း။

## ၂။ ဧကဘဏ္ဍကပဥ္စက သရုပ်

၁။ အာဒိယန— ကျွန်တိရစ္ဆာန်စသည်ကို တရားစိစစ်ခိုးခြင်း၊
၂။ ဟရဏ— သူတပါး၏ ကျွန် စသည်ကို ဆောင်သွားစဉ် ခိုးခြင်း၊
၃။ အဝဟရဏ— အပ်နှံထားသော ကျွန်စသည်ကို ခိုးခြင်း။
၄။ ဣရိယာပထဝိကောပန— ဣရိယာ ပုထ်ကို ပျက်စေ၍ ခိုးခြင်း။
၅။ ဌာနာစာဝန— တည်ရာမှ ရွေ့စေ၍ ခိုးခြင်း။

(၁။၂ ပဥ္စက နှစ်ပါးအထူကား နာနာဘဏ္ဍပဥ္စကဌ် သဝိညာဏက အဝိညာဏကဘဏ္ဍာနှစ်မျိုးလုံးရ၍ ဧကဘဏ္ဍပဥ္စကဌ် သဝိညာဏက တမျိုးသာရ၏၊)

## ၃။ သာဟတ္ထိကပဥ္စက သရုပ်

၁။ သာဟတ္ထိက— မိမိလက်ဖြင့်(ကိုယ်တိုင်)ခိုးခြင်း။
၂။ အာဏတ္တိက— သူတပါးကို စေခိုင်း၍ခိုးခြင်း။
၃။ နိဿဂ္ဂိယ—လွှတ်လိုက်သောအားဖြင့် ခိုးခြင်း။
၄။ အတ္ထသာဓက— ခိုးခြင်း ကြိယာမပြုမီ အကျိုးပြီးသော ခိုးခြင်း။
၅။ ဓုရနိက္ခေပ— ဝန်ချသော ခိုးခြင်း။

## ၄။ ပုဗ္ဗပယောဂ ပဉ္စက သရုပ်

၁။ ပုဗ္ဗပယောဂ— ရှေးအဖို့ ဖြစ်သော လုံ့လရှိသော ခိုးခြင်း။
၂။ သဟပယောဂ—လုံ့လနှင့် တပြိုင်နက် ဖြစ်သော ခိုးခြင်း။
၃။ သံဝိဓာဝဟာရ— တိုင်ပင်၍ ခိုးခြင်း။
၄။ သင်္ကေတကမ္မ— အမှတ်ပြု၍ ခိုးခြင်း။
၅။ နိမိတ္တ ကမ္မ— နိမိတ်ပြု၍ ခိုးခြင်း။

## ၅။ ထေယျာဝဟာရ ပဉ္စက သရုပ်

၁။ ထေယျာဝဟာရ— လျှို့ဝှက်၍ ခိုးခြင်း။
၂။ ပသယှာဝဟာရ— အနိုင်အထက် လုယက်၍ ခိုးခြင်း။
၃။ ပရိကပ္ပါဝဟာရ— ဝတ္ထု အရပ်ကို ကြံ၍ ခိုးခြင်း။
၄။ ပရိစ္ဆန္နာဝဟာရ— မြက် သစ်ရွက် စသည် တို့ဖြင့် လွှမ်း၍ ခိုးခြင်း။
၅။ ကုသာဝဟာရ— ကမ့်ည်းပြောင်း၍ ခိုးခြင်း။

ဤကား ခိုးခြင်း ၂၅-ပါး သရုပ်တည်း။

## ခိုးခြင်း ၂၅-ပါး အဓိပ္ပါယ်

### ၆၉ (၁) နာနာဘဏ္ဍပဉ္စကဥ္

၁။ **အာဒိယေယျ** အာရာမ်ကို တရားစိစစ်ငြားအံ့ ဒုက္ကဋ်အာ
**ဟူသည်** ပတ်။ ပိုင်ရှင်၏ယုံမှားခြင်းကို ဖြစ်စေငြားအံ့။
ထုလ္လစ္စည်းအာပတ်။ ပိုင်ရှင်သည် ငါ၏ဥစ္စာ မဖြစ်တော့

အံ့ဟု ဝန့်ချခြင်းအံ့၊ ပါရာဇိကအာပတ်သင့်၏ (တရားစိစစ်သော ရဟန်းကလည်း ဝန်ချသည် ဖြစ်စေ ဟူလိုသည်။ ပိုင်ရှင်နှင့် တရားစိစစ်သော ရဟန်းနှစ်ဦးစုံ ဝန်ချမှသာလျှင် ပါရာဇိကအာပတ်သို့ ရောက်၏။)

၂။ **ဟရဏ ဟူသည်** တပါးသောသူ၏ ဘဏ္ဍာကို ဆောင်သွားသော ရဟန်းသည် ဦးခေါင်းပေါ်၌တည်သော ဝန်ကို ခိုးလိုသော စိတ်ရှိလျက် သုံးသပ်ခြင်းအံ့ ဒုက္ကဋ်အာပတ်။ တုန်လှုပ်စေခြင်းအံ့ ထုလ္လစ္စည်းအာပတ်။ ပခုံးသို့ ချခြင်းအံ့ ပါရာဇိက အာပတ်သင့်၏။

(ဤ၌ ဥစ္စာရှင်မခိုင်းပဲ ရဟန်း တောင်း၍ ဆောင်ယူသွားရာ ဥစ္စာရှင်က မခိုင်းသောကြောင့် အာပတ်သင့်သည်ဟု ဆိုင်ရာ အဋ္ဌကထာ ဋီကာတို့၌ မိန့်ဆိုထား၏)။

၃။ **အဝဟရဏ ဟူသည်** အပ်နှံထားသော ဘဏ္ဍာကို (ဥစ္စာ ရှင်က) ငါ၏ဘဏ္ဍာကို ပေးလော့ဟု ဆိုအပ်သည်ရှိသော် ငါမယူဘူးဟု ဆိုခြင်းအံ့ ဒုက္ကဋ်အာပတ်။ အရှင်၏ ယုံမှားခြင်းကို ဖြစ်စေခြင်းအံ့၊ ထုလ္လစ္စည်း အာပတ်။ အရှင်သည် ငါ၏ ဥစ္စာ မဖြစ်တော့ဟု ဝန်ချခြင်းအံ့ ပါရာဇိကအာပတ်သင့်၏ (ဤ၌လည်း နှစ်ပါးစုံ ဝန်ချမှ သင့်၏)။

၄။ **ဣရိယာပထဝိကောပန** ဘဏ္ဍာကို ဆောင်သွားသောသူနှင့် တကွ ဆောင်အံ့ဟု ရှေးဦးစွာသောခြေကို လွန်စေခြင်းအံ့၊ ထုလ္လစ္စည်းအာပတ်။ နှစ်ခုမြောက်သော ခြေကို လွန်စေခြင်းအံ့၊ ပါရာဇိကအာပတ် သင့်၏။

၅။ **ဌာနာစာဝန** ကြည်းကုန်း၌တည်သော ဘဏ္ဍာကို သုံးသပ် ပြောင်းအံ့ ဒုက္ကဋ်အာပတ်။ တုန်လှုပ်စေပြောင်းအံ့ ထုလ္လစ္စည်း အာပတ်။ တည်ရာမှ ရွှေ့စေပြောင်းအံ့ ပါရာဇိက အာပတ်သင့်၏။ (ဤကား နာနာဘဏ္ဍပဉ္စကတည်း)ကေ ဘဏ္ဍပဉ္စက မထူးတော့ပြီ။

## ၇၀။ (၃) သာဟတ္ထိကပဉ္စက၌

၁။ **သာဟတ္ထိက** သူတပါး၏ဘဏ္ဍာကို မိမိလက်ဖြင့် ခိုးခြင်းတည်း (ယင်းသို့ခိုးခြင်း၌ ဌာနာစာဝနခိုးခြင်း၌ကဲ့သို့ အာမသနဒုက္ကဋ်၊ ဖန္ဒာပနထုလ္လစ္စည်း၊ ဌာနာစာဝန ပါရာဇိက သင့်ပုံတို့ကို မှတ်ယူထိုက်ပေ၏)။

၂။ **အာဏတ္တိက** ဤမည်သော သူ၏ ဘဏ္ဍာကို ခိုးလော့ဟု တပါးသောသူကို စေခိုင်းခြင်းတည်း ယင်းသို့ စေခိုင်းရာ၌ စေခိုင်းသောရဟန်းသည် စေခိုင်းဆဲ ခဏ၌သာလျှင် ပါရာဇိက အာပတ်သို့ ရောက်၏ စေခိုင်းအပ်သော ရဟန်းအား ဘဏ္ဍာကို တည်ရာမှ ရွှေ့စေ အပ်သော ခဏ၌သာလျှင် ပါရာဇိကအာပတ်သို့ ရောက်၏။

### အာဏတ္တိကနှင့် အတ္ထသာဓက အထူးကား

ထိုခဏ၌ စေခိုင်းသော ပယောဂကို အာဏတ္တိကဟု ယူ။ အကြင်အခါ၌ တတ်နိုင်၏ ထိုအခါ၌ ခိုးလော့ဟု စေခိုင်းခြင်းကို အတ္ထသာဓကဟုယူ။ အတ္ထသာဓက၌ကား ကာလအမှတ် မရှိဟူလို။ ဤကား အထူး။

၃။ **နိဿဂ္ဂိယ** ကင်းထားရာ အရပ် ကြံရာအရပ်တို့၏ အတွင်း၌ တည်၍ အပသို့ ချလိုက်ခြင်းတည်း။

၄။ **အတ္တသာဓကေ** ဤမည်သောသူ၏ ဘဏ္ဍာကို အကြင်အခါ ယူနိုင်၏၊ ထိုအခါ ဘဏ္ဍာကို ခိုးယူလော့ဟု တပါးသော သူကို စေခိုင်း၏၊ ထိုသို့စေခိုင်းရာ၌ စေခိုင်း အပ်သော သူသည် အန္တရာယ်မရှိသည်ဖြစ်၍ ထိုဘဏ္ဍာကိုအကယ် ၍ ခိုးငြားအံ့။ စေခိုင်းတတ်သော ရဟန်းအား စေခိုင်း ဆဲ ခဏ၌သာလျှင် ပါရာဇိကအာပတ်သင့်၏။ ထိုမှတ ပါး၏ ဆိအိုး၌ တမတ်ထိုက်သောဆီကို မချွတ်သောက် တတ်ကုန်သော ဖိနပ်စသည်တို့ကို ထည့်ငြားအံ့။ လက် မှ လွှတ်ကာမျှသာလျှင် ပါရာဇိက အာပတ်သင့်၏။

၅။ **ဓုရနိက္ခေပ** ယင်းဓုရနိက္ခေပကို အာရာမ်ကို တရားစိစစ် ခြင်း၊ အပ်နှံထားသောဥစ္စာကို ထိမ်ဝှက်ခြင်း၏ အစွမ်း ဖြင့်သိအပ်၏။ တသက်လျှ(ခေတ္တ) ငှားသောဘဏ္ဍာ၊ ဘဏ္ဍာစားကို မပေးသော ရဟန်းအားလည်း ဤနည်း သာလျှင်တည်း။

(ဤသည်ကား သာဟတ္ထိက ပဉ္စကတည်း)

## ၇၁။ ၄။ ပုဗ္ဗပယောဂပဉ္စက၌

၁။ **ပုဗ္ဗပယောဂ** ဟူသည်ကား စေခိုင်းခြင်း အာဏတ္တိက ပင်တည်း။

၂။ **သဟပယောဂ** တည်ရာမှ ရွေ့စေသည်၏ အစွမ်းဖြင့် ငုတ်တံသင်း စသည်တို့ကို ပြောင်းရွှေ့၍ လာဘ်စသည်တို့ကို ယူသည်၏ အစွမ်းဖြင့် သဟပယောဂကို သိအပ်၏။

၃။ **သံဝိဓာဝဟာရ** ဤမည်ရှိသော ဘဏ္ဍာကို ခိုးကုန်အံ့ဟု တိုင်ပင်ညှိနှိုင်းတ်၍ ခိုးခြင်းတည်း။ ဤသို့ တိုင်ပင်ညှိနှိုင်းတ်၍ သွားကုန်သော သူတို့တွင် တယောက်သော ရဟန်းသည်မူလည်း ထိုဘဏ္ဍာကို တည်ရာမှ ရွေ့စေသည်ရှိသော် အလုံးစုံသော ရဟန်းတို့အား ခိုးခြင်းတို့သည် ဖြစ်ကုန်၏။

၄။ **သင်္ကေတကမ္မ** သိစေခြင်းငှာ အမှတ်ပြုခြင်းသည်သင်္ကေတကမ္မမည်၏ (အမှတ်ပြုပုံ) နံနက်အခါ စသည်တို့တွင် အမှတ်မထား တပါးပါးသော အခါကို ပိုင်းခြား၍ ဤမည်သောအခါ၌ ဤမည်သော ဘဏ္ဍာကို ခိုးလော့ဟု ဆိုအပ်သည်ရှိသော် အချိန်းအချက် ပြုရာကာလမှ မရှေးမနှောင်းပဲ ထိုချိန်းချက်အပ်သောဥစ္စာကို ခိုးငြားအံ့၊ ချိန်းချက်ခြင်းကို ပြုသောရဟန်းအား ချိန်းချက်ခြင်းကို ပြုသောခဏ၌သာလျှင် ခိုးခြင်းဖြစ်၏။

၅။ **နိမိတ္တကမ္မ** အမှတ်ဖြစ်စိမ့်သောငှာ မျက်စိမှိတ်ခြင်း အစရှိသည်ဖြင့် နိမိတ်ကို ပြုခြင်းသည် နိမိတ္တ ကမ္မမည်၏။ (နိမိတ်ပြုပုံကား) ဤသို့ပြုအပ်သော နိမိတ်မှ မရှေးမနှောင်းပဲ့ အကြင်ဘဏ္ဍာကို ခိုးလော့ဟု ဆိုအပ်

သောသူသည် ထိုဘဏ္ဍာကိုအကယ်၍ ခိုးငြားအံ့။ နိမိတ်ပြုသောရဟန်းအား နိမိတ်ပြုဆဲခဏ၌သာလျှင် ခိုးခြင်းသည်ဖြစ်၏။

ဤသည်ကား ပုဗ္ဗပယောဂပဉ္စကတည်း)

## ၇၂။ ၅။ ထေယျာဝဟာရပဉ္စက၌

**ထေယျာဝဟာရ** အကြင်သူသည် နံရံဖေါက်ခြင်း စသည်ကိုပြု၍ မထင်ရှားသည် ဖြစ်၍ ဆောင်ယူ၏၊ တောင်းစဉ်းလဲ တင်းစဉ်းလဲ အသပြာစဉ်းလဲ အစရှိသည်တို့ဖြင့်မူလည်း လှည့်ပတ်၍ယူ၏ ဤသို့ ယူသောသူ၏ခိုးခြင်းကို ထေယျာဝဟာရဟု ဆိုအပ်၏။

**အဝိပ္ပါယ်အကျယ်** ကူဋမာန် ကူဋကဟာပဏာဒိဟိ ဟူသောပုဒ်တို့၌ ကူဋမာနသည် (၁) ဟဒယဘေဒ (၂) သိခါဘေဒ၊ (၃) ရဇ္ဇုဘေဒ အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် (၁) ဟဒယဘေဒဟူသည်ကား ဆီကျည်(ဆီဗူး)စသည်ကိုအပေါက်ပြု၍ခြင်းတည်း (ယင်းသို့ပြု၍) ဆီ ထောပတ် စသည်ကိုမိမိယူသောကာလ၌ အောက်အပေါက်ဖြင့် ယိုစေ၍ဖြည်းဖြည်းလောင်းလော့ဟု ဆို၍ယူ၏။ သူတပါးအားပေးသောကာလ၌ ထိုအပေါက်ကိုပိတ်၍ အဆောတလျှင် ပြည့်စေ၍ ပေး၏။

**သိခါဘေဒ ဟူသည်ကား** နှမ်းဆန် စသည်ကို ခြင်သော ကာလ၌ မိမိ ယူသည်ရှိသော် ဖြည်းဖြည်း အဦးကိုနှိပ်၍ ယူခြင်း၊ သူတပါးအား ပေးသည်ရှိသော် အဆောတလျင် ပြည့်စေ၍ အဦးကိုဖြတ်၍ ပေးခြင်းတည်း။

**ရဇ္ဇုဘေဒဟူသည်ကား** လယ်ယာစသည်တို့ကို မိမိ ယူသည် ရှိသော် ကျယ်သော မြေအရပ်ကို အကျဉ်းပြု၍ ကြိုးတောင်တာတို့ဖြင့် နှိုင်းရှည်ခြင်း၊ သူတပါးအား ပေးသည်ရှိသော် ကျဉ်းသောမြေကို အကျယ်ပြု၍ တောင်တာခြင်းတည်း။

ဤသည်ကား ကူဋဘေဒတည်း

**ကူဋကဟာပဏ ဟူသည်ကား** ကြေးဖြူ ကြေးနီစသည်တို့ဖြင့် ပြုသော အသပြာတည်း၊ အာဒိသဒ္ဒါဖြင့် တုလာကူဋ ကံသကူဋ ဝဉ္စန စသည်တို့ကိုယူ။ ဤအာဒိသဒ္ဒါ၏ အကျိုး၌ တုလာကူဋသည် (၁) ရူပကူဋ (၂) အင်္ဂကူဋ (၃) ဂဟဏကူဋ (၄) ပဋိစ္ဆန္နကူဋ-ဟု လေးပါးရှိ၏။

ထိုတွင် (၁) ရူပကူဋ ဟူသည်ကား အလေးစဉ်းချိန်တို့ကို အကြီးအငယ် သဏ္ဌာန်တူလုပ်၍ ယူသောကာလ၌ အကြီးဖြင့်ယူခြင်း၊ ပေးသောကာလ၌ အငယ်ဖြင့်ပေးခြင်းတည်း။

(၂) **အင်္ဂကုဋ္ဋ ဟူသည်ကား** ယူသော ကာလ၌ စဉ်းချိန် တို့ကို နောက်အဖို့၌ နှိပ်ခြင်း၊ ပေးသော ကာလ၌ ရှေးအဖို့၌ နှိပ်ခြင်းတည်း။

(၃) **ဂဟဏကုဋ္ဋဟူသည်ကား** ယူသော ကာလ၌ ကြိုးရင်း၌ကိုင်ခြင်း, ပေးသောကာလ၌ ကြိုးဖျား၌ ကိုင်၍ပေးခြင်းတည်း။

(၄) **ပဋိစ္ဆန္နကုဋ္ဋ ဟူသည်ကား** စဉ်းချိန် တို့ကို အခေါင်းပြု၍ အတွင်း၌ သံမှုန့်စသည်တို့ကို ထည့်၍ယူသောကာလ၌ထိုသံမှုန့်ကိုနောက်အဖို့၌ပြုခြင်း၊ ပေး သောကာလ၌ ရှေ့အဖို့၌ ပြုခြင်းတည်း။ ဤကား တုလာကုဋ္ဋ လေးမျိုးတည်း။

**ကံသကုဋ္ဋ ဟူသည်ကား** ရွှေခွက်တခု ထိုရွှေခွက်နှင့် အဆင်းသဏ္ဍာန် တူသော ကြေးခွက်နှစ်ခုသုံးခုလုပ်၍ တပါးသော အရပ်သို့ သွား၍ ရောင်းသောကာလ၌ ရွှေခွက်ကို အသွေးခံ၍ ခွက်အားလုံးကို ရောင်းခြင်းတည်း။

**ဝဉ္စနဟူသည်ကား** ထိုထိုသို့သောပရိယာယ်မာယာ တို့ ဖြင့် လှည့် ပတ် ခြင်း တည်း။ သမင် ရောင်းသော မုဆိုး ဝတ္ထုကဲ့သို့တည်း၊ ဤကား ထေယျာဝဟာရ အဓိပ္ပါယ် အကျယ်တည်း။

၂။ **ပသယှာဝဟာရ** အကြွင်သူသည်ကား ရှာကို ဖျက်သောခိုးသူ စသည် တို့ ကဲ့သို့ နှိပ်စက်၍ အားရှိ အားမဲ့ ပြုသဖြင့် သူတပါးတို့၏ ဥစ္စာကိုယူ၏'မင်းခယောကျ်ား စသည်တို့ကဲ့သို့ မိမိအား ရောက်သော အခွန် အတုတ် ထက်မူလည်း ဆိုအပ်ပြီး သော နည်းဖြင့် သာလျှင် အလွန်ကိုယူ၏၊ဤသို့ယူသော သူ၏ ခိုးခြင်းကို ပသယှာဝဟာရဟူ၍ ဆိုအပ်၏။

၃။ **ပရိကပ္ပါဝဟာရ** ယင်းပရိကပ္ပါဝဟာရဟူသည် ကား ဘဏ္ဍာကိုကြံခြင်း၊ အရပ်ကိုကြံခြင်း ၏ အစွမ်းဖြင့် နှစ်ပါးအပြား ရှိ၏ ထို နှစ်ပါး တို့တွင် ဤဆိုလတ္တံ့သည်ကား ဘဏ္ဍာကို ကြံခြင်းတည်း၊ပုဆိုးကို အလိုရှိသော ရဟန်းသည် တိုက်ခန်းတွင်းသို့ဝင်၍ ပုဆိုး သည် အကယ်၍ ဖြစ်ငြားအံ့၊ ယူအံ့၊ ချည်သည်အကယ် ၍ ဖြစ်ငြားအံ့ မယူအံ့။ ဤသို့ကြံ၍ အမိုက်မှောင်၌ ပခြုပ်ကိုယူ၏။ ထိုပခြုပ်၌ ပုဆိုးသည် အကယ်၍ဖြစ်အံ့၊ မြှောက်ချီသော ခဏ၌သာလျှင် ပါရာဇိက အာပတ်သင့် ၏။ ချည်သည် ဖြစ်ငြားအံ့၊ စောင့်သေး၏၊ အပသို့ထုတ် ၍ ဖြေ၍ ချည်ဟုသိ၍ တဖန် ဆောင်၍ ထားငြားအံ့၊ စောင့်သေးသည်သာ၊ ချည်ဟု သိသော်လည်း အကြွင် ဝတ္ထုကိုရအပ်၏၊ ထိုဝတ္ထုကိုယူအပ်၏ဟု သွားငြားအံ့၊ ခြေကြွခြင်းဖြင့် ဆုံးဖြတ်အပ်၏၊ (နှစ်ခု မြှောက်သော ခြေကိုချီကြွအံ့၊ ပါရာဇိကရောက်၏ ဟူလိုသည်၊မြေ၌မချ သောဘဏ္ဍာကိုရည်သည်) မြေ၌ထား၍ ယူငြားအံ့၊ချီကြွ သော်ခဏ၌ ပါရာဇိက အာပတ်သင့်၏။

ခိုးသူ ခိုးသူဟု လိုက်သည်ရှိသော် စွန့်၍ပြေးပြေးသွားအံ့၊ စောင့်သေး၏။ ဥစ္စာရှင်တို့သည် မြင်၍ ယူကုန် သွားအံ့ စောင့်သေးသည်သာလျှင်တည်း၊ ဥစ္စာရှင်မှတပါး တစုံ တယောက်သောသူသည် ယူသွားအံ့၊ ဘဏ္ဍာ စားထိုက်၏။ ဥစ္စာရှင်တို့ ပြန်ကုန်သည် ရှိသော် မိမိသည် မြင်၍ မုံသုကူဟူသော အမှတ်ဖြင့် ယူသော ရဟန်းအားလည်း ကောင်း၊ ရှေးအဖို့ကလျှင် ဤဝတ္ထုကို ငါသည်ယူအပ်ပြီ၊ ယခုငါ၏ဥစ္စာတည်းဟု နှလုံးသွင်း၍ယူသောရဟန်း အားလည်းကောင်း ဘဏ္ဍာ စားထိုက် သည်သာလျှင် တည်း။ ဤသို့ ဘဏ္ဍာကိုကြံ၍ ခိုးခြင်းသည် ဘဏ္ဍ ပရိကပ္ပမည်၏။

ဩကာသရိကပ္ပံကား ဤသို့တည်း၊ အချို့သော ရဟန်းသည် တပါးသော ပရိဝုဏ်စသည်တို့သို့ ဝင်သည်ရှိသော် တစုံတခုသော တပ်မက်ဖွယ်ရာ ဘဏ္ဍာကိုမြင်၍ တိုက်တံခါး မုခ်ဦး၊ ပြာသာဒ်အောက်တံခါးခုံ သစ်ပင် ရင်းစသည်တို့၏ အစွမ်းဖြင့် အပိုင်းအခြားကိုပြု၍ ငါ့ကို အတွင်း၌ အကယ်၍ မြင်ကုန်သွားအံ့၊ ရှုလိုသည်၏အဖြစ် ဖြင့် ကိုင်၍ သွားသကဲ့သို့ ပေးအံ့၊ အကယ်၍ မမြင်ကုန် သွားအံ့၊ ဆောင်ယူအံ့ဟုကြံ၏။ ထိုရဟန်းအား ထိုဘဏ္ဍာ ကိုယူ၍ကြံသော အပိုင်းအခြားကို လွန်ကာမျှ၌ ခိုးခြင်း သည်ဖြစ်၏၊ ဤသို့ ဆိုအပ်သောနည်းဖြင့် ဖြစ်သော ခိုး ခြင်းသည် ဩကာသပရိကပ္ပမည်၏။ ဤနှစ်ပါးသော ကြံခြင်းတို့၏ အစွမ်းဖြင့်ကြံ၍ ယူသောရဟန်း၏ ခိုးခြင်း ကို ပရိကပ္ပါဝဟာရဟု သိအပ်၏။

၄။ ပရိစ္ဆိန္နာဝဟာရ အကြင်ရဟန်းသည် ဥယျာဉ်စသည်တို့၌ သူတပါးတို့ချတ်၍ ထားအပ်သော လက်စွပ် စသည်ကို မြင်၍ နောက်မှ ယူအံ့ဟု မြေဖြင့် လည်း ကောင်း၊ သစ်ရွက် ဖြင့် လည်း ကောင်း ဖုံးလွှမ်း၏။ ထိုရဟန်း၏ ဤမျှဖြင့် ချီကြွခြင်း သည်မရှိ၊ ထို့ကြောင့် ခိုးခြင်းသည် မဖြစ်သေး။ အကြင်အခါ၌ကား အရှင်တို့သည် စူးစမ်း ရှာဖွေ ကုန်သည်ရှိသော် မမြင်မူ၍ နက်ဖြန်သိရအောင် ပြုကုန်အံ့ဟု အာလယနှင့်တကွသာလျှင်သွားကုန်အံ့၊ ထိုနောက်မှ ထိုရဟန်း အား ထိုလက်စွပ်စသည်ကို ချီကြွသည် ရှိသော် ခိုးခြင်း သည်ဖြစ်၏။

ဖုံးလွှမ်းသော ကာလ၌ပင်လျှင် ထိုဝတ္ထုသည် ငါ၏ ဥစ္စာတည်း ဤသို့သော အမှတ်ဖြင့်လည်းကောင်း၊ ယခု အခါ၌ ထိုဥစ္စာရှင်တို့သည် သွားလေကုန်ပြီ ဤဝတ္ထု သည် စွန့်အပ်သော ဘဏ္ဍာတည်း ဤသို့ ပံသုကူအမှတ် ဖြင့်လည်းကောင်း ယူသော ရဟန်းအား ဘဏ္ဍာ စား ထိုက်သည်သာလျှင်တည်း။ ထိုဥစ္စာရှင်တို့သည် ဒုတိယ တတိယနေ့၌လာ၍ စူးစမ်းရှာဖွေ၍ မမြင်သောကြောင့် ဝန်ချခြင်းကို ပြု၍သွားကုန်သော်လည်း ယူအပ်သည်ရှိ သော် ဘဏ္ဍာစားထိုက်ကုန်သည်သာလျှင်တည်း။ နောက် မှသိ၍ တောင်းသည်ရှိသော် မပေးသော ရဟန်းအား ဥစ္စာရှင်တို့ ဝန်ချခြင်းကြောင့် ခိုးခြင်း ဖြစ်၏။ အဘယ် ကြောင့်နည်း ဟူမူကား ထိုရဟန်း၏ လုံ့လကြောင့် ထိုဥစ္စာရှင်တို့ မမြင်ခြင်းကြောင့် ဘဏ္ဍာစားထိုက်သည် သာတည်း။

အကြင် ရဟန်း သည်ကား ထိုသို့ သဘော ရှိသော ဘဏ္ဍာကို တည်မြဲတိုင်း၌ တည်သည် ကိုသာလျှင် မဖုံးလွှမ်းပဲ ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ခြေဖြင့် နင်း၍ ညွှန်၍လည်းကောင်း၊ သဲ၌လည်းကောင်း သွင်းငြားအံ့၊ ထိုရဟန်းအား သွင်းကာမျှ၌ သာလျှင် ခိုးခြင်းသည် ဖြစ်၏၊ (အောက်အစွန်းဖြင့် ထိရာအရပ်ကို အထက်အစွန်းဖြင့် လွန်စေကာမျှ ခိုးခြင်းမြောက်၏ ဟူလို)။

၅။ **ကုသာဝဟာရ** ယင်းခိုးခြင်းကား အကြင် ရဟန်းသည် ဝါးဖြင့် ဖြစ်ေးသည်လည်းဖြစ်သော ထန်းရွက် စသည်ဖြင့် ဖြစ်ေးသည်လည်းဖြစ်သော (စက္ကူဖြင့်ဖြစ်စေ) ပြုအပ်သော အမှတ်တို့တွင် တစုံတခုသော ကမ္ဗည်းတန်ကို ချ၍ (မချ၍) သက်န်းကို ဝေဘန်အပ်သည်ရှိသော် မိမိအဖို့၏ အနည်း၌တည်သော အဖိုး နည်းထိုက် သည်လည်း ဖြစ်သော အဖိုးအားဖြင့် တူသည်လည်းဖြစ်သော သူတပါး၏အဖို့ကို ဆောင်လိုသည်ဖြစ်၍ မိမိအဖို့၌ကျသော ကမ္ဗည်းကို သူတပါး၏ အဖို့၌ ချသည်ဖြစ်၍ ချီငြားအံ့ စောင့်သေး၏။ သူတပါး၏အဖို့၌ ချငြားအံ့ စောင့်သေးသည်သာတည်း၊ အကြင်အခါ၌ မိမိကမ္ဗည်းကို သူတပါးအဖို့၌ ချပြီးသည်ရှိသော် သူတပါးအဖို့မှ ကမ္ဗည်းကို ချီကြွငြားအံ့ ချီကြွကာမျှ၌ ခိုးခြင်းသည် ဖြစ်၏။

အကယ်၍ ရှေးဦးစွာ သူတပါး၏အဖို့မှ ကမ္ဗည်းကို ချိုကြွပြီးအံ့။ မိမိ၏အဖို့၌ ချလိုသောကြောင့်ချိုကြွခြင်း ၌ စောင့်သေး၏။ မိမိအဖို့၌ ချခြင်း၌ စောင့်သေး၏၊ မိမိ အဖို့မှ မှကား မိမိ၏ ကမ္ဗည်းကိုချိုကြွသော ရဟန်းအား ချိုကြွခြင်း၌ သာလျှင် စောင့်သေး၏ ထိုမိမိကမ္ဗည်းကို ချိုကြွ၍ သူတပါးအဖို့၌ ချသော ရဟန်းအား လက်မှ လွတ်ကာမျှ၌ ခိုးခြင်းသည်ဖြစ်၏။

ဤသည်ကား ထေယျာဝဟာရပဉ္စကတည်း။

ဤသည်လျှင် ခိုးခြင်း ၂၅-ပါးသရုပ်နှင့် အဓိပ္ပါယ် ကို ကင်္ခါဝိတရဏီအဋ္ဌကထာလာရှိတိုင်း အကျဉ်းမျှ ပြ ဆိုခြင်းတည်း (ကျယ်ဝန်း နက်နဲ စွာသော ခိုးခြင်း အဓိပ္ပါယ်ကို ဆိုင်ရာပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့မှာ ရှုပါလော့)။

## ၇၃။ မနုဿဝိဂ္ဂဟအတွက် အမြွက်မျှပြဆိုချက်

မနုဿဝိဂ္ဂဟ သိက္ခာပုဒ် သိမ်မွေ့ပုံကို ပြဆိုလျှင် များ စွာ ကျယ်ဝန်းနေပေလိမ့်မည်။ သို့ဖြစ်၍ဆိုင်ရာကျမ်းဂန် များမှာ ကြည့်ရှုလွယ်ရန် လိုအပ်ချက်များကို အမြွက်မျှ ညွှန်ပြပါမည်။

### ပါဏာတိပါတ ပယောဂ ၆-ပါး

ပါဏာတိပါတဿ ပယောဂေါတိ ပါဏာတိပါတဿ ဆ ပယောဂါ သာဟတ္ထိကော၊ အာဏတ္တိကော၊ နိဿဂ္ဂိ

ယော၊ ထာဝရော၊ ဝိဇ္ဇာမယော၊ ဣဒ္ဓိမယောတိ။

(ပါရာဇိကကဏ္ဍ ဋ္ဌ တတိယပါရာဇိက)

ဝတ္ထုံ ကာလဥ္စ ဩကာသံ၊ အာဝုဓံ ဣရိယာပထံ။
တုလယိတွာ ပဉ္စ ဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော။
ဝတ္ထု ကာလော စ ဩကာသော၊ အာဝုဓံ ဣရိယာ
ပထော။ ကိရိယာဝိသေသောတိ ဣမေ၊ဆ အာဏတ္တိ
နိယာမကာ။

(ငင်း အဋ္ဌကထာ)

မနုဿဝိဂ္ဂဟာ ဇာတိကပါဏော၊ ပါဏသညိတာ၊
ဝဓကစိတ္တံ၊ ဥပက္ကမော၊ တေန မရဏန္တိ ဣမာ
နေတ္ထ ပဉ္စ အင်္ဂါနိ။
(ကင်္ခါဝိတရဏီ တတိယ ပါရာဇိက)

ယခု ပြဆိုအပ်ပြီးသည်ကား အာပတ္တာဓိကရုဏ်းမှု
အတွက်ကျမ်းဂန်များမှ သာရှိတိုင်းပြဆိုခြင်းပေတည်း။
ဝိဝါဒါဓိကရုဏ်းမှု အတွက် အောက်ဖော်ပြပါ အချက်
များကိုလည်း သိသင့်သိထိုက်ပေ၏။

## သိသင့် သိထိုက်သော အချက်များ

၁။ ဝိသာသဂ္ဂါဟ။
၂။ ပဲဟိဏာစီဝရဒါန။
၃။ သုဒိန္န၊ ဒုဒ္ဒိန္န၊ သုဂဟိတ၊ ဒုဂ္ဂဟိတ။

၄။ သမာနုလာဘ ကထိက။
၅။ အစ္စယဒါန- န ရုဟာန။
၆။ မတသန္တက- ရသူ, ယူသူ။
၇။ ဩဒိဿ အာစိက္ခဏာပတ္တိ။

ယင်းအချက်များကို များသောအားဖြင့် ရှေးဆရာ တော်များ ပိနိဿယ အကျယ် ရေးသား ထားလျက်ရှိ ပေ၏။ သို့ရာတွင် ဆိုင်ရာပါဠိအဋ္ဌကထာ ဋီကာကျမ်း များနှင့် တိုက်ဆိုင်၍ ကြည့်ရှု လေ့လာလိုသည် ရှိသော် ကျမ်းရင်းများကို အလွယ်တကူ ရှာဖွေနိုင်ရန် အထက် ပါအချက်များကို ဆိုင်ရာ အဋ္ဌကထာမှ ညွှန်ကြားချက် နှင့်တကွ ထုတ်ပြထားပေအံ့။ မိမိတို့ လေ့လာလိုသော အခါ ဆိုင်ရာ ပါဠိတော်နှင့် အဖွင့် ဋီကာ များကိုပါ တိုက်ဆိုင်ယှဉ်စပ်၍ ကြည့်ရှုလေ့လာရန်ဖြစ်ပါသည်။

## ၇၄ (၁) ဝိဿာသဂ္ဂါဟ

ဝိဿာသဂ္ဂါဟလက္ခဏံ ပန ဣမိနာ သုတ္တေန ဇာနိတဗ္ဗံ။ "အနုဇာနာမိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတဿ ဝိဿာသံ ဂဟေတုံ၊ သန္ဒိဋ္ဌော စ ဟောတိ၊ သမ္ဘတ္တော စ၊ အာလပိတော စ၊ ဇီဝတိ စ၊ ဂဟိတေ စ အတ္တမနော"တိ။

တတ္ထ သန္ဒိဋ္ဌောတိ ဒိဋ္ဌမတ္တကမိတ္တော၊ သမ္ဘတ္တောတိ ဒဠှမိတ္တော။ အာလပိတောတိ မမ သန္တကံ ယံ ဣစ္ဆသိ၊

တံ ဂဏှေယျာသိံ၊ အာပုစ္ဆိတွာ ဂဟဏေ ကာရဏံ နတ္ထီတိ ဝုတ္တော။ ဇီဝတီတိ အနုဋ္ဌာနသေယျာယ သယိတောပိ ယာဝ ဇီဝိတိန္ဒြိယုပစ္ဆေဒံ န ပါပုဏာတိ။ ဂဟိတေ စ အတ္တမနောတိ ဂဟိတေ တုဋ္ဌစိတ္တော ဟောတိ။ ဧဝရူပဿ သန္တကံ ဂဟိတေ မေ အတ္တမနော ဘဝိဿတီတိ ဇာနန္တေန ဂဟေတုံ ဝဋ္ဋတိ။ အနဝသေသ ပရိယာဒါနဝသေန စေတာနိ ပဉ္စင်္ဂါနိ ဝုတ္တာနိ။ ဝိဿာသဂ္ဂါဟော ပန တီဟင်္ဂေဟိ ရုဟတိ သန္ဒိဋ္ဌော, ဇီဝတိ, ဂဟိတေ အတ္တမနော။ သမ္ဘတ္တော, ဇီဝတိ, ဂဟိတေ အတ္တမနော။ အာလပိတော, ဇီဝတိ, ဂဟိတေ အတ္တမနောတိ။

ယော ပန န ဇီဝတိ၊ န စ ဂဟိတေ အတ္တမနော ဟောတိ၊ တဿ သန္တကံ ဝိဿာသဂ္ဂါဟေန ဂဟိတမ္ပိ ပုန ဒါတဗ္ဗံ။ ဒဒမာနေန စ မတကဓနံ တာဝ ယေ တဿ ဓနေ ဣဿရာ ဂဟဋ္ဌာ ဝါ ပဗ္ဗဇိတာ ဝါ၊ တေသံ ဒါတဗ္ဗံ။ အနတ္တမနဿ သန္တကံ တဿေဝ ဒါတဗ္ဗံ။ ယော ပန ပဌမံယေဝ သုဋ္ဌု ကတံ တယာ မမ သန္တကံ ဂဏှန္တေနာတိ ဝစီဘေဒေန ဝါ၊ စိတ္တုပ္ပါဒမတ္တေန ဝါ အနုမောဒိတွာ ပစ္ဆာ ကေနစိ ကာရဏေန ကုပိတော၊ ပစ္စာဟရာပေတုံ န လဘတိ။ ယောပိ အဒါတုကာမော စိတ္တေန ပန အဓိဝါသေတိ။ န ကိဉ္စိ ဝဒတိ၊ သောပိ ပုန ပစ္စာဟရာပေတုံ န လဘတိ။ ယော ပန မယာ တုမှာကံ သန္တကံ ဂဟိတံ ဝါ၊ ပရိဘုတ္တံ ဝါတိ ဝုတ္တေ ဂဟိတံ ဝါ ဟောတု ပရိဘုတ္တံ ဝါ၊

မယာ ပန တံ ကေနစိဒေဝ ကရဏီယေန ဌပိတံ၊ ပါကတိကံ ကာတုံ ဝဋ္ဋတီတိ ဝဒတိ။ အယံ ပစ္စာဟရာပေတုံ လဘတိ။

(ပါရာဇိကကဏ္ဍ- ဒုတိယပါရာဇိကအဖွင့်)

## ၇၅။ (၂) ပဟိဏစီဝရဒါန

ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စီဝရံ ပဟိဏတိ ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒေဟီတိ။ သော အန္တရာမဂ္ဂေ ယော ပဟိဏတိ တဿ ဝိဿာသာ ဂဏှာတိ ဒုဂ္ဂဟိတံ၊ ယဿ ပဟီယျတိ တဿ ဝိဿာသာ ဂဏှာတိ၊ သုဂဟိတံ။

သော အန္တရာမဂ္ဂေ သုဏာတိ ယဿ ပဟီယျတိ၊ သော ကာလင်္ကတောတိ၊ တဿ မတကစီဝရံ အဓိဋ္ဌာတိ၊ သွာဓိဋ္ဌိတံ။ (ဝိနည်းမဟာဝါစီဝရက္ခန္ဓက ပါဠိတော် (၄၂၆–၄၂၇)။

## ၇၆။ (၃) သုဒ္ဒိန္နဒုဒိန္န, သုဂဟိတ, ဒုဂ္ဂဟိတ,

ကထံ ပန ဒိန္နံ၊ ဟောတိ ကထံ ဂဟိတံ၊ ဣမံ တုယှံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ ဩဏောဇေမိ၊ ပရိစ္စဇာမိ နိဿဇ္ဇာမီတိ ဝါ၊ ဣတ္ထန္နာမဿ ဒေမိ(ပ) နိဿဇ္ဇာမီတိ ဝါ ဝဒတိ၊ သမ္မုခါပိ ပရမ္မုခါပိ ဒိန္နံယေဝ ဟောတိ။ တုယှံ ဂဏှာဟီတိ ဝုတ္တေ မယှံ ဂဏှာမီတိ ဝဒတိ၊ သုဒိန္နံ သုဂ္ဂဟိတဉ္စ။ တဝ သန္တကံ ကရောဟိ၊ တဝ သန္တကံ ဟောတု၊ တဝ

သန္တကံ ကရိဿသီတိ ဝုတ္တေ မမ သန္တကံ ကရောမိ၊ မမ သန္တကံ ဟောတု၊ မမ သန္တကံ ကရိဿာမီတိ ဝဒတိ၊ ဒုဒ္ဒိန္နံ ဒုဂ္ဂဟိတဉ္စ။ နေဝ ဒါတာ ဒါတုံ ဇာနာတိ၊ န ဣတရော ဂဟေတုံ။ သစေ ပန တဝ သန္တကံ ကရောဟီတိ ဝုတ္တေ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဂဏှာတိ၊ သုဂ္ဂဟိတံ။

(ပါရာဇိကကဏ် ဋ္ဌ-ဒု-နိဿဂ္ဂိယ ပဌမကထိန သိက္ခာပုဒ်။)

သုဒိန္နံ သုဂဟိတဉ္စာတိ ဧတ္ထ ယထာ ပရတော တဝ သန္တကံ ကရောဟီတိ ဝုတ္တေ ဒုဒ္ဒိန္နမ္ပိ သာဓု ဘန္တေ မယှံ ဂဏှာမီတိ ဝစနေန သုဂဟိတံ ဟောတီတိ ဝုတ္တံ။ ဧဝမိဓာပိ တုယှံ ဂဏှာဟီတိ ဝုတ္တေ သုဒိန္နတ္တာ မယှံ ဂဏှာမီတိ အဝုတ္တေပိ သုဒိန္နမေဝါတိ ဝဒန္တိ။

(သာရတ္ထ-ဋီ ဒုတွဲ-၃၉၃)

## ၇၇။ (၄) သမာနလာဘ ကတိက

ကတိကာယာတိ သမာနလာဘကတိကာယ။ တေနေဝါဟ သမ္ဗဟုလာ အာဝါသာ သမာနလာဘာ ဟောန္တိတိ၊ တတြေဝံ ကတိကာ ကာတဗ္ဗာ၊ ကေသ္မိံ ဝိဟာရေ သန္နိပတိတေဟိ ဘိက္ခူဟိ ယံ ဝိဟာရံ သင်္ဂဏှိတုကာမာ သမာနလာဘံ ကာတုံ ဣစ္ဆန္တိ၊ တဿ နာမံ ဂဟေတွာ အသုကော နာမ ဝိဟာရော ပေါရာဏကောတ္တိုဝါဗုဒ္ဓါ-

မိ ဝုဋ္ဌာတိ ဝါ အပ္ပလာဘောတိ ဝါ ယံကိဉ္စိ ကာရဏံ ဝတွာ တံ ဝိဟာရံ ဣမိနာ ဝိဟာရေန သဒ္ဓိံ ဧကလာဘံ ကာတုံ သံဃဿ ရုစ္စတီတိ တိက္ခတ္တုံ သာဝေတဗ္ဗံ။ ဧတ္တာဝတာ တသ္မိံ ဝိဟာရေ နိသိန္နေနာပိ ဣဓ နိသိန္နေန ဝ ဟောတိ၊ တသ္မိံ ဝိဟာရေပိ သံဃေန ဧဝမေဝ ကာတဗ္ဗံ။ ဧတ္တာဝတာ ဣဓ နိသိန္နေနာပိ တသ္မိံ နိသိန္နေန ဝ ဟောတိ၊ ဧကသ္မိံ လာဘေ ဘာဇီယမာနေ ဣတရသ္မိံ ဌိတဿ ဘာဂံ ဂဟေတုံ ဝဋ္ဋတိ။

ဧဝံ ဧကေန ဝိဟာရေန သဒ္ဓိံ ဗဟူပိ အာဝါသာ ဧကလာဘာ ကာတဗ္ဗာ။ (မဟာဝါအဋ္ဌကထာ-စီဝရက္ခန္ဓက ၄၁၉။)

## ၇၈။ (၅) အစ္စယဒါန နရုဟန

သစေ ဟိ ပဉ္စသု သဟဓမ္မိကေသု ယော ကောစိ ကာလံ ကရောန္တော မမစ္စယေန မယှံ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု၊ အာစရိယဿ ဟောတု၊ သဒ္ဓိဝိဟာရိကဿ ဟောတု၊ အန္တေဝါသိကဿ ဟောတု၊ မာတု ဟောတု၊ ပိတု ဟောတု၊ အညဿ ဝါ ယဿ ကဿစိ ဟောတူတိ ဝဒတိ။ တေသံ န ဟောတိ။ သံဃဿေဝ ဟောတိ။ န ဟိ ပဉ္စန္နံ သဟဓမ္မိကာနံ အစ္စယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတိ။

[စူဠဝါ-ဋ္ဌ-ဘိက္ခုနိက္ခန္ဓက။]

## ၇၉ (၆) မတသန္တက·ရသူ·ယူသူ

သစေ ပန် သော ဇီဝမာနေယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတွာ ကဿစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ။ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတိ။ တဿရုစိယာဧဝ ဂိလာနုပဋ္ဌာကာ လဘန္တိ။ အညေသံ အဒတွာ ဒူရေ ဌပိတပရိက္ခာရာပိ တတ္ထ တတ္ထ သံဃဿေဝ ဟောန္တိ။ ဒွိန္နံ သန္တကံ ဟောတိ အဝိဘတ္တံ၊ ဧကသ္မိံ ကာလကတေ ဣတရော သာမီ။ ဗဟူနမ္ပိ သန္တကေ ဧသေဝ နယော။ သဗ္ဗေသု မတေသုသံဃိကံ ဟောတိ။ သစေပိ အဝိဘဇိတွာ သဒ္ဓိံဝိဟာရိကာဒီနံ ဒေန္တိ၊ အဒိန္နမေဝ ဟောတိ။ ဝိဘဇိတွာ ဒိန္နံ ပန သုဒိန္နံ။ တံ တေသု မတေသုပိ သဒ္ဓိဝိဟာရိကာဒီနံယေဝ ဟောတိ၊ န သံဃဿ။

[(ဝိမဟာဝါအဋ္ဌကထာပါဠိ စီဝရက္ခန္ဓက။]

(ယင်းစကားဝါကျများ၏အထက်၌မတသန္တကပစ္စည်း ဝေဘန်ပုံကျယ်ဝန်းစွာတဆက်တည်း ပါဝင်ပါသည်)။

## ၈၀ (၄) ဩဒိဿအာစိက္ခဏာဒ်ပတ္တိ

ဣဒါနိ ယထာ ယာစိတာ ရက္ခာ ဓမ္မိကာ ဟောတိ၊ တံ ဒဿေတုံ အနောဒိဿ အာစိက္ခတီတိ အာဟ။ တတ္ထ အတီတံအာရဗ္ဘ အတ္ထိ၊ ဩဒိဿအာစိက္ခနာ၊ အတ္ထိ အနောဒိဿ အာစိက္ခနာ၊ အနာဂတံ အာရဗ္ဘာပိ အတ္ထိ ဩဒိဿ အာစိက္ခနာ၊ အတ္ထိ အနောဒိဿအာစိက္ခနာ။

ကထံ အတီတံ အာရဗ္ဘ ဩဒိဿအာစိက္ခနာ ဟောတိ။ ဘိက္ခုနုပဿယေ ဂါမဒါရကာ ဓုတ္တာဒယော ဝါ ယေ ကေစိ အနာစာရံ ဝါ အာစရန္တိ၊ ရုက္ခံ ဝါ ဆိန္ဒန္တိ၊ ဖလာဖလံ ဝါ ဟရန္တိ၊ ပရိက္ခာရေ ဝါ အစ္ဆိန္ဒန္တိ၊ ဘိက္ခုနီ ဝေါဟာရိကေ ဥပသင်္ကမိတွာ အမှာကံ ဥပဿယေ ဣဒံ နာမ ကတန္တိ ဝဒတိ။ ကေနာတိ ဝုတ္တေ အသုကေန စ အသုကေန စာတိ အာစိက္ခတိ။ ဧဝံ အတီတံ အာရဗ္ဘ ဩဒိဿအာစိက္ခနာ ဟောတိ၊ သာ န ဝဋ္ဋတိ။ တဥ္စ သုတွာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗံ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ ဒဏ္ဍံ ဂဏှိဿန္တီတိ အဓိပ္ပါယေပိ သတိ ဂီဝါယေဝ ဟောတိ။ သစေပန တဿ ဒဏ္ဍံ ဂဏှာထာတိ ဝဒတိ၊ ပဥ္စမာသကမတ္တေ ဂဟိတေ ပါရာဇိကံ ဟောတိ။

ကေနာတိ ဝုတ္တေ ပန အသုကေနာတိ ဝတ္တုံ အမှာကံ န ဝဋ္ဋတိ။ တုမှေယေဝ ဇာနိဿထ။ ကေဝလံ ဟိ မယံ ရက္ခံ ယာစာမ၊ တံ နော ဒေထ၊ အဝဟဋဘဏ္ဍဉ္စ အာဟရာပေထာတိ ဝတ္တဗ္ဗံ။ ဧဝံ အနောဒိဿအာစိက္ခနာ ဟောတိ၊ သာ ဝဋ္ဋတိ။ ဧဝံ ဝုတ္တေ သစေပိ တေ ဝေါဟာရိကာ ကာရကေ ဂဝေသိတွာ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗံ သာပတေယျမ္ပိ ဂဟိတံ ဘိက္ခုနိယာ နေဝ ဂီဝါ န အာပတ္တိ။

ပရိက္ခာရံ ဟရန္တေ ဒိသွာ တေသံ အနတ္ထကာမတာယ စောရော စောရောတိ ဝတ္တုမ္ပိ န ဝဋ္ဋတိ။ ဧဝံ

ဝုတ္တေပိ ဟိ ယံ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗမ္ပိ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ အတ္တနော ဝစနကရံ ပန ကုမိနာ မေ ပရိက္ခာရေ ဂဟိဟော၊ တံ အာဟရာပေဟိ၊ မာ စဿ ဒဏ္ဍံ ကရောဟီတိ ဝတ္တုံ ဝဋ္ဋတိ။ ဒါသဒါသီ ဝါပိအာဒီနံ အတ္ထာယ အဍ္ဍံ ကရောန္တိ၊ အယံ အကပ္ပိယ အဍ္ဍော နာမ န ဝဋ္ဋတိ။

ကထံ အနာဂတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတိ၊ ဝုတ္တနယေနေဝ ပရေဟိ အနာဝစာရဒီသု ကတေသု ဘိက္ခုနီ ဝေါဟာရိကေ ဧဝံ ဝဒတိ၊ အမှာကံ ဥပဿယေ ကူဒဍ္ဎိဒဍ္ဎ ကရောန္တိ၊ ရက္ခံ နော ဒေထ အာယတိံ အကရဏတ္ထာယာတိ။ ကေန ဧဝံ ကတန္တိ ဝုတ္တေ စ အသုကော စ အသုကော စာတိ အာစိက္ခတိ၊ ဧဝံ အနာဂတံ အာရဗ္ဘ ဩဒိဿ အာစိက္ခနာ ဟောတိ၊ သာပိ န ဝဋ္ဋတိ။ တေသံ ဟိ ဒဏ္ဍေ ကတေ ပုရိမနယေနေဝ သဗ္ဗံ ဘိက္ခုနိယာ ဂီဝါ၊ သေသံ ပုရိမသဒိသမေဝ။

သစေ ပန ဝေါဟာရိကာ ဘိက္ခုနုပဿယေ ဧဝရူပံ အနာစာရံ ကရောန္တာနံ ကုမံ နာမ ဒဏ္ဍံ ကရောမာတိ ဘေရိံ စရာပေတွာ အာဏာယ အတိဋ္ဌမာနေ ပရိယေသိတွာ ဒဏ္ဍံ ကရောန္တိ၊ ဘိက္ခုနိယာ နေဝ ဂီဝါ နံ အာပတ္တိ။

ယော စာယံ ဘိက္ခုနီနံ ဝုတ္တော၊ ဘိက္ခူနမ္ပိ သောဝ နယော။ ဘိက္ခုနောပိ ဟိ ဩဒိဿ အာစိက္ခနာ န ဝဋ္ဋတိ။

ယံ တထာ အာစိက္ခိတေ ဒုက္ကဋံ ကရောန္တိ၊ သဗ္ဗံ ဂီဝါ ဟောတိ။ ဝုတ္တနယေနေဝ ဒုက္ကဋံ ဂဏှာပေန္တဿ ပါရာဇိကံ။ ယော ပန ဒုက္ကဋံ ကရိဿန္တီတိ ဇာနန္တောပိ အနောဒိဿ ကထေတိ၊ တေ စ ပရိယေသိတွာ ဒုက္ကဋံ ကရောန္တိယေဝ၊ န ဒေါသော။ ဝိဟာရသီမာယ ရုက္ခာဒီနိ ဆိန္ဒန္တာနံ၊ ဝါသိ ပရသုအာဒီနိ ဂဟေတွာ ပါသာဏေဟိ ကောဋေန္တိ၊ န ဝဋ္ဋတိ။ သစေ ဓာရာ ဘိဇ္ဇတိ ကာရာပေတွာ ဒါတဗ္ဗာ။ ဥပဓာဝိတွာ တေသံ ပရိက္ခာရေ ဂဏှန္တိ၊ တမ္ပိ န ကာတဗ္ဗံ။ လဟုပရိဝတ္တံ ဟိ စိတ္တံ။ ထေယျစေတနာယ ဥပ္ပန္နာယ မူလစ္ဆေဇ္ဇမ္ပိ ဂစ္ဆေယျ။

[ဘိက္ခုနီဝိဘင်္ဂပထမသံဃာဒိသေသ·အဋ္ဌကထာ။]

***

# နိဂုမာသိသ လင်္ကာ

❋❋✻❋❋

အနုဝိဇ္ဇက သမ္မုရသည့် ပိယသိက္ခာ ထေရ်သံဃာတို့ ဓမ္မာဓမ္မ သဘာဝကို နှိုင်းဆ ဖန်ခါ စိစစ်ကာလျှင် ပြဿနာရှုတ်တွေး ညစ်အကြေးကို ဆေးကြောသုတ်သင် လွန်သန့်ငင်၍ ကြည်လင်စေရန် ဓမ္မကံဖြင့် စီမံပိုင်းခြား ဆုံးဖြတ်ထား၍ ဘုရားမြတ်စွာ သာသနာကား မှုန်လွှာညစ်ကြေး အပြစ်ဘေးမှ ကင်းဝေး သန့်စင် စန်းရောင် သွင်သို့ ကြည်လင် အေးမြ လွန်ထွန်းပ၍ ဓုဝခိုင်တည် ပြန့်ပွားစည်သည် ရှည်ကာလ လင်းစေသော်။

၁၃၄၂-ခု၊ နတ်တော်လပြည့်ကျော် ၁၂-ရက်၊

(၃-၁-၈၁) စနေနေ့ပြီးသည်။

သစ္စာမဏ္ဍိုင်စာပေ

သစ္စာမဏ္ဍိုင်စာအုပ်ဆိုင်

အမှတ်-၂၊ ရွှေတိဂုံဘုရားဈေး

ဒဂုံစာတိုက်၊ ရန်ကုန်မြို့။